ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (7-10-2015) (၈၃၄၆)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတကာရှိ အဆင့်မီတက္ကသိုလ်ကြီးများ၏ နည်းပညာနှင့် အတွေ့အကြုံများကို ရယူပြီး မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် ပြန်လည်အသုံးချဆောင်ရွက်သွားကြရမည်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြန်မာအမျိုးသားလေကြောင်းဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ရောက်ရှိကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည့် မကွေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့မှ မြန်မာ အမျိုးသားလေကြောင်းဖြင့် ဆက်လက်ထွက်ခွာရာ ပခုက္ကူမြို့သို့ ရောက်ရှိကြပြီး ပခုက္ကူတက္ကသိုလ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးတက္ကသိုလ်တွင် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နယူးဇီလန်နိုင်ငံ၏ နည်းပညာပံ့ပိုးကူညီမှုများကြောင့် ညောင်ပင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း ပိုမိုအောင်မြင်တိုးတက်လျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၆**

မြန်မာ- နယူးဇီလန် ကောင်းမွန်သော နို့စားနွား မွေးမြူရေးလုပ်ငန်းစီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် နယူးဇီလန်နိုင်ငံ၏နည်းပညာပံ့ပိုးကူညီမှုများကြောင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာတွင် ဒေသခံမွေးမြူရေးလုပ်ငန်းရှင်တစ်ဦး လုပ်ကိုင်နေသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းမှာ ယခင်ကထက် ပိုမိုအောင်မြင်တိုးတက်လျက်ရှိကြောင်း သိရသည်။

"အရင်တုန်းကတော့ နို့စားနွားမွေးမြူရေးလုပ်ငန်းကို နွားကောင်ရေ ၇၀၀ ကျော်လောက်နဲ့ သမားရိုးကျလုပ်ကိုင်ခဲ့တယ်။ နွားတွေအားလုံးက ဖရီရှန် နို့စားနွားမျိုးတွေချည်းပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲကျော်လောက်က နယူးဇီလန်နိုင်ငံက မွေးမြူရေးပညာရှင်အဖွဲ့ ရောက်ရှိလာပြီးတော့ နို့စားနွားမွေးမြူရေးလုပ်ငန်းမှာ လိုအပ်တဲ့ နည်းပညာတွေနဲ့ ပစ္စည်းကိရိယာတချို့ကို ပံ့ပိုးကူညီပေးပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ဥယျာဉ်မှူးကောင်းများ ရွှင်သန်ဖွံ့ဖြိုး

စာမျက်နှာ - ၂

မြန်မာရေလုပ်သားများ လစာနှင့် နစ်နာကြေးများရရှိရန် အင်ဒိုနီးရှားရှိ ရေလုပ်ငန်းကုမ္ပဏီတစ်ခုကို တရားစွဲဆိုတော့မည်

စာမျက်နှာ - ၃



အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** ၇-၁၀-၂၀၁၅ [ဗုဒ္ဓဟူးနေ့]

# ဥယျာဉ်မှူးကောင်းများ ရှင်သန်ဖွံ့ဖြိုး

အနာဂတ်အတွက် သားကောင်းရတနာများ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနေကြသူများမှာ မိဘ၊ ဆရာသမားများဖြစ်သည်။ အထူးသဖြင့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးသည်။ ဖယောင်းကဲ့သို့ ပုံသွင်းကောင်းသူများလည်းဖြစ်သည်။ ထိုသို့ပုံသွင်းနိုင်ရန်အတွက် စေတနာ၊ ဝါသနာ၊ အနစ်နာတည်းဟူသော နာသုံးနာကို အရင်းပြုကာ ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင်လည်း ရှေးဦးအစကတည်းက ဆရာ့ဂုဏ်၊ ဆရာ့စိတ်ဓာတ်၊ ဆရာ့ကျင့်ဝတ်များမှာ လေးစားဂုဏ်ယူဖွယ်ရာ ကောင်းလှသည်။ စံနမူနာယူထိုက်သောဆရာ၊ ဆရာမများမှာ အားလုံး တစ်စိတ်တစ်ဝမ်းတည်းသာဖြစ်သည်။ အသပြာဆရာဆိုသည်မှာ ထိုအချိန်က မရှိသလောက်ရှားပါးလှသည်။ တပည့်များအားလုံးအပေါ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော မြင့်မြတ်သော စိတ်ထားများ ထားနိုင်ကြသူများဖြစ်သည်။

စံနမူနာပြုထိုက်သူများဟု ဆိုထိုက်သော ထိုဆရာများမှာ ယခုအခါ သက်ရှိထင်ရှားရှိသူများက အိုမင်းမစွမ်းဖြစ်နေကြပြီ။ ထိုဆရာများအား အသိအမှတ်ပြု ဂုဏ်ပြုကြရန်မှာ မိမိတို့တပည့်များ၏ တာဝန်ပင်ဖြစ်သည်။ ဆရာများက တာဝန်ကျေခဲ့ပြီဖြစ်၍ တပည့်များက တစ်ဖန်ပြန်လည်ကာ ကျေးဇူးသိတတ်ဖို့ဖြစ်သည်။ ယနေ့လူကြီးများ၏ ဆရာများအား အသိအမှတ်ပြုရန် လိုအပ်သလို လက်ရှိဆရာ၊ ဆရာမများအားလည်း အလေးထားရန် လိုအပ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။ အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိနိုင်စေရန် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်နှင့် အရည်အချင်းရှိပြီး စွမ်းရည်ထက်မြက်ကာ ဆရာ့ကျင့်ဝတ်နှင့် ညီညွတ်သည့် ဆရာ ဆရာမများလည်း လိုအပ်နေသည်။

သက္ကရာဇ် ၂၀၃၀ ပညာရေးလုပ်ငန်းစဉ် မူဘောင်ခုနစ်ရပ်တွင် ဆရာ ဆရာမများအား အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းစဉ်များပါဝင်သည်။ ဆရာ ဆရာမများအား အရည်အသွေးမြှင့်တင်ရန် လိုအပ်သလို ဆရာ ဆရာမများ၏ သက်သာချောင်ချိရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်သည်။ နှစ်စဉ်တိုးတက်လာသော ကျောင်းသား ကျောင်းသူအင်အားအချိုးနှင့် ဆီလျော်ကိုက်ညီစေရန် ဆရာ ဆရာမအင်အားများကိုလည်း လုံလောက်စွာ ဖြည့်တင်းပေးနေရမည်ဖြစ်သည်။

မကြာမီကာလတွင် အဆင့်မြင့်ပညာကဏ္ဍ၌ လွတ်လပ်သည့် သင်ကြားသင်ယူမှုစနစ်နှင့် လွတ်လပ်သည့် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးတော့မည်ဖြစ်သည်။ ထိုအခါ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းဆောင်ရည်နှင့် ပညာရေးစီမံခန့်ခွဲမှုစနစ် ကောင်းမွန်ရေးမှာ အရေးပါလာသည်။ ဗဟိုချုပ်ကိုင်မှုမထားတော့ဘဲ တက္ကသိုလ်တစ်ခုချင်းစီအလိုက် သီးခြားရေးဆွဲထားသည့် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအတိုင်း တက္ကသိုလ်ကောင်စီကို ဒီမိုကရေစီ နည်းလမ်းတကျ အဖွဲ့ဝင်များရွေးချယ်၍ စီမံခန့်ခွဲသွားတော့မည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရန် ဆရာ၊ ဆရာများအား အရည်အသွေးမြှင့်တင်ပေးခြင်းနှင့်အတူ လွတ်လပ်သော လုပ်ကိုင်ခွင့်ပေးခြင်းတို့သည် ကောင်းမွန်သည့် အနှစ်သာရဖြစ်သည်။ ထိုအခါ တာဝန်ထမ်းဆောင်နေဆဲ ဆရာ ဆရာများအနေဖြင့် တာဝန်ထမ်းဆောင်ပြီး စံပြုထိုက်သည့် ဂုဏ်ထူးဆောင် ဆရာ ဆရာမကြီးများအား စံနမူနာထားကြရမည်ဖြစ်သည်။

ဆရာဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မြင့်မြတ်သည့် သမ္မာအာဇီဝလုပ်ငန်းအဖြစ်ခံယူကာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းသည် အရည်အချင်းပြည့်ဝသည့် လူတော်လူကောင်းများပေါ်ထွန်းလာအောင် ဆောင်ရွက်ပေးခြင်းဖြစ်၍ လူမှုဘဝနှင့် နိုင်ငံအတွက် ပညာဖြင့်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ဘဝတစ်သက်တာအတွက် သင်ယူသူ၊ သင်ကြားသူ၊ လေ့ကျင့်ပျိုးထောင်ပေးသူအဖြစ် အစဉ်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်၍ စံပြုထိုက်သော၊ လေးစားထိုက်သော ဆရာသမားကောင်းများအဖြစ် အသိအမှတ်ပြုကြမည်ဖြစ်သည်။ ။

# မြန်မာနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေးညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ် ချုပ်ဆိုရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးမင်းလွင်နှင့် မွန်ဂိုလီးယား ကိုယ်စားလှယ်အဖွဲ့ကို မွန်ဂိုလီးယားနိုင်ငံ ကုန်းလမ်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန မဟာဗျူဟာမြောက် မူဝါဒ၊ စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာန အရာရှိချုပ် Mrs. MUNKHTUYA Chimeddorj တို့က ဦးဆောင်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့များအနေဖြင့် လေကြောင်း သဘောတူစာချုပ်၏ နောက်ဆုံးမူကြမ်းကို ညှိနှိုင်းရေးဆွဲသဘောတူညီခဲ့ပြီး ၎င်းစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး လေကြောင်းလိုင်း ပျံသန်းခွင့်များအပေါ်တွင်လည်း သဘောတူညီခဲ့ကြသည်။ **(ကြေးမုံ)**



## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၆**

စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၊ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၊ ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီနှင့် အမျိုးသားညီညွတ်ရေးကွန်ဂရက်တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၇ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော် ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## ပွင့်ဖြူတွင် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၆**

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၂၀၁၅ မိုးသီးနှံစိုက်ပျိုးသော တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၇ ရက်မှစ၍ ကျေးရွာအုပ်စုအလိုက် ထုတ်ချေးပေးခဲ့ရာ ပွင့်ဖြူမြို့နယ်တွင် ရေဘေးသင့်ကြုံတွေ့ခဲ့သဖြင့် သတ်မှတ်ထုတ်ပေးရက် နောက်ကျခဲ့ရပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ်စုအတွက် ချေးငွေကျပ်သိန်းပေါင်း ၄၆၃၄၃ ဒသမ ၆၀ ကို တောင်သူဦးရေ ၁၁၀၆၈ ဦးတို့အား စက်တင်ဘာ ၁၁ ရက်တွင် အပြီးသတ်ထုတ်ချေးပေးနိုင်ခဲ့သည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၄၅၉၈၄ ဧကအတွက် ၄၅၉၈၄ သိန်း၊ နှမ်းစိုက်ပျိုးမြေတစ်ဧကလျှင် နှစ်သောင်းနှုန်းဖြင့် ၁၇၉၈ ဧကအတွက် ငွေကျပ် ၃၅၉ ဒသမ ၆၀ သိန်း စုစုပေါင်း ၄၇၇၈၂ ဧကကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး( ငဖဲ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၉၂၀၀ | - | ၇၈၀၂၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၉၂၀၀ | - | ၇၈၀၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၄၀. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၂. ၄၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၄၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၇၄၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၈. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၀. ၄၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၀. ၉၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၄. ၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမ္မသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ

**☆ နိုင်ငံတကာမှ**

ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည့် ပခုက္ကူမြို့ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲများတွင် မကွေးမြို့နှင့် ပခုက္ကူမြို့ရှိ တက္ကသိုလ်များနှင့် ကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးတို့က တက္ကသိုလ်နှင့် ကောလိပ်ဆိုင်ရာအချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ နှစ်အလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးခဲ့မှု၊ ဘာသာရပ်အလိုက် တက်ရောက်နေသည့် ကျောင်းသား ဦးရေ၊ သင်ထောက်ကူပစ္စည်းရရှိမှုအခြေအနေနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတွေ့ဆုံပွဲများ၌ ဒုတိယသမ္မတက အမှာ စကားပြောကြားရာတွင် ပညာရေးကဏ္ဍတွင် အဆင့်မြင့် ပညာနှင့် အခြေခံပညာရှိပါကြောင်း၊ အဆင့်မြင့်ပညာ တွင်ပါဝင်သည့် တက္ကသိုလ်များ၊ ကောလိပ်များ တိုးတက် ကောင်းမွန်စေရန် ဒီမိုကရေစီအစိုးရတာဝန်ယူပြီး နောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများပြုလုပ်၍ ပညာရှင်များနှင့် အလွှာပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ အကြံဉာဏ်များကို ရယူဆောင် ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် အမျိုးသားပညာရေးဥပဒေ ကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ၏ လိုအပ်ချက်များတွင် ပြည်ထောင်စုအဆင့်မှ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များ ရှိပြီး တချို့ကိစ္စရပ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များ နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၏ အဓိက လိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ ဝန်ထမ်း အိမ်ရာနှင့် ဆရာ ဆရာမ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ သင်ထောက်ကူပစ္စည်းများကိုလည်း ခေတ်နှင့်အညီ အဆင့်မြှင့်တင်ကြရန်လည်း လိုအပ်ပါကြောင်း။

တက္ကသိုလ်များ၊ ကောလိပ်များ၊ ဌာနများအချင်းချင်း ဟန်ချက်ညီဆောင်ရွက်သွားကြမှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ရှိ အဆင့်မီတက္ကသိုလ်ကြီးများ၏ နည်းပညာနှင့် အတွေ့ အကြုံများကိုရယူပြီး မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် ပြန်လည်အသုံးချဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ပပညာတော်သင် စေလွှတ်မှုကန့်သတ်ချက်များကို ဖြေလျှော့ပေးထားပါ ကြောင်း။

အရေးကြီးသည်မှာ တက္ကသိုလ်များ၊ ကောလိပ်များမှ မွေးထုတ်ပေးသည့် ဘွဲ့ရများ၏ အရည်အချင်းပြည့်မီရန် လိုအပ်ပါကြောင်း၊ အရေအတွက်များစွာ မွေးထုတ်ပေး နိုင်ခြင်းထက် အရည်အချင်း၊ အရည်အသွေးပြည့်မီပြီး လက်တွေ့အသုံးချနိုင်သည့် တတ်မြောက်မှုက အရေးကြီးပါ ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကကျပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများ ပေါများပါကြောင်း၊ ယင်းသယံ ဇာတများကို ကောင်းစွာအသုံးချနိုင်ရန် နည်းပညာလိုအပ် ပါကြောင်း၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်၏စီးပွားရေးကောင်းမွန် လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၊ ကောလိပ်များမှ အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန်လိုအပ်ပါ ကြောင်း တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပခုက္ကူမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ ကြသည်။ **(သတင်းစဉ်)**

**✻ နယူးဇီလန်မှ**



အဓိကကတော့ နည်းပညာပါ။ ကျွန်တော့်ခြံမှာရှိတဲ့ နို့ထွက်နှုန်း မကောင်းတော့တဲ့ နို့စားနွားမတွေကို ရောင်းထုတ်ပစ်ဖို့ပြောတယ်။ ပြီးတော့ နို့စားနွားပေါက်ငယ်တွေကို နို့ဦးရည် တိုက်ပေးခိုင်းတယ်။ နွားတစ်ကောင် ချင်းစီရဲ့အခြေအနေကို သိနိုင်ဖို့ မွေးကင်းစကနေစပြီး မှတ်တမ်းတင် ထားခိုင်းတယ်။ နွားတွေရဲ့နွားရွက်မှာ ကတ်ပြား၊ နွားနံပါတ်နဲ့ မွေးသက္ကရာဇ် တွေ မှတ်သားထားပေးခိုင်းတယ်။ နွား တွေကို အစာကျွေးတဲ့နေရာမှာလည်း သူ့အရွယ်နဲ့သူ စံနှုန်းသတ်မှတ်ပြီး တော့ ကျွေးရတယ်။ သူတို့ပြောတဲ့ နည်းစနစ်အတိုင်း လုပ်ကိုင်ခဲ့တာ နို့စားနွားမွေးမြူရေးလုပ်ငန်းက အရင် ထက် ပိုမိုတိုးတက်အောင်မြင်လာပါ တယ်။ နွားကောင်ရေကိုတော့ သူတို့ ပြောတဲ့ နို့ထွက်နှုန်းမကောင်းတဲ့ နွား တွေကို လျှော့ချပစ်တာမို့ အကောင် ၂၂၀ ပဲ လက်ရှိမွေးမြူထားတယ်။ ကျွန်တော့်ခြံက နွားတွေကို နိုင်ငံခြားက မျိုးချောင်းတွေနဲ့ မျိုးစပ် တာများတယ်။ မျိုးအောင်နှုန်းလည်း ကောင်းတယ်။ နွားပေါက်ငယ်တွေကို မိခင်နို့ဦးရည်ကို နို့ဘူးနဲ့ တိုက်ပေး တာမို့ အသေအပျောက်နှုန်းလည်း လျော့နည်းသွားတယ်" ဟု ၎င်း နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်းက ပြောသည်။

၎င်းနို့စားနွားမွေးမြူရေးလုပ်ငန်း တွင်မွေးမြူထားသည့် နွားများကို ကျွေးမွေးရန်အတွက် နေပီယာမြက် များကို ဧက ၂၀ ခန့် စိုက်ပျိုးထားရှိပြီး တချို့နို့စားနွားများကို နယူးဇီလန် နိုင်ငံမှ ကူညီပံ့ပိုးသည့် နည်းပညာ တစ်ခုဖြစ်သော လျှပ်စစ်ခါတ် အားလွှတ် စားကျက်လွှတ်ကျောင်း စနစ်ဖြင့် မွေးမြူထားကြောင်းလည်း သိရသည်။

"ခြံက နွားတွေအတွက် နေပီယာ၊ ပတ်ချောင်မြက်မျိုးတွေကို ဧက ၂၀ လောက် စိုက်ပျိုးထားပါတယ်။ နွားစာ အတွက်လည်း မပူမပင်ရတော့အောင် ပါ။ ပြီးတော့ တချို့နို့စားနွားတွေ ကို စားကျက်လွှတ်ကျောင်းစနစ်နဲ့ စားကျက်မြက်တွေ စိုက်ပျိုးထားတဲ့ နေရာမှာ လွှတ်ကျောင်းမွေးမြူထား တယ်။ စားကျက်မြက်တွေ စိုက်ပျိုး ထားတဲ့နေရာကို လျှပ်စစ်ခါတ်အား လွှတ်တဲ့ ဖိုက်ဘာကြိုးတွေဝိုင်းပတ် ထားပြီး အဲဒီအထဲမှာ နို့စားနွားတွေကို လွှတ်ကျောင်းတာပါ။ ဆိုလာပြားနဲ့ အားသွင်းပြီးတော့ ဖိုက်ဘာလျှပ်စစ် ကြိုးတွေကို ဗို့အားထုတ်လွှင့်ထားပါ တယ်။ အဲဒီဖိုက်ဘာလျှပ်စစ်ကြိုး တွေက နွားကိုရော လူကိုယ်ရော အန္တရာယ်လုံးဝ မဖြစ်ပါဘူး။ ဗို့အား နည်းပါတယ်။ အဲဒီပစ္စည်းတွေနဲ့ နည်းပညာကို နယူးဇီလန်က နို့စားနွား မွေးမြူရေးပညာရှင်အဖွဲ့က ကူညီ ပံ့ပိုးပေးတာပါ။ သူတို့အဖွဲ့က တစ်လ ကို တစ်ကြိမ်လောက် နွားခြံက နွားတွေနဲ့ စားကျက်ထဲက နွားတွေရဲ့ အခြေအနေကို လာရောက်လေ့လာ စမ်းသပ်ကြည့်ရှုကြပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာမြို့နယ် ညောင်ပင်သာ ကျေးရွာတွင် နို့စားနွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးခင်မောင်ဝင်း မှာ နိုင်ငံတော်သမ္မတက ချီးမြှင့်သည့် အကောင်းဆုံးမွေးမြူထုတ်လုပ်ရေး လုပ်ငန်းရှင်ဆု ရရှိထားသူဖြစ်ပြီး ယခုအခါ နို့စားနွားမွေးမြူရေး လုပ်ငန်းအား နယူးဇီလန်နိုင်ငံ၏ နည်း ပညာပံ့ပိုးကူညီမှုများဖြင့် လုပ်ကိုင် အောင်မြင်လျက်ရှိသည်။ ထို့အပြင် နို့စားနွားမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိ သည့် နွားနို့များနှင့် မြို့နယ်အတွင်းမှ ထွက်ရှိသည့် နွားနို့များကို နို့ဆီချက် လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဝက်မွေးမြူရေးကိုလည်း တိုးချဲ့ လုပ်ကိုင်နေသည်။ ၎င်းပိုင်ဆိုင်သည့် လယ်ယာမြေဧက ၁၂၀ ကျော်တွင် ပြောင်း၊ နှမ်း၊ နေကြာ၊ စပါး စသည့် သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလုပ်ကိုင် လျက်ရှိပြီး ပေါင်းစည်းလယ်ယာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာသို့ တင်ပြထား ကြောင်း သိရသည်။

"ကျွန်တော်ပိုင် လယ်ယာမြေဧက ၁၂၀ ကျော်ကို ပေါင်းစည်းလယ်ယာ လုပ်ငန်းအဖြစ် ထူထောင်လုပ်ကိုင် ချင်ကြောင်း သက်ဆိုင်ရာကို တင်ပြ ထားပါတယ်။ အခုထိတော့ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ပြောပြလို့ သိရတာက ပေါင်းစည်းလယ်ယာ ဆိုရင် ကုန်ထုတ်လမ်းတွေပါမယ်။ စနစ်တကျတူးဖော်ထားတဲ့ စိုက်ပျိုး ရေသွင်း၊ ရေထုတ်မြောင်းတွေပါမယ်။ သမားရိုးကျလုပ်ကိုင်နေတာထက် စာရင် ပေါင်းစည်းလယ်ယာက ပိုပြီး တော့ အကျိုးရှိမယ်ထင်လို့ ကျွန်တော် ကိုယ်တိုင်လည်း လုပ်ကိုင်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော် တစ်ယောက် တည်း အင်အားနဲ့ လုပ်ကိုင်နိုင်စွမ်း မရှိတော့ သက်ဆိုင်ရာတာဝန်ရှိသူ တွေက ကူညီဆောင်ရွက်ပေးမှာကို စောင့်နေရတယ်"ဟု ၎င်းက ပြော သည်။

**ချမ်းသာ(မိတ္ထီလာ)**

■

## မြန်မာရေလုပ်သားများ လစာနှင့် နစ်နာကြေးများရရှိရန် အင်ဒိုနီးရှားရှိ ရေလုပ်ငန်းကုမ္ပဏီတစ်ခုကို တရားစွဲဆိုတော့မည်

ကျော်သဲအိမ်

လူကုန်ကူးမှုဖြင့် တရားစွဲဆိုခံထားရသော အင်ဒိုနီးရှားအခြေစိုက် Silver Sean ရေလုပ်ငန်းကုမ္ပဏီ၏ အမှုကြားနာရာတွင် သက်သေ ထွက်ဆိုရန် မြန်မာရေလုပ်သား ၁၄ ဦးသည် ယခုလအတွင်း အင်ဒိုနီးရှား နိုင်ငံသို့ သွားရောက်ကြမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ အင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့ဖြစ်သော LPSK အဖွဲ့က လူကုန်ကူးခြင်းခံရသောမြန်မာရေလုပ်သားများ၏ လစာနှင့်နစ်နာကြေးများ ရရှိရေးအတွက် Silver Sean ကုမ္ပဏီကို တရားစွဲဆိုမည်ဖြစ်ရာ လိုအပ် သော အထောက်အထားများရရှိရေးအတွက် ကုမ္ပဏီမှတာဝန်ရှိသူများက စက်တင်ဘာလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပြီး အမှုတွင်ပါဝင်သော မြန်မာရေလုပ်သား ၁၄ ဦးကို အင်ဒိုနီးရှားသို့ စေလွှတ်ရန် မြန်မာအာဏာပိုင် များနှင့် မူအားဖြင့်သဘောတူညီမှုရရှိခဲ့ကြကြောင်း ရဲမှူးကြီးခင်မောင်လှက အောက်တိုဘာ ၅ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

လွန်ခဲ့သော လေးလခန့်က အင်ဒိုနီးရှားမှ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသော လုပ်သား ၅၀၀ ကျော်မှာ ၎င်းတို့အလုပ်လုပ်ခဲ့သော ကုမ္ပဏီများမှ လစာမရရှိခဲ့ကြပေ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ နေရာထိုင်ခင်းနှင့် အစားအစာမလုံလောက်မှုကြောင့် မြန်မာအာဏာပိုင်များနှင့် အင်ဒိုနီးရှား အာဏာပိုင်များက ထိုရေလုပ်သားများအား မြန်မာနိုင်ငံသို့ အဆောတလျင် ပြန်လည်ရောက်ရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်လိုက်ရခြင်းကြောင့် ဖြစ်ကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံအာဏာပိုင်များအနေဖြင့် ကျန်ရှိနေ သော မြန်မာရေလုပ်သားများ၏ လစာနှင့်နစ်နာကြေးများရရှိရေးကို ထပ်မံ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရဲမှူးကြီး ခင်မောင်လှက ပြောကြားသည်။

ထို့ပြင် ရဲမှူးကြီးခင်မောင်လှက အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် သောင်တင်နေသော မြန်မာရေလုပ်သား ၃၀၀ ကျော်ထဲမှ ၁၇၆ ဦးမှာ စက်တင်ဘာလက မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ၎င်းတို့၏ အလုပ်ရှင်များထံမှလစာကို လက်ခံရရှိခဲ့ကြကြောင်း၊ ယင်း ရေလုပ်သားများသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြားဖြစ်ပေါ် သည့် နစ်နာကြေးပြဿနာကို မြန်မာနှင့် အင်ဒိုနီးရှားအာဏာပိုင်များ ဝင်ရောက်ဖြေရှင်းပြီးသည့်အခါမှသာ မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ခြင်း ခံရသူများဖြစ်ကြောင်းဆိုသည်။

မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့်အင်ဒိုနီးရှားနိုင်ငံများမှ တာဝန်ရှိသူ များက လူကုန်ကူးမှုပြဿနာကို ဖြေရှင်းရန် အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်၊ တန်ဂျန်ပီနန်နှင့် မဲလ်လာဘွန်ကျွန်းများတွင် သောင်တင်နေသော မြန်မာရေလုပ်သား ၁၃၀ ကျော်မှာ ယခု အောက်တိုဘာ အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(ဂျီအင်န်အယ်လ်အမ်)**

## ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒု-မဲရုံမှူးများ၏ ဥပဒေဆိုင်ရာသင်တန်းဖွင့်လှစ်

**မချမ်းဘော အောက်တိုဘာ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲ ဥပဒေဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တို ဘာ ၅ ရက် နံနက် ၉ နာရီက မချမ်းဘောမြို့ မြို့မ ရပ်ကွက်(၃) ဂူဘားခန်းမ၌ကျင်းပရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးတင်ထူးအောင်က ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကိုလည်း ကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် လဝက ဦးစီးမှူး ဦးဝင်းနိုင်က အမျိုးသားလွှတ်တော်ရွေး ကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်အိအိခိုင်က ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လည်း ကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်း ရေးမှူး ဦးမျိုးကျော်က ရပ်/ကျေးကော်မရှင် လက်ဆွဲ များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက မဲရုံမှူး၊ ဒု-မဲရုံမှူးများ လက်ဆွဲများကိုလည်းကောင်း ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(IPRD)**

■

# ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆု ဂျပန်နှင့် ကနေဒါနိုင်ငံသားတို့ရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၆**

ဂျပန်နိုင်ငံသား သိပ္ပံပညာရှင် တာကာအာကီ ကာဂျီတာနှင့် ကနေဒါနိုင်ငံသား သိပ္ပံပညာရှင် အာသာဘီ မက်ဒေါနယ်တို့နှစ်ဦးသည် ယခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ပူးတွဲဆွတ်ခူးရရှိသွားကြသည်။ ကာဂျီတာသည် တိုကျိုတက္ကသိုလ် စကြဝဠာအလင်းတန်းသုတေသနအင်စတီကျူမှ ဒါရိုက်တာတစ်ဦးဖြစ်ပြီး မက်ဒေါနယ်မှာ ကင်းစ်တန်မြို့ ကွင်းစ်တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည်။

စကြဝဠာအတွင်းရှိ နျူထရီနို ခေါ် အက်တမ်အောက်အမှုန်တစ်မျိုးတွင် ဒြပ်ထုရှိကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးအား ရူပဗေဒဆိုင်ရာနိုဘယ်လ်ဆုကို ပေးအပ်ရခြင်းဖြစ်ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နေရာတိုင်းတွင် တွေ့ရသည့် နျူထရီနိုအမှုန်များသည် အက်တမ်အောက်အမှုန်များဖြစ်ပြီး ဒြပ်ထုမရှိသလောက်နည်းပါးသလို အခြားအရာများနှင့် ဆက်သွယ်မှုရှားပါးသည့်အတွက် ၎င်းတို့ကို လေ့လာရန်ခက်ခဲသည်။

အသက် (၅၆) နှစ်ရှိ ကာဂျီတာသည် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုရရှိသည့် ၁၁ ယောက်မြောက် ဂျပန်နိုင်ငံသားဖြစ်သည်။ ကာဂျီတာသည် ၁၉၈၁ ခုနှစ်တွင် ဆိုင်တာမာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် တိုကျိုတက္ကသိုလ်သို့သွားရောက်ကာ ၂၀၀၂ ခုနှစ်က ရူပဗေဒနိုဘယ်လ်ဆုရရှိခဲ့သည့် မာဆာတိုရှိကိုရှိဘာ၏ လက်အောက်တွင် ရူပဗေဒပညာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ ကာဂျီတာသည် ၁၉၉၉ ခုနှစ်တွင် တိုကျိုတက္ကသိုလ်စကြဝဠာအလင်းတန်း သုတေသနအင်စတီကျူတွင် ပါမောက္ခတစ်ဦးဖြစ်လာခဲ့ပြီး ၂၀၀၈ ခုနှစ်ကတည်းက နျူထရီနိုလေ့လာမှုများကို ဦးဆောင်ခဲ့သည်။

မက်ဒေါနယ်သည်လည်း ကနေဒါနိုင်ငံတွင် နျူထရီနိုလေ့လာမှုအဖွဲ့ကို ဦးဆောင်လှုပ်ရှားခဲ့သူဖြစ်သည်။ လူအများသိရှိထားသည့် ဒြပ်ထုများ၏ အတွင်းအကျဆုံးအပိုင်းမှ လှုပ်ရှားမှုများကို သူတို့နှစ်ဦး၏ လေ့လာတွေ့ရှိချက်က ပြောင်းလဲစေခဲ့ကြောင်း နိုဘယ်လ်ဆုရွေးချယ်သည့် ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## နယ်သာလန် ကုန်သင်္ဘောငယ်နှင့် ရေနံတင်သင်္ဘော တိုက်မိမှုဖြစ်ပွား

**အမ်စတာဒမ် အောက်တိုဘာ ၆**

ဘယ်လ်ဂျီယံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ နယ်သာလန် ကုန်သင်္ဘောငယ်တစ်စင်းနှင့် ရေနံတင်သင်္ဘောတစ်စင်းတို့ တိုက်မိမှု အောက်တိုဘာ ၆ ရက်နံနက် အစောပိုင်းက ဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် သင်္ဘောပေါ်ရှိနေသူများအားလုံးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖလင်တာစတား အမည်ရှိ နယ်သာလန်ကုန်သင်္ဘော၏ ရေယာဉ်ဝန်ထမ်း ၁၂ ဦးအနက် ၁၁ ဦးကို မျက်နှာပြင် အေးခဲနေသော မြောက်ပင်လယ် ရေပြင်မှ ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ သင်္ဘောသားတစ်ဦးကိုမူ ကိုယ်အပူချိန် အလွန်အမင်း ကျဆင်းသည့် ဝေဒနာခံစားနေရခြင်းမှ ကုသပေးခဲ့ရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗာနက်ဆာစထရစ်ဘော့ချ်က ပြောကြားသည်။

မာရှယ်လ်ကျွန်းစုနိုင်ငံ အလံလွှင့်ထူထားသော အယ်လ်အိုရစ် အမည်ရှိ ရေနံတင်သင်္ဘောမှာလည်း ပျက်စီးခဲ့ရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။

ဘယ်လ်ဂျီယံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဇီးဘရက်ဂေးအနီး ပင်လယ်ကမ်းရိုးတန်းဒေသမှ ၁၀ ကီလိုမီတာအကွာတွင် ရေယာဉ်နှစ်စင်း တိုက်မိမှုဖြစ်ပွားခြင်းဖြစ်သည်။

သဘာဝဓာတ်ငွေ့ရည် တင်ဆောင်လာသော အဆိုပါ ရေနံတင်သင်္ဘောသည် မတော်တဆမှု ဖြစ်ပွားခဲ့သော်လည်း ရေနံဓာတုယိုဖိတ်မှု ဖြစ်ပေါ်ခြင်း မရှိကြောင်း ကမ်းရိုးတန်းစောင့် တပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



# ဆီးရီးယား ပြည်တွင်းစစ် ပြီးဆုံးစေရေး အီရန် အကူအညီပေးရန် ကုလတိုက်တွန်း

**ကုလသမဂ္ဂ အောက်တိုဘာ ၆**

ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားနေသော ပြည်တွင်းစစ် ပြီးဆုံးစေရေး ငြိမ်းချမ်းသော ဖြေရှင်းချက်ရရှိနိုင်ရေးအတွက် အီရန်နိုင်ငံက အကူအညီပေးရန် ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားပဋိပက္ခနှင့် ပတ်သက်၍ စစ်ရေးအရ ဖြေရှင်းချက်မရနိုင်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းချက်ရရှိနိုင်ရေးအတွက် အီရန်နိုင်ငံက ယင်း၏ ဩဇာအရှိန်အဝါကို အသုံးပြု၍ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျေဗက်ဇာရစ်နှင့် တွေ့ဆုံရာတွင် ပြောကြားသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးက ပြောကြားသည်။

အီရန်နိုင်ငံက ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သော နျူကလီးယားသဘောတူညီချက်နှင့် ပတ်သက်၍ အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ကာ ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာနိုင်ငံများအား မိမိတိုက်တွန်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူး ဂျန်အယ်လစ်ဆန်သည် အီရန်နိုင်ငံမြို့တော် တီဟီရန်သို့ အောက်တိုဘာ ၁၁ ရက်တွင် သွားရောက်ရန် စီစဉ်ထားသည်။ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့၌ ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ဒုက္ခရောက်နေကြရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စကို ၎င်းက ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်။

**ပီတီအိုင်။**

## ခွေးကိစ္စအငြင်းပွားရာမှ ၁၁ နှစ်သားလေးက ရှစ်နှစ်သမီးလေးကို ပစ်သတ်မှုဖြစ်

**ဝိုက်ပိုင်း အောက်တိုဘာ ၆**

အမေရိကန်နိုင်ငံတွင် ရှစ်နှစ်သမီးလေးက ၎င်း၏ အိမ်မွေးခွေးကလေးများကို ပြသရန် ငြင်းပယ်ခဲ့သည့်အတွက် ၁၁ နှစ်သားလေးက သေနတ်ဖြင့်ပစ်သတ်မှုတစ်ခု စနေနေ့က ဖြစ်ပွားခဲ့သည်။ ယင်းပစ်ခတ်မှုသည် အမေရိကန်နိုင်ငံတောင်ပိုင်း တန်နက်စီပြည်နယ်ရှိ ဝိုက်ပိုင်းမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသွားသည့် ကောင်မလေး၏မိခင်နှင့် ဒေသခံရဲတပ်ဖွဲ့များ၏ ပြောကြားချက်အရ ကောင်မလေးသည် ၎င်း၏ ခွေးကလေးနှစ်ကောင်နှင့် အိမ်အပြင်တွင် ကစားနေစဉ် ကောင်ကလေးက ခွေးကလေးများကို သူ့အားပြသရန် တောင်းဆိုခဲ့ကြောင်း၊ ကောင်မလေးက ပြသရန် ငြင်းပယ်ခဲ့သည့်အတွက် ကောင်ကလေးသည် သူ့ဖခင်၏ သေနတ်ကိုယူကာ ကောင်မလေးကို ပစ်ခတ်ခဲ့ရာ ရင်ဘတ်မှန်၍ သေဆုံးသွားခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်သတင်းမီဒီယာများက ကိုးကားဖော်ပြသည်။

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့၌ ဩဂုတ်လအတွင်းကလည်း (၁၁)နှစ် သားလေးတစ်ဦးက ကားပါကင်တစ်ခုတွင် သူ့ဖခင်၏ သေနတ်ကိုယူကာ ပစ်ခတ်မှုကြောင့် ကားအတွင်းရှိ သုံးနှစ်သားလေးတစ်ဦးသေဆုံးခဲ့ရသည်။

အမေရိကန်နိုင်ငံတွင် ကလေးငယ်များ သေနတ်ပစ်ခတ်သည့် မတော်တဆမှုများ တိုးမြင့်လာမှုမှာ သေနတ်ကိုင်ဆောင်မှုကို ထိန်းချုပ်ကန့်သတ်ရန် တောင်းဆိုမှုဖြစ်စေခဲ့သော်လည်း ယင်းပြဿနာနှင့်ပတ်သက်၍ ပြည်သူများကြားတွင် သဘောထားကွဲလွဲမှုများရှိနေဆဲဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



# အမေရိကန် တောင်ကာရိုလိုင်းနားပြည်နယ်၌ နှစ်ပေါင်း ၁၀၀၀ အတွင်း မကြုံစဖူး ရေလွှမ်းမိုးမှုဖြစ်ပွား

**ကိုလံဘီယာ အောက်တိုဘာ ၆**

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ်တွင် ရက်သတ္တပတ်ကုန်က ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် လူ ၁၁ ဦးထက် မနည်းသေဆုံးပြီး ဒေသခံထောင်ပေါင်းများစွာတို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် သောက်သုံးရေပြတ်လပ်မှုများ ခံစားကြရကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

တောင်ကာရိုလိုင်းနားပြည်နယ်အား သဘာဝဘေးအန္တရာယ်ကျရောက်နေသည့် ပြည်နယ်အဖြစ် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အောက်တိုဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီး ဗဟိုအစိုးရက အထောက်အပံ့ပေးနိုင်ရေးလုပ်ဆောင်လျက်ရှိသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုမှာ ယင်းပြည်နယ်၌ နှစ် ၁၀၀၀ အတွင်း တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ခဲ့ရဖူးခြင်းမရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နီကီဟာလေက ပြောကြားသည်။

တောင်ကာရိုလိုင်းနားပြည်နယ်ဒေသအများအပြားတွင် အောက်တိုဘာ ၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၁၄ လက်မ (၃၆ စင်တီမီတာ)အထိ စံချိန်သစ်တင်ရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

မမျှော်လင့်ဘဲ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကာ တာတမံများကျိုးပေါက်ခဲ့ရပြီး ဒေသခံများမှာ လုံခြုံစိတ်ချရသည့်နေရာများသို့ အဆောတလျင်ရွှေ့ပြောင်းထွက်ခွာခဲ့ကြရသည်။

မိုးသည်းထန်စွာရွာသွန်းသောဖြစ်စဉ်နှင့်ဆက်စပ်ပြီး လမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် လူလေးဦးထက်မနည်းသေဆုံးခဲ့ပြီး အခြားလူ ခုနစ်ဦးမှာ ရေနစ်သေဆုံးရကြောင်း ချာလ်စ်တန်ပို့စ်သတင်းစာနှင့်ကော်ရီယာနေ့စဉ်သတင်းစာများ၌ ရေးသားဖော်ပြသည်။

ယင်းသေဆုံးမှုများထဲ၌ လူငါးဦးမှာရေနစ်မြုပ်ခံရသော ကားများအတွင်းပိတ်မိကာ သေဆုံးရသူများ ပါဝင်ကြောင်း သတင်းစာတွင်ဖော်ပြသည်။

**ရိုက်တာ။**

# အလေ့အကျင့်ကောင်းများဖြင့် တည်ဆောက်မှသာ ပြည်သူနှင့် နိုင်ငံတော်မှအားထားသည့် တပ်မတော်ဖြစ်လာမည်

**နေပြည်တော် အောက်တိုဘာ ၆**

ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိပြီး ပြည်သူလူထု၏ အကျိုးစီးပွားဖော်ဆောင်ပေးခြင်းနှင့် အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ပေးသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူလူထုက နားလည်လာသည်ကို မျက်ဝါးထင်ထင်တွေ့ရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းတွင် သံဖြူဇရပ်တပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ သံဖြူဇရပ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများအား ဂုဏ်သိက္ခာရှိရှိ ရပ်တည်လုပ်ကိုင်နိုင်ရမည်ဆိုသည့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Standard Army ဖြစ်အောင် တည်ဆောက်ရာတွင် ခေတ်မီသည့် စစ်လက်နက်ပစ္စည်းများရှိရန်လိုအပ်ပြီး ယင်းပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်သည့် အရည်အချင်းရှိသော စစ်သည်များဖြစ်ပေါ်လာရေးအတွက် လေ့ကျင့်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၁ ရက်က ရာထူးတိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နောင်တွင်လည်း ဆက်လက်တိုးမြှင့်ပေးမည်ဖြစ်ပြီး တပ်မတော်အပေါ် ပေးဆပ်ဆောင်ရွက်ခြင်းကြောင့် ယခုလိုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးစောင့်ထိန်းကာကွယ်လိုသည့် စိတ်ဓာတ်ခိုင်မာလာမည်ဟု ယုံကြည်ကြောင်း၊ တပ်မတော်သားတို့၏ အခြေခံဖြစ်သော စိတ်ဓာတ်ကောင်းမွန်ခြင်းနှင့် စည်းကမ်းကောင်းမွန်ခြင်းဆိုသည့် တပ်မတော်၏ အစဉ်အလာကောင်းများကို အစဉ်အမြဲထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးနှင့် လုပ်ငန်းတာဝန်များအောင်မြင်အောင် ထမ်းဆောင်နိုင်သည့် စစ်သည်များဖြစ်အောင် လေ့ကျင့်ရန်လိုအပ်ကြောင်း၊ ယင်းအလေ့အကျင့်ကောင်းများဖြင့် တည်ဆောက်မှသာ ပြည်သူနှင့် နိုင်ငံတော်မှ အားထားသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တပ်မတော်၏ မူဝါဒမှာ ဒို့တာဝန်အရေး(၃)ပါးအား လုံးဝအထိအခိုက်မခံနိုင်ကြောင်း၊ ပိုမိုပြည့်စုံရန် ငြိမ်းချမ်းရေးမူ(၆)ချက်ချမှတ်ခဲ့ကြောင်း၊ မကြာမီ ငြိမ်းချမ်းရေးအသီးအပွင့်များခံစားရတော့မည်ဖြစ်ကြောင်း၊ တိုင်းပြည် တစ်ပြည်တိုးတက်ဖို့ရာ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ လိုက်နာရန်လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ နေထိုင်ပြီး ပေးထားသည့်အခွင့်အရေးများကို စနစ်တကျနေထိုင်အသုံးချရန်လိုအပ်ကြောင်း၊ လာမည့်နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် ဒေသနှင့်တိုင်းပြည်အပေါ် အမှန်တကယ်ကောင်းအောင် ဆောင်ရွက်ပေးနိုင်မည့်သူများကို စဉ်းစားရွေးချယ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေကိုလည်းကောင်း၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းက စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။



တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးတပ်နယ်သို့ သွားရောက်၍ နယ်မြေခံတပ်ရင်းရှိ သူရငွေထွန်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် ထောက်ပံ့ငွေကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**(မြဝတီ)**

# စစ်ဆင်ရေးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆောင်ရွက်နိုင်ရန် စီစဉ်

**နေပြည်တော် အောက်တိုဘာ ၆**

ဖာပွန်ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုများရရှိလာခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး သယ်ယူပို့ဆောင်ရေး ကောင်းမွန်လာသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် မကြာမီ NCA လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ရရှိထားသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို အခြေခံပြီး ဖာပွန်ဒေသအပါအဝင် ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို တပ်မတော်အနေဖြင့် အင်ပြည့်အားပြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာ ၆ ရက်က ဖာပွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိကြောင်း၊ ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် စိတ်ဓာတ်မြင့်မားရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ပြည့်အငြိမ်းစားယူမည့် စစ်သည်များကိုအခြေပြုနေထိုင်မည့်ဒေသများသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အငြိမ်းစားသက်ပြည့် စစ်မှုထမ်းဟောင်းများ၊ ထိခိုက်ဒဏ်ရာရရှိသူများ၊ အသက်ပေးဆပ်သွားသည့် စစ်သည်များ၏ မိသားစုများအတွက် စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်လျက်ရှိပြီး စစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာများကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ စစ်ဆင်ရေးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကိုလည်း အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် ထောက်ပံ့ငွေအားလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်က အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး**(အောက်ဝဲပုံ)** ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံ အမျိုးသမီးကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်ခရိုင်စုပေါင်းရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံကာ တည်ငြိမ်အေးချမ်းမှု ရှိလာပြီဖြစ်သည့် ဖာပွန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာသို့ သွားရောက်၍ စစ်မှုထမ်းဟောင်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆု၊ ထူးချွန်ဆုရရှိသူများ၏ ရင်တွင်းစကားသံများ

**မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် ပဲ့ပြင်ကြမည့်ဆရာများ၏ ကြိုးပမ်းမှု၊ ဆရာဆိုသည်မှာမရှိမဖြစ်ဟူသည့် အရေးပါမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်တိုဘာ ၅ ရက်ကို နိုင်ငံတကာအသိအမှတ်ပြု ကမ္ဘာ့ဆရာများနေ့အဖြစ် နိုင်ငံအသီးသီး၌ ကျင်းပကြသည်။**

"လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး ဆရာစွမ်းရည်မြှင့်တင်ပေး" ဟူသည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်နှင့်အညီ ဆရာတို့၏ စွမ်းရည်၊ ဆရာတို့၏ စိတ်ဓာတ်များ မြင့်မားတိုးတက်စေမည့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂုဏ်ထူးဆောင်ဆရာ ဆရာမကြီးများအဖြစ် အငြိမ်းစားဆရာ ဆရာမကြီးများအား ဂုဏ်ပြုဆုများ၊ ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထိုဂုဏ်ပြုဆု၊ ထူးချွန်ဆုရရှိမှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။



ဂုဏ်ထူးဆောင် ဆရာကြီး ဦးသန်းဦး။



ဂုဏ်ထူးဆောင် ဆရာမကြီး ဒေါ်စုစုလှိုင်။



ဂုဏ်ထူးဆောင် ဆရာမကြီး ဒေါ်ခင်စီ။



ဒေါ်သီတာ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)။

**ဂုဏ်ထူးဆောင်ဆရာကြီး ဦးသန်းဦး**
**နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင်**

ကမ္ဘာမှာ လူဦးရေက သန်းပေါင်း ၇၀၀၀ ရှိတယ်။ အဲ့ဒီအထဲမှာ ပညာသင်ယူနေတဲ့ ကလေးတွေက သန်းပေါင်း ၁၀၀၀ ရှိပါတယ်။ ကမ္ဘာမှာ ဆရာ ဆရာမ အင်အား သန်းပေါင်း ၆၀ ရှိပါတယ်။ ဒီသန်းပေါင်း ၆၀ ဆိုသော ကမ္ဘာ့ဆရာတွေကို ချီးကျူးထိုက်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့၊ ဂုဏ်ပြုထိုက်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ မင်္ဂလာတရားတော်နဲ့အညီ၊ မြန်မာ့ယဉ်ကျေးမှုနဲ့အညီ ဦးခိုက်ပူဇော်ထိုက်ခြင်းဖြစ်ပါတယ်။ ဆရာတွေရဲ့ ဂုဏ်ကျေးဇူး၊ ဆရာတွေပါဝင်တဲ့ အခန်းကဏ္ဍကို ဒီနေ့မှာ အထူးဖော်ကျူး ဂုဏ်ပြုခြင်းလည်းဖြစ်ပါတယ်။ ဆရာကြီးအနေနဲ့ အသက်(၈၈)နှစ်ရှိပြီဖြစ်တဲ့အတွက် ဆရာဘဝကိုလည်းဖြတ်သန်းခဲ့ပြီဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ပြည်တွင်းပြည်ပက ဆရာတွေနဲ့ တွေ့ခဲ့ဖူးပါတယ်။ ဆရာကောင်းတပည့်အဖြစ်နဲ့ ပန်းကောင်းပန်ရပါတယ်။ ဆရာကောင်းတပည့်ဖြစ်သလိုပဲ တပည့်ကောင်းတွေရဲ့ ဆရာအဖြစ်လည်း ဆရာကြီးက ခံယူပြီးတော့ရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူချီးကျူးပါတယ်။ ဒီလောက်ပဲ ပြောပါရစေခင်ဗျာ၊ ကျေးဇူးတင်ပါတယ်။

**ဂုဏ်ထူးဆောင်ဆရာမကြီး ဒေါ်စုစုလှိုင်**
**ညွှန်ကြားရေးမှူး (ငြိမ်း)**
**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**

အရင်တုန်းက ဆရာအတတ်သင်ပညာရေးစီမံကိန်းနဲ့ လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့တယ်။ အဲ့ဒီဌာနမှာ (၃၇)နှစ် တာဝန်ထမ်းခဲ့တယ်။ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့မှာတော့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ဖိတ်ကြားခဲ့တဲ့အတွက် လာရောက်ခြင်းဖြစ်ပါတယ်။ ပြောရမယ်ဆိုရင်တော့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် မျှော်လင့်ပြီးတော့ အလုပ်လုပ်ခဲ့တာမဟုတ်လို့ပါ။ ပညာရေးနဲ့ပတ်သက်ပြီးတော့ (၃၇)နှစ်၊ ဆရာအတတ်သင်နဲ့ပတ်သက်ပြီးတော့ နှစ်(၃၀)အလုပ်လုပ်ခဲ့တဲ့အခါမှာ ဆရာ ဆရာမလောင်းတွေကို အများကြီး မွေးထုတ်ခဲ့တယ်။ အလုပ်ခွင်မှာရှိတဲ့ ဆရာအတတ်သင် သင်တန်းမတက်ရသေးတဲ့ ဆရာ ဆရာမတွေကို ဆရာအတတ်သင် သင်တန်းတွေပေးခဲ့တယ်။ ဒီလိုမျိုး အများကြီးလုပ်ခဲ့တာမှာ ပင်စင်ယူပြီး (၉)နှစ်ပြည့်တဲ့နေ့မှာ ဆုလာယူပါဆိုတဲ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆိုတဲ့ ချီးကျူးမှုကိုခံယူရတဲ့အခါမှာ ကျေနပ်ဝမ်းမြောက်မိတယ်။

ဒီခေတ်ကတော့ ၂၁ ရာစုရဲ့ ပညာခေတ်လို့ပြောလို့ရပါတယ်။ "ပညာသည်သာ အကျွရာ၊ ပညာသည်သာ ရတနာ"ဆိုတဲ့အတွက်ကြောင့် လူတိုင်းဟာ ပညာကို ကိုယ်စီကိုယ်စီ ကြိုးစားပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်သလို ဆရာ ဆရာမပိုင်းအနေနဲ့လည်း သေသေချာချာ ကျကျနန ဆရာ့ဂုဏ်အင်နဲ့၊ ဆရာ့အရည်အသွေးနဲ့ ပြည့်စုံအောင်သင်ပြမယ်ဆိုရင် ပညာဟာတိုးတက်တဲ့ခေတ်ကို ရောက်နေပြီလို့ ပြောလို့ရပါတယ်။

**ဂုဏ်ထူးဆောင် ဆရာမကြီး ဒေါ်ခင်စီ**
**အထက်တန်းကျောင်းအုပ်(ငြိမ်း)**

၁၉၆၆ ခုနှစ်မှာ ကျိုင်းတုံအထက(၃)မှာ တာဝန်ယူတယ်။ နေ့ဘက်ကို ဆရာ ရှားရှားပါးပါးနဲ့ ပင်ပင်ပန်းပန်းသင်ပြီး ညကျောင်းကိုလည်း ဌာနဆိုင်ရာအသီးသီးမှာ သင်ကြားခဲ့တယ်။ ဒီလိုသင်ခဲ့တဲ့ ကလေးတွေက မူလတန်းပြဆရာတွေအပါအဝင် ညွှန်ကြားရေးမှူးအဖြစ် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြတယ်။ ၁၉၈၆ မှာ ကျွန်မ ကျေးသီး၊ မန်စန်မှာ တာဝန်ကျတယ်။ နောက်ပြီး ပညာရေးသုတေသနမှာ ပညာရှင်အနေနဲ့ တာဝန်ယူရပါတယ်။ ၂၀၀၃ မှာ တိုင်းအမျိုးသမီးရေးရာမှာ ပညာရေးအဖွဲ့ခေါင်းဆောင်လုပ်ပြီးတော့ လူတိုင်းအတွက်ပညာရေးကို ကျွန်မ ကြိုးစားခဲ့ပါတယ်။ အင်မတန်ဆင်းရဲနွမ်းပါးမှုရှိတဲ့ မိသားစုတွေရဲ့ မူလတန်းကျောင်းတွေကို ကျန်းမာကြံ့ခိုင်အောင် ကျွန်မအဖွဲ့နဲ့ ကူညီလှူဒါန်းတဲ့သူတွေက ကျောင်းဆောင်တွေ၊ အိမ်သာတွေ၊ ကျောင်းဆောင်သစ်တွေဆောက်ပေးပြီး စာရေးကိရိယာတွေ၊ ဝတ်စုံတွေနဲ့ ကျောင်းမနေနိုင်တဲ့ကလေးတွေ ကျောင်းနေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျွန်မတို့ ငယ်ရွယ်တဲ့အချိန်မှာ ပင်ပန်းတယ်မရှိပါဘူး။ ပညာဆိုတာ နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အဓိကအလိုအပ်ဆုံးဖြစ်ပြီး ကလေးတွေကို ဘက်စုံထူးချွန်အောင် သင်ကြားရမှာဖြစ်ပါတယ်။ အဲဒီလိုသင်ကြားပေးခြင်းအားဖြင့် ဆရာဆိုတာ Teaching သာမက Educator တွေဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက် ဆရာဆိုတာ ပညာနဲ့လောကကို အလှဆင်ရမှာဖြစ်ပါတယ်။ ကိုယ်ကျိုးမတွက်ဘဲ အများအကျိုးကို ဆောင်ရွက်နိုင်တဲ့ ဆရာများဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျောင်းသားအားလုံးကို ကာယ၊ ဉာဏ၊ စာရိတ္တ စတဲ့ ဗလငါးတန်ကို ဖွံ့ဖြိုးအောင် ဆရာတွေက ကျွဲကူးရေပါ သင်သွားရမှာဖြစ်တယ်။ ဥပဒေကို လေးစားလိုက်နာတဲ့ တပည့်တွေဖြစ်အောင် သင်ကြားပေးရမှာဖြစ်တယ်။ ဆရာတွေ လေ့ကျင့်သင်ကြားပေးခဲ့လို့ ကလေးတွေဟာ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုတဲ့ ထူးချွန်တဲ့ လူကောင်းလူတော်တွေ ဖြစ်လာမယ်လို့ ကျွန်မအတွေးနဲ့ ပြောရဲပါတယ်။

**ဒေါ်သီတာ**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနား**

ကျွန်မ ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာ ဖြစ်ပါတယ်။ ကျွန်မရရှိတဲ့ဆုက လူမှုရေးထူးချွန်ဆုဖြစ်ပါတယ်။ ကျွန်မ အလယ်တန်းကျောင်းအုပ်ဘဝတုန်းက ပညာရည်ချွန်ဆုရတဲ့ကလေးတွေ ဆုပေးပွဲမှာ ငွေကြေးအခက်အခဲဖြစ်တဲ့အတွက် အဲဒီကျောင်းမှာ ကျွန်မကိုယ်ပိုင်ငွေနဲ့ပဲ သိန်း ၅၀ မတည်ပြီး ပညာရေးရန်ပုံငွေပဒေသာပင်လေးထူထောင်ခဲ့ပါတယ်။ ထူထောင်တယ်ဆိုတာကလည်း အဲဒီကျောင်းကို အပြီးလှူခဲ့တာပါ။ ကျောင်းမှာ ဆရာ၊ မိဘတွေက ဆက်ပြီးအားပေးတဲ့အတွက် မတည်ရန်ပုံငွေကလည်း သိန်း ၁၀၀ ကျော် ရှိနေပြီး နှစ်စဉ်ဆုပေးနိုင်နေပါပြီ။ နောက်တစ်ခုက ကလေးတွေ စာရိတ္တမြင့်မားဖို့၊ အလေ့အကျင့်ကောင်းတွေရဖို့ဆိုပြီးတော့ ရောင်းသူမဲ့ဈေးခြင်းတောင်းလေး စတင်လိုက်ပါတယ်။ အခန်းတွေရှေ့မှာ ခြင်းထဲမှာ စာရေးကိရိယာလေးတွေ ထည့်ထားတယ်။ ကလေးတွေ ပိုက်ဆံထည့်ဖို့ ခွက်ကလေးလည်းထည့်ထားတယ်။ ဒါပေမယ့် ကလေးတွေက သူ့ဘာသာသူ ကျသင့်တဲ့ငွေလေးကို သူ့ဘာသာသူရှင်းတဲ့ စနစ်ကလေးပေ့ါနော်။ တော်တော်များများကတော့ မဖြစ်နိုင်ဘူးလို့တော့ပြောတယ်။ ဒါပေမယ့် ကျွန်မတို့ကျောင်းမှာ တစ်ကျပ်တစ်ပြားမှ မပျောက်ပါဘူး။ အခုလည်း လက်ရှိလုပ်နေတုန်းပါ။ နောက်တစ်ခုက အခုကျွန်မရောက်တဲ့ကျောင်းမှာပဲ ကလေးတွေကို စာဖတ်တဲ့ အလေ့အထရအောင် စာအုပ်တွေအမြောက်အမြားဝယ်ပြီး စာအုပ်စင်တွေနဲ့ Mobile Library တွေ စာသင်ခန်းတွေရှေ့မှာ ထားပေးခဲ့တယ်။ နောက်ပြီး ဆရာ ဆရာမတွေအတွက် သင်ထောက်ကူပြိုင်ပွဲတွေ လုပ်ပေးတယ်။ ဒါတွေကိုလည်း ကလေးတွေ လုပ်ငန်းပေးတဲ့အနေနဲ့ ပြန်လုပ်ခိုင်းမှာပါ။ ဒီလိုဆုရလိမ့်မယ်လို့လည်း မထင်ပါဘူး။ ရောက်တဲ့နေရာ ရောက်တဲ့ကျောင်းမှာ စိတ်ရောကိုယ်ပါနှစ်ပြီးတော့ အကောင်းဆုံးလုပ်ခဲ့တာပါ။ ဆုရတော့လည်း အတိုင်းထက်အလွန်ဝမ်းသာပါတယ်။ ရရှိတဲ့ဘွဲ့တွေ ဘာတွေက အဓိကမဟုတ်ပါဘူး။ တကယ်တန်းက စိတ်နေစိတ်ထားပါ။ အခုခေတ်ဆိုရင် ပိုပြီးတော့ အခွင့်အလမ်းတွေရပါတယ်။ ရရှိတဲ့ဘွဲ့၊ ပညာက အဓိကမဟုတ်ပါဘူး။ ဆရာ့ရဲ့လုပ်ဆောင်မှုက အဓိကပါ။

**မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-သစ္စာမေတ္တာ**

## ထူးချွန် ဆရာ ဆရာမများ



ဦးဇေယျာလင်း
သရုပ်ပြ၊ ဘူမိဗေဒဌာန
ကလေးတက္ကသိုလ်။



ဦးရဲညွှန့်
ဒုတိယညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်(မြောက်ပိုင်း)။



ဦးအောင်ခိုင်ဦး
အလယ်တန်းပြ
အလက(ခွဲ)-ရှောက်ခုံ၊ ကြံခင်း။



ဦးသက်နိုင်
မူလတန်းကျောင်းအုပ်
အလက(ခွဲ)-ရဲကျောင်း၊ မကွေးမြို့။



ဒေါ်အမာစီ
ကျောင်းအုပ်ကြီး
အထက-တာရွှေထန်၊လောက်ကိုင်။



ဒေါက်တာသန်းထိုက်စိုး
ကျောင်းအုပ်ကြီး၊ အထက(၂၆)
ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့။



ဒေါ်သီတာ
ကျောင်းအုပ်ကြီး
အထက(၁)ပျဉ်းမနား

# မျိုးဆက်သစ်တို့ တိုးတက်ဖို့ ကျန်းမာရေးလိုက်စားစို့

မောင်သောင်းဝင်း
(တမန်ပောင်း)

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်မှုနှင့် ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ပညာတတ်လူတန်းစားပေါများသော နိုင်ငံတိုင်း တိုးတက်မှုရှိကြသည်ဆိုသော အချက်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ နိုင်ငံတကာတွင် လူငယ်များကို ရှေ့တန်းတင်၍ ရင်းနှီးမြှုပ်နှံလာကြသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် မျိုးဆက်သစ်လူငယ်များတိုးတက်ရေးအတွက် မဟာဗျူဟာနှင့် နည်းဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လာကြသည်။ လူတစ်ဦး၏ မျိုးဆက်တိုးတက်မှုကို သားသမီးများ၏ ပညာတတ်မြောက်မှု၊ ကျန်းမာကြံ့ခိုင်မှုတို့ဖြင့် အကဲဖြတ်နိုင်ပေသည်။ လူတစ်ဦးသည် ကျန်းမာကြံ့ခိုင်မှသာလျှင် အခြားလုပ်ငန်းဆောင်တာများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များ ကျန်းမာရေးကို အထူးအလေးပေးသွားရန်လိုအပ်သည်။

**"မေးပါများစကားရ၊ သွားပါများခရီးရောက်၊ မအိပ်မနေအသက်ရှည်"** ဟူသော ဆိုရိုးစကားသည် မောင်ပေါက်ကြိုင်း ရာဇဝင်၌ မှန်ကန်မှုရှိကောင်းရှိနိုင်သော်လည်း လူတစ်ဦးကျန်းမာကြံ့ခိုင်စွာ နေထိုင်နိုင်ရေးအတွက်မူ အိပ်စက်အနားယူခြင်းကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်ပေသည်။ လူသားအားလုံးသည် အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် အရေးပါလျက်ရှိသည့် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် နေထွက်မှ နေဝင်သည်အထိ နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရသည်။ ထိုသို့ ရုန်းကန်လှုပ်ရှားမှုများကြောင့် ကုန်ဆုံးသွားသည့် ခွန်အားများပြန်လည်ဖြည့်တင်းနိုင်ရန်သည် ယေဘုယျအားဖြင့် ညဘက်တွင်အိပ်စက်အနားယူကြရသည်။ ညဘက်တွင် အလုပ်လုပ်သူများအနေဖြင့်လည်း နေ့ဘက်တွင် အစားထိုးပြန်လည်အိပ်စက်၍ ခွန်အားဖြည့်တင်းကြရသည်။

အိပ်စက်အနားယူသည့်အခါတွင်လည်း နှစ်ခြိုက်စွာအိပ်စက်နိုင်ရန်နှင့် လုံလောက်သော အိပ်စက်အနားယူချိန် ရရှိရန်လိုအပ်ပေသည်။ လူတစ်ဦး ကျန်းမာရေးကောင်းမွန်မှု ရှိ၊ မရှိသည် နေ့စဉ် စားဝင်၊ အိပ်ပျော်မှု အပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ မိသားစုတိုင်းတွင် ပုံမှန်အိပ်ရာဝင်ခြင်း၊ အိပ်စက်အနားယူခြင်းနှင့် ဆက်နွယ်သည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးထားခြင်းသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များ နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်ဟု သုတေသီများက အကြံပြုထားသည်။ လုံလောက်သည့်အချိန်ထိ နှစ်ခြိုက်စွာအိပ်စက်အနားယူနိုင်မှုသည် ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် အသက်တမျှပင် အရေးပါလျက်ရှိသည်ဟု သုတေသီများကဆိုထားသည်။

ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်၊ လေ့ကျင့်ခန်းနှင့် အိပ်စက်အနားယူမှုတို့သည် ကလေးသူငယ်များ၏ ကျန်းမာရေး၊ အသက်ရှင်ကြီးထွားရေး၊ စာပေလေ့လာသင်ယူရေး၊ စာသင်ခန်းများတွင် ကောင်းမွန်စွာ လိုက်ပါဆောင်ရွက်နိုင်ရေး စသည့် လုပ်ဆောင်ချက်များကို အကောင်းဆုံးဆောင်ရွက်နိုင်ရေးအတွက် များစွာပင် အထောက်အကူပြုလျက်ရှိသည်။ အမေရိကန်နိုင်ငံ၌ သုတေသီများသည် မိဘများနှင့် အသက်(၆)နှစ်မှ (၁၇) နှစ်အရွယ် လူငယ်များကို ပြုစုပျိုးထောင်သူများအား လေ့လာခဲ့ရာတွင် မိဘအများစုက အိပ်စက်အနားယူခြင်း၏ အရေးပါမှုကို ယုံကြည်လက်ခံထားကြသည်။ သို့သော် ၁၀ ရာခိုင်နှုန်းခန့်သော ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များသာလျှင် သက်တမ်းအလိုက် အိပ်စက်အနားယူရမည့် အချိန်ကာလကို သိရှိကြသည်ကို တွေ့ရှိခဲ့ကြသည်။

အသက် (၆) နှစ်မှ (၁၁)နှစ်အရွယ် ကလေးများအတွက် အိပ်စက်အနားယူချိန်သည် တစ်ညလျှင် အနည်းဆုံး ကိုးနာရီ လိုအပ်ကြောင်းနှင့် အသက် (၁၂) နှစ်မှ (၁၇) နှစ်အရွယ် ဆယ်ကျော်သက်များအတွက်မူ အိပ်စက်အနားယူချိန်သည် တစ်ညလျှင် အနည်းဆုံး ရှစ်နာရီလိုအပ်သည်ဟု သုတေသီများက ဆိုထားသည်။ လူငယ်များအား ပုံမှန်အိပ်ရာဝင်ချိန်သတ်မှတ်ပေးခြင်း၊ အိပ်ရာဝင်ခါနီးအချိန်တွင် ကော်ဖီသောက်သုံးမှုတားမြစ်ထားခြင်းနှင့် အိပ်ရာဝင်ပြီးနောက် အိပ်ရာခုတင်ပေါ်တွင် ဟန်းဖုန်း၊ တက်ဘလက်ကဲ့သို့သော အီလက်ထရွန်နစ်ပစ္စည်းများထားရှိမှုကို ကန့်သတ်တားမြစ်ပေးထားသင့်ကြောင်း အကြံပြုထားရှိသည်။ ထိုသို့ဆောင်ရွက်ပါက ကလေးများ၏ နေထိုင်မှုပုံစံ ပိုမိုတိုးတက်လာပြီးအိပ်စက်ရာတွင်လည်း ပိုမိုနှစ်ခြိုက်စွာ အိပ်ပျော်လာကြသည်ဟု သုတေသီများက အကြံပြုထားသည်။

၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်း၌ ဆန်းသစ်သောနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်။ ထိုခေတ်ကို အမီလိုက်နိုင်ရန်အတွက် ကလေးသူငယ်များအပါအဝင် သက်ရှိလူသားအားလုံး အပြင်းအထန် ရုန်းကန်လှုပ်ရှားနေရသောကြောင့် အိပ်စက်အနားယူချိန်လုံလောက်စွာရရှိရန်ကိုပင် ခဲယဉ်းလာကြသည်။ အထူးသဖြင့် လူငယ်များသည် ခေတ်မီနည်းပညာပစ္စည်းများဖြစ်သည့် ကွန်ပျူတာများဖြင့် ဂိမ်းကစားခြင်း၊ အင်တာနက် ချိတ်ဆက်၍ ဖေ့စ်ဘွတ်ကြည့်ခြင်း၊ Chatting ဝင်ခြင်းတို့ဖြင့် ညဥ့်နက်သန်းခေါင်အထိ အချိန်ဖြုန်းလေ့ရှိသောကြောင့် အိပ်ရာဝင်ချိန် နောက်ကျလေ့ရှိကြသည်။ ထိုသို့အွန်လိုင်းပေါ်တွင် အရည်မရ၊ အဖတ်မရ အချိန်ကုန်နေသဖြင့် နေ့စဉ်ကျောင်းစာများကို ပုံမှန်လေ့လာကျက်မှတ်ရန် ပျက်ကွက်လာသည့်အပြင် ကျန်းမာရေးကိုထိခိုက်လာသည်။ ဆယ်ကျော်သက်များသည် ဆိုရှယ်ဝက်ဘ်ဆိုက်များ၊ ဖေ့စ်ဘွတ်ပေါ်ရှိ လိပ်စာအတု (Fate Accounts)များနှင့် အပြန်အလှန် ဆက်သွယ်ပြောဆိုမှုများမှတစ်ဆင့် လမ်းမှားပေါ်သို့ရောက်ရှိရန် အလားအလာများလျက်ရှိသည်။

မိဘများသည် သားသမီးများအား အထူးသဖြင့် အခြေခံပညာအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသားများအား ဆိုရှယ်ဝက်ဘ်ဆိုက်များ ကြည့်ရှုခွင့်ကန့်သတ်ထားသင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှု အလေ့အထအရ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသားများသည်ပင်လျှင် အကောင်းနှင့် အဆိုးကို ခွဲခြားသုံးသပ်ပြီး မိမိကိုယ်ကို ထိန်းကျောင်းနိုင်စွမ်းရှိသည်အထိ ရင့်ကျက်မှုမရှိကြသေးသည်ကို တွေ့ရှိရသည်။ ရင်သွေးငယ်များ အရွယ်မတိုင်မီ လမ်းမှားရောက်သွားလျှင် ကာယကံရှင် မိဘများသာရင်ကျိုးကြရမည်ဖြစ်သည်။ ထို့ကြောင့် မဖြစ်သင့်သည်များ မဖြစ်ရလေအောင် အစစအရာရာ စောင့်ကြည့်သွားဖို့ လိုအပ်ပေသည်။

အချို့သော မိဘများသည် သားသမီးများ၏ ရှေ့မှောက်၌ပင် ဆင်ဆင်ခြင်ခြင် ပြောဆို၊ နေထိုင်ခြင်းမရှိဘဲ ခေတ်ရှေ့ပြေးသည့် အနောက်တိုင်းဆန်စွာ ပြုမူနေထိုင်မှုတို့ကြောင့် ကလေးငယ်များလွဲမှားစွာ အတုခိုးမှားစေနိုင်သည်။ ထို့အပြင် သားသမီးများ အရွယ်မတိုင်မီ အပျိုစိတ်၊ လူပျိုစိတ်ဝင်ပြီး ပြုမူနေထိုင်လာကြသည်ကိုပင် ဂုဏ်ယူဝင့်ကြွားစွာ အားပေးအားမြှောက်ပြုနေကြသည့် မိဘများကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့မြင်နေရသည်။ "သားသမီးမကောင်း မိဘခေါင်း" ဆိုသည့်အတိုင်း သားသမီးများသည် မိဘများကို အတုခိုးလေ့ရှိကြသည်။ ထို့ကြောင့် မိဘများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံတွင် ရှေ့ဆောင်လမ်းပြ ဖြစ်နေရန် လိုပေသည်။ အထူးသဖြင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး အကျင့်စာရိတ္တပိုင်းတွင် စံပြဖြစ်နေရန် လိုပေသည်။

ခြုံ၍တင်ပြရလျှင် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသော စွမ်းအားစုများ ဖြစ်ကြသည်။ ထို့ကြောင့်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝရေးသည် လွန်စွာပင်အရေးပါလျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်များ နေ့စဉ်စောစောအိပ်ရာဝင်ပြီး စောစောအိပ်ရာထစေခြင်းသည် ကျန်းမာ၊ ချမ်းသာပြီး ပညာပြည့်ဝစေသော နည်းလမ်းကောင်းပင်ဖြစ်သည်။ For early to bed and early to rise is the way to be healthy and wealthy and wise. ဆိုသော Benjamin Franklin ၏ ကဗျာစာပိုဒ်ကလေးသည် ကျွန်ုပ်တို့အားလုံး လိုက်နာမှတ်သားသင့်သည့် ထိမိလှသောအရေးအသားပင်ဖြစ်သည်။ သို့ဖြစ်၍ မိဘများသည် အနာဂတ်၏ မျိုးဆက်သစ်သားကောင်းရတနာလေးများဖြစ်ကြသည့် မိမိတို့၏ ရင်သွေးငယ်များ အချိန်မှန်အိပ်၊ အချိန်မှန်ထ၊ အချိန်မှန် ပညာသင်ယူနိုင်ရေးအတွက် အလေးထားပြုပြင်ပေးနိုင်ရန် အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

## ဗီယက်နမ်ကိုရှုံးပြီး မြန်မာအသင်းခြေစစ်ပွဲ မအောင်

**ရန်ကုန် အောက်တိုဘာ ၆**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းမှာ ရှုံးပွဲကြုံတွေ့ပြီး ခြေစစ်ပွဲ မအောင်ခဲ့ပေ။

**ဗီယက်နမ် - တစ်ဂိုး။**
**မြန်မာ - ဂိုးမရှိ။**

ခြေစွမ်းပိုင်းကွာဟမှု၊ တစ်ဦးချင်းဘောလုံးစွမ်းရည် အားနည်းမှုများနှင့်အတူ မြန်မာအသင်းမှာ ခြေစစ်ပွဲအောင်မြင်ရေးအဆုံးအဖြတ်ပွဲတွင် ဗီယက်နမ်ကို အရှုံးပေးခဲ့ရပြီး ခြေစစ်ပွဲမအောင်ခဲ့ပေ။ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကတည်းက မြန်မာအသင်းကို အနိုင်ကစားထားသည့် ဗီယက်နမ်အသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြကစားကာ လိုအပ်နေသည့် နိုင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသည့် ဇင်ဖြိုးအောင်နှင့် ဂိုးသမား ဘုန်းသစ္စာမင်းတို့ အပါအဝင် အမာခံ ကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ



### သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ပွဲအစခဏပိုင်းသာ ဖိကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ပွဲကို ထိန်းချုပ်သွားခဲ့သည်။ ကစားပုံခြေစွမ်းကောင်းမွန်သည့် ဗီယက်နမ်အသင်းမှာ ပွဲကို လိုသလို ထိန်းချုပ်ကစားသွားခဲ့ပြီး အိမ်ရှင်ပရိသတ်၏ ဖိအားကို ရှောင်ရှားကာ မြန်မာအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ မြန်မာနောက်တန်းမှာ ဗီယက်နမ်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခွင့်အရေးများပေးခဲ့ရသည်။ ၁၉မိနစ်တွင် ဗီယက်နမ်အသင်းအနိုင်ဂိုးရခဲ့ပြီး ဟာနူချင်က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာချေပဂိုးရရှိရေးအတွက် ဒုတိယပိုင်းတွင် လူအပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း ကစားအားတက်မလာခဲ့ပေ။ မြန်မာအသင်းမှာ တိုက်စစ်အားပြုရမည့်အချိန်တွင် ကွင်းလယ်၌သာ အချိန်ကုန်နေသလို ကွင်းလယ်နှင့် တိုက်စစ်ချိတ်ဆက်ရာတွင် အမှားများခဲ့၍ ထိရောက်သည့်ဂိုးသွင်းခွင့်မရခဲ့ပေ။ ဗီယက်နမ်နောက်တန်းမှာ အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း ငုယင်ထရန် ဝင်အောင် မသွင်းနိုင်၍ ဗီယက်နမ်အသင်း တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမပွဲတွင် ဟောင်ကောင်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များ အပြီးတွင် ဗီယက်နမ်အသင်းက လေးပွဲစလုံးနိုင်ကာ ၁၂မှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာအသင်းမှာ လေးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယနေရာရရှိခဲ့သော်လည်း အကောင်းဆုံး အုပ်စုဒုတိယငါးသင်း စာရင်းမဝင်ခဲ့သောကြောင့် ဟောင်ကောင်၊ တီမော၊ ဘရူနိုင်းအသင်းတို့နှင့် ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

## KIA အဖွဲ့မှ လူသစ်စုဆောင်းခံရသည့် အမျိုးသမီးငယ်တစ်ဦး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းသို့ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက KIA အဖွဲ့မှ ထွက်ခွင့်ရရှိသည့် တပ်သားအဆင့်ရှိ အမျိုးသမီး သင်တန်းနည်းပြတစ်ဦး လာရောက်သတင်းပို့သဖြင့် နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းခဲ့ရာ ၎င်းမှာ တာလောကြီးကျေးရွာ တာချယ်ရပ်ကွက်နေ မနော်လီဇာ(ခ) အေးမြင့်ယဉ်(၁၇)နှစ်၊ ရှမ်း/ဗုဒ္ဓဖြစ်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီခန့်က တာချယ်ရပ်ကွက်ရှိ ယာခင်းတွင် မိသားစုနှင့်အတူ တောင်ယာလုပ်ကိုင်နေစဉ် KIA အဖွဲ့က တပ်သားသစ်အဖြစ် အဓမ္မ စုဆောင်းခဲ့ကြောင်း။

ယင်းနောက် လိုင်ဇာမြို့အနီး မုန်ဆန်ယန် သင်တန်းကျောင်းတွင် တပ်သားသစ်သင်တန်းတက်ပြီး ၎င်းသင်တန်းကျောင်းတွင်ပင် သင်တန်းနည်းပြတာဝန် ထမ်းဆောင်ခဲ့ကာ တစ်နှစ်ကျော်ခန့်တွင် ထွက်ပြေးခဲ့ရာ ဖမ်းဆီးမိသဖြင့် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးနှင့် အိမ်ထောင်ကျမှသာ ထွက်ခွင့်ရမည်ဖြစ်ကြောင်း သိရသဖြင့် ၂၀၁၄ ခုနှစ် မေလတွင် လိုင်ဇာမြို့ရှိ KIA အုပ်ချုပ်ရေးရုံးမှ တပ်ကြပ်ကြီးအဆင့်ရှိ လတ်အောင်နှင့် အိမ်ထောင်ပြုခဲ့ရာ ထွက်ခွင့်ရ၍ "ဂျိယန်ဒုက္ခသည်စခန်း"တွင် တစ်နှစ်ကျော်ခန့် သွားရောက်နေထိုင်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာမှတစ်ဆင့် အောက်တိုဘာ ၄ ရက်၌ တာလောကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းသို့ လာရောက်သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ ရှစ်လရွယ်ကလေးနှင့်အတူ မိဘဆွေမျိုးများနှင့် နေထိုင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေး

# ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများအား ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဇေယျသုခကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာအကျော်) အရှင်သူမြတ်အမှူးပြုသော မြို့နယ်သံဃနာယက ဆရာတော်များနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများမှ ဆရာတော်သံဃာတော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ပရိသတ်အပေါင်းက ရှမ်းတောကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုန္ဒာ သိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှမ်းတောကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒာသိရီထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာအကျော်) ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေကြီးရေလျှံမှုဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား ပြုပြင်ရန် အလှူငွေကျပ် ၂၉၇ သိန်းအား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၀၈ အိတ်၊ ဆီပိဿာ ၇၀၊ သင်္ကန်း ၂၄၅ စုံ၊ ထီး ၁၅၂ ချောင်း၊ ဖိနပ် ၁၅၂ ရံ၊ သပိတ် ၁၅၂ လုံး၊ စတီးချိုင့် ၃ ဆင့် ၁၀၈ လုံး၊ စတီးဇွန်း ၅၄ ဒါဇင်၊ အချိုရည် ၁၀၈ ကတ်၊ လက်နှိပ်ဓာတ်မီး ၁၅၂ လက်၊ လှူဖွယ်ပစ္စည်းခြင်း ငါးခြင်း၊ မွေ့ရာ ငါးထည်၊ စောင်ငါးထည်၊ ရေသန့်ပါကင် ၁၀၀၊ ဗလာစာအုပ် ၅၄ ဒါဇင်၊ ဆေးမျိုးစုံ ၅၄ ထုပ်၊ မျက်နှာသုတ်ပဝါ ၁၅၂ ထည်၊ မြန်မာ-တရုတ်လူမျိုးများ ပရဟိတကူညီမှုအသင်းမှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ လက်ဖက်၊ ငါးသေတ္တာ၊ ပဲ၊ ဂျပ်ခုတ်စောင်၊ ဓာတ်ဆားစသည်တို့ ပါဝင်သည့် ပစ္စည်းစုံအိတ် ၁၀၈ အိတ်နှင့် ရွှေသံလွင် ကုမ္ပဏီမိသားစုမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အပါအဝင် စုစုပေါင်း လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၄၄၄ သိန်း ၁ သောင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ယနေ့တွင် AUNGKANBO Trading Co., Ltd. က ငွေကျပ် သိန်း ၅၀၀ နှင့် ကျပ်သိန်း ၁၇၀ တန်ဖိုးရှိ မိုးကာတဲ အလုံး ၁၀၀၊ CHONGQING YINXIANG GROUP, China က ကျပ်သိန်း ၂၅၅ တန်ဖိုးရှိ တီရှပ် အထည် ၅၀၀၀ နှင့် မိုးကာတဲ အလုံး ၁၀၀၊ Product Services Department Myanmar Brewery Limited က ငွေကျပ် ၆ သိန်းတို့ကို လာရောက်လှူဒါန်းသည်။

ယင်းအပြင် Friends in Need(OF PA) Volunteer Thiland က အမေရိကန်ဒေါ်လာ ၅၅၀၅၉ ဒသမ ၂၃၊ Rh Ministarstvo Vanjskih Poslova က အမေရိကန်ဒေါ်လာ ၅၃၇၃၈ ဒသမ ၆၂ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၈၇၉၇ ဒသမ ၈၅ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းခဲ့မှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၀၆၁၅၁၇၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၁၇၄၉၂ ဒသမ ၂၆နှင့် ယူရို ၃၀၀ တို့ ဖြစ်သည်။ လက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အကြိုဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အကြိုဆွေးနွေးပွဲကို "အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဒေသန္တရအသိနှင့် သိပ္ပံပညာပေါင်းစပ်ခြင်း" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၈ ရက်၌ Excel Treasure Hotel တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ မကြာသောကာလအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးခြင်းတွင် ဒေသန္တရတိုင်းရင်းသားအသိုင်းအဝိုင်းမှ ဓလေ့ထုံးစံအတိုင်း ဘေးအန္တရာယ်ကို မည်ကဲ့သို့ လျော့ပါးအောင်လုပ်ဆောင်ခဲ့ခြင်း၊ ဒေသန္တရအသိကျင့်သုံးမှုတွင် သိပ္ပံပညာအသိဖြင့်ပေါင်းစပ်မှ အထူးသဖြင့် အရေးပေါ်ကြိုတင်အသိပေးခြင်းတွင် မည်ကဲ့သို့ ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ဒေသန္တရအဖွဲ့အစည်း အသိုင်းအဝိုင်းများအနေဖြင့် ဘေးအန္တရာယ်ပေါ်ပေါက်လာတိုင်း အရေးပေါ်အခြေအနေကို ဦးစွာရင်ဆိုင်ရသူများဖြစ်သည်နှင့်အညီ အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ဒေသန္တရအဖွဲ့၊ ဌာနေတိုင်းရင်းသားများအား ထောက်ပံ့ကူညီပေးရန် အရေးကြီးခြင်း၊ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေသော အဖွဲ့အစည်းများက ဒေသန္တရ ဌာနေပြည်သူ့အသိုင်းအဝိုင်းများ ဘေးဒဏ်ခံနိုင်ရည်ရှိအောင် ဆောင်ရွက်နေသည့် အကြောင်းအရာတို့ကို ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒဌာနမှ ကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဒေသခံကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းမှ ကိုယ်စားလှယ်တို့က ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ ဆောင်ပုဒ်သည် ဒေသန္တရအသိ၊ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာဓလေ့နှင့် သိပ္ပံပညာသတင်းအချက်အလက်များပူးပေါင်းကာ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုများတွင် အသုံးပြုခြင်းကို ဦးတည်ပြီး လူ့အဖွဲ့အစည်းများမှ ရိုးရာဓလေ့အသိနှင့် သိပ္ပံသတင်းအချက်အလက်များ ပူးပေါင်းအသုံးချခြင်းသည် ဘေးအန္တရာယ်ဒဏ်ကို ပို၍တာရှည်ခံနိုင်စွမ်းရှိကြောင်းကိုလည်း အလေးထားရည်ညွှန်းထားကြောင်း သိရသည်။

ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းပေါင်း ၆၄ ခုဖြင့် ချိတ်ဆက်ကာ ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

**သီရိ**

# ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထပ်မံထောက်ပံ့

**ကောလင်း အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့်ဝန်းသိုမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးတောင်သူများအား ပြီးခဲ့သည့် ဩဂုတ်လက ကသာခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကောလင်းမြို့နယ်မှ ငါးမွေးတောင်သူ ၄၉ ဦးနှင့် ဝန်းသိုမြို့နယ်မှ ငါးမွေးတောင်သူ လေးဦး စုစုပေါင်း ၅၃ ဦး ငါးကန် ဧက ၁၁၄ ဒသမ ၁၇ အတွက် ငါးသားပေါက် ခုနစ်သောင်းငါးထောင်အားထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး၊ ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးဝင်းတင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးတောင်သူများ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးဝင်းတင်က ငါးသားပေါက်များထောက်ပံ့ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ငါးသားပေါက်များပေးအပ်ရာ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးတောင်သူများက လက်ခံရယူကြသည်။ ယခုလို ကသာခရိုင်ငါးလုပ်ငန်းအဖွဲ့နှင့်ဝန်ကြီးဌာနမှ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သည့်အတွက် ငါးမွေးတောင်သူများ ကုန်ကျစရိတ်အလွန်သက်သာပြီး စားသုံးသူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ငါးမွေးတောင်သူတစ်ဦးက ပြောကြားခဲ့သည်။

**အောင်ကျော်စိုး(ကောလင်း)**

# ဇလွန်မြို့နယ် ရေဘေးသင့်ဒေသများရှိ ရေကြီးနစ်မြုပ်လယ်ယာမြေများ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေပေးအပ်

**ဇလွန် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေဘေးသင့်ဒေသများရှိရေကြီးနစ်မြုပ်လယ်ယာမြေများ ပြန်လည်ထူထောင် စိုက်ပျိုးနိုင်ရေးအတွက် ဇလွန်ဧရာ အထူးပြုကုမ္ပဏီမှ စိုက်ပျိုးစရိတ် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ ဇလွန်ဧရာအထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းမောင်တို့က အမှာစကားပြောကြားကာ ဇလွန်ဧရာအထူးပြုကုမ္ပဏီ ဒါရိုက်တာက မြို့နယ်အထောက်အကူပြုကော်မတီမှ ဦးနိုင်ဦးအား ရေဘေးသင့်ဒေသများရှိ ရေကြီးနစ်မြုပ်လယ်ယာများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အလှူငွေသိန်း ၁၀၀ အား ပေးအပ်လှူဒါန်းသည်။

ဇလွန်မြို့နယ်တွင် ရေကြီးနစ်မြုပ်ခံရတောင်သူ ၁၁၅ ဦးအား အစေ့ချစိုက်ပျိုးလယ်တစ်ဧကလျှင် ကျပ် ၂၀၀၀၀ ဖြင့် လယ် ၂၅၉ ဧကအားလည်းကောင်း၊ သားတက်ခွဲစိုက်ပျိုးလယ်တစ်ဧကလျှင် ကျပ် ၄၁၂၀၀ နှုန်းဖြင့် ၁၁၇ ဧကအား နေ့ချင်းပြီးပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# အောင်လံမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် သစ်သားတံတားပြိုကျပျက်စီးမှုအပေါ် အမြန်ပြင်ဆင်နိုင်၍ ပြန်လည်သွားလာနိုင်ပြီ

**အောင်လံ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ရှိ တံခွန်တိုင် သစ်သားတံတား၏ တောင်/မြောက် ချဉ်းကပ်လမ်းများသည် မိုးရွာသွန်းပြီး ရေကျော်မှုကြောင့် အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီခန့်က ပြိုကျပျက်စီးခဲ့သည်။ ယင်းတံတားသည် သမ္ဘုလ၊ ရွှေပန်းတော ခရိုင်ချင်းဆက်လမ်းပေါ် မိုင်တိုင်အမှတ် (၁၉၆/၂) တံခွန်တိုင်ကျေးရွာအနီးရှိ တံတားဖြစ်ပြီး စက်တင်ဘာ ၃၀ရက်မှစတင်၍ မိုးရွာသွန်းမှုကြောင့်တံတား၏ မြောက်ဘက်ချဉ်းကပ်လမ်းအလျား ခြောက်ပေ၊ အကျယ် ပေ ၂၀၊ အနက် ငါးပေခန့်နှင့် တောင်ဘက်ချဉ်းကပ်လမ်း အလျား ငါး ပေ၊ အကျယ် ငါးပေ၊အနက် ငါးပေခန့်ဖြင့် ကတ္တရာနှင့် မြေသားလမ်းကို ရေကျော်ဖြတ်စီး၍ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ တံတားပြိုကျပျက်စီးမှုကို တာဝန်ရှိသူများက အမြန်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းတည့် ၁၂ နာရီမှစတင်၍ယာဉ်ယင်များဖြတ်သန်းသွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

**သဘာဝဘေးအန္တရာယ် စုပေါင်းကာကွယ်**

## ပြည်တွင်းရေးရာ

**✻ ဆွေးနွေးပွဲများမှ**

အဆိုပါ ရာဇဂြိုဟ်ဆည် အထက်ပိုင်းတွင်ဖြစ်ပေါ်နေသော သဘာဝတောင်ပြိုရေကန်အနေအထားမှာ ပြိုကျရန်အခြေအနေမရှိဘဲ စိုးရိမ်စရာအနေအထားမရှိကြောင်း၊ အကယ်၍ ပြိုဆင်းမှုရှိပါကလည်း ရာဇဂြိုဟ်ရေလှောင်တမံမှ အခိုက်အတန့်အားဖြင့် ထိန်းသိမ်းထားနိုင်ပြီး ရေပိုလွှဲမှ ကျော်ကျမည်ဖြစ်သည့်အတွက် ထိခိုက်မှုမရှိနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

ထိုသို့ သဘာဝတောင်ပြိုရေကန် ကျိုးပေါက်နိုင်သည့် အခြေအနေမရှိဟု သုံးသပ်ခဲ့ကြသော်လည်း ကျိုးပေါက်ခဲ့ပါက ချောင်းတစ်လျှောက်တွင် အန္တရာယ်ဖြစ်ပွားနိုင်သည့် ကျေးရွာများမရှိကြောင်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်လျှင်လည်း တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများအတွက် ရေဘေးအန္တရာယ်မရှိနိုင်ကြောင်း သိရသည်။

ကလေးမြို့ခံ ပရဟိတသမားများက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ကျေးရွာများသို့ သွားရောက်ကူညီမှုများ ပြုလုပ်ခဲ့ရာ တောင်ပေါ်ကျေးရွာအချို့မှာ ပြောင်းရွှေ့သင့်ပြီး အဆိုပါကျေးရွာများသို့ ကူညီကယ်ဆယ်မှုများ သွားရောက်ခဲ့ရာတွင်လည်း လမ်းပန်းဆက်သွယ်ရေးမှာ အခက်အခဲများရှိနေသေးကြောင်း ၎င်းတို့က အကြံပြုပြောကြားသည်။

"သဘာဝဘေးကြောင့် မြေပြိုတော့ ယာခင်းထဲမှာနေထိုင်နေတဲ့သူ ခုနစ်ယောက် ပျောက်ဆုံးသွားတယ်။ ကျန်ရစ်သူ မိသားစုတွေမှာ ကလေးငယ်လေးတွေလည်း ပါသလို နို့စို့အရွယ် ကလေးလေးတွေလည်းပါတယ်။ သက်ကြီးရွယ်အိုအဘွားက စောင့်ရှောက်နေရတယ်။ မိဘတွေက တောင်ယာခင်းထဲမှာ အိပ်ကြတော့ မြေပြိုချိန်မှာ ပါသွားကြတာ။ အဲဒီ ဆယ်ဘော်ရွာနဲ့ အနီးတစ်ဝိုက်က ရွာတွေမှာ မြေအက်ကွဲမှုတွေရှိနေတော့ နေထိုင်ဖို့ မသင့်တော်တော့ပါဘူး။ နွေရာသီမှာ ကားသွားလို့ရတဲ့ လမ်းတွေက အခုဆိုရင် ဆိုင်ကယ်တောင်သွားလို့ မရတော့ဘူး။ ကျွန်တော်တို့အနေနဲ့ နှစ်ခေါက်ရှိပါပြီ။ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မိုးကာ သွားထောက်ပံ့ခဲ့တယ်။ သူတို့အတွက် ဆယ်ဘော်ရွာအထက် လေးဖာလုံလောက်အကွာမှာ ယာယီစခန်းလေးတွေလုပ်ထားပေမယ့် ရွှေ့ပြောင်းပေးနိုင်ဖို့ လိုမယ်ထင်ပါတယ်" ဟု ကလေးမြို့ ငြိမ်းချမ်းရေးကွန်ရက်မှ ချင်းတိုင်းရင်းသားတစ်ဦးဖြစ်သူ ဂျီအက်စ်မန်က ပြောသည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ ဆယ်ဘော်ရွာမှ သုံးမိုင်ခန့်ရှိတောင်ယာအနီးတွင် ဩဂုတ် ၁ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ပြီး လူခုနစ်ဦး ပျောက်ဆုံးခဲ့မှုဖြစ်စဉ်ကို ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဩဂုတ် ၄ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသို့ တင်ပြထားရှိပြီး ဘေးသင့်သေဆုံးစာရင်းတွင် ထည့်သွင်းထားရှိမှုနှင့်အတူ သေဆုံးသူများ၏ အထောက်အထားများ ဆက်သွယ်တောင်းခံ၍ ထောက်ပံ့ငွေပေးအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ရာဇဂြိုဟ်ရေလှောင်တမံအတွင်းစီးဝင်မည့် နေရဥ္စရာချောင်း၏ချောင်းလက်တက်ဖြစ်သော တွီးလုံချောင်းဖျားတွင် ဖြစ်ပေါ်လာသည့် သဘာဝတောင်ပြိုရေကန်။** (ဓာတ်ပုံ-ဆည်/မြောင်း)

ယင်းသို့ သဘာဝဘေးကျရောက်ခဲ့သော ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ တွီးခိန်ဇံနှင့် ဟားခါးလေး ကျေးရွာများအပါအဝင် မြေအနေအထား ခိုင်ခံ့မှုမရှိဘဲ အန္တရာယ်ရှိနိုင်သည့် တောင်ပေါ်ကျေးရွာများဖြစ်သော ဆယ်ဘော်၊ ဟိုင်ဟဲ့၊ မအိုလွန်း စသည့် ရွာများကို စုစည်း၍ တွီးခိန်ဇံနှင့် ဟားခါးလေးကျေးရွာမှ တစ်မိုင်ခန့်အကွာရှိ ဧရိယာ ၂၃၂ ဧကရှိသော ကြိုးပြင်ကာကွယ်တောနေရာသို့ ပြောင်းရွှေ့နေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သဘာဝဘေးကြောင့် ကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းထားရတဲ့ တွီးခိန်ဇံနဲ့ ဟားခါးလေး ကျေးရွာတွေအပါအဝင် မြေအနေအထား ခိုင်ခံ့မှုမရှိတဲ့၊ အန္တရာယ်ရှိနိုင်တဲ့ ဆယ်ဘော်၊ ဟိုင်ဟဲ့၊ မအိုလွန်း စတဲ့ တောင်ပေါ်ကျေးရွာတွေကို စုစည်းပြီး ပြောင်းရွှေ့နေရာချထားနိုင်ဖို့ ချင်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြထားပါတယ်"ဟု တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးက ပြောသည်။

ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသော ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း၊ ဆန်နှင့် အရေးပေါ်အစားအစာများ ထောက်ပံ့ခြင်းနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်သို့ ရောက်ရှိခဲ့စဉ်ကလည်း သဘာဝတောင်ပြိုရေကန်နှင့် ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ထိုမှတစ်ဆင့် မူလထက်ပိုမိုကောင်းမွန်သောအနေအထား ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာမှ အစိုးရမဟုတ်သည့်အဖွဲ့များ၊ ပရဟိတအဖွဲ့များအပြင် အများပြည်သူတို့က ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ဖျားသည့်ကျေးရွာများသို့ သွားရောက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"ရာဇဂြိုဟ်အထက်က သဘာဝတောင်ပြိုရေကန်ဟာ စိုးရိမ်စရာမရှိဘူးလို့ ဆည်မြောင်းဘက်က ပြောကြားတာသိရပါတယ်။ အကယ်၍ ပြိုဆင်းခဲ့ရင်တော့ ဆည်ထဲကို နုန်းတွေ ဝင်ရောက်နိုင်ပါတယ်။ ဆရာဦးထွန်းလွင်က မုန်တိုင်းရှိဦးမယ်ဆိုတော့ အဲဒီအနေအထားဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ စိတ်ဝင်စားပါတယ်"ဟု သဘာဝတောင်ပြိုရေကန်များအကြောင်း လေ့လာသုံးသပ်နေသူနှင့် ယင်းအကြောင်းအရာနှင့် သိသင့်သိထိုက်သည့် ဗဟုသုတများ ရေးသားနေသူ ဦးမောင်မောင်သန်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ကလည်း သဘာဝဘေးကျရောက်ပြီး ဒုက္ခရောက်နေကြတဲ့ ရွာလေးတွေအတွက် ဆောင်ရွက်ပေးဖို့ရှိပါတယ်။ ကလေးမြို့ခံတွေဖြစ်တဲ့ ပရဟိတအဖွဲ့တွေကလည်း ဆောင်ရွက်ပေးနေကြပါတယ်။ အဲဒီနေရာက ချင်းပြည်နယ် တွန်းဇံမြို့နယ်ထဲမှာရှိပေမယ့် တွန်းဇံနဲ့အဆက်အသွယ်ပြတ်ပြီး ကလေးမြို့နဲ့ နီးသလိုဖြစ်နေတယ်။ ဖြစ်တာက ချင်းပြည်နယ်ထဲမှာ၊ ဒီဘက်က လမ်းသာတာက စစ်ကိုင်းတိုင်းဒေသကြီးဘက်ပေါ့။ အဲဒီလို အခြေအနေတွေ ဖြစ်နေတယ်"ဟု ဦးမောင်မောင်သန်းက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်တွင်ဖြစ်ပေါ်လာသော သဘာဝတောင်ပြိုရေကန်(Landslide Dam)နှင့် ၃၂ မိုင်ကွာဝေးသည့် ရာဇဂြိုဟ်ဆည်တို့ အန္တရာယ်ဖြစ်နိုင်ခြင်းရှိ၊ မရှိအပြင် အလားတူဖြစ်ပေါ်လာနိုင်သည့် သဘာဝတောင်ပြိုရေကန်များနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သော ဆွေးနွေးပွဲများပြုလုပ်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"သဘာဝတောင်ပြိုရေကန်တွေအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်မှုနဲ့ ကာကွယ်မှုလုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်သွားနိုင်ဖို့ တာဝန်ရှိသူတွေ၊ သက်ဆိုင်ရာဌာနတွေနဲ့ ဒေသခံတွေအပါအဝင် ကျွမ်းကျင်နားလည်တဲ့ ပညာရှင်တွေပါဝင်တဲ့ ဆွေးနွေးပွဲတွေပြုလုပ်ကြဖို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လမ်းညွှန်ထားပြီး ဖြစ်ပါတယ်"ဟု ယင်းလုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်ထမ်းဆောင်နေသူနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောကြားသည်။

မကြာမီကုန်ဆုံးတော့မည့် မိုးရာသီတွင် ယင်းသဘာဝတောင်ပြိုရေကန် တည်ရှိရာနေရာသို့ ထပ်မံကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်သွားမည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

❐ ❐ ❐

**❖ ကျောဖုံးမှ**

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူလေးများက ကဗျာလွတ်အက၊ သွေးချင်းများပီပီ တိုင်းရင်းသားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဓိ မင်းသမီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ခရေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် အလုံမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူလေးများက ရတနာပုံသီချင်း၊ သွေးချင်းစုံညီမြန်မာပြည် သီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဓိ မင်းသမီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ခရေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မဟာချက်ကရီသီရိဒ္ဓိ မင်းသမီးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**✻ တစ်နှစ်တာမှ**

ခြေစစ်ပွဲစဉ်များတွင် သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူကာ ဝေလအသင်းအတွက် အကောင်းဆုံးရလဒ် ထွက်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ဇွန်လအတွင်းက ကစားခဲ့သည့် ဝေလအသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် စက်တင်ဘာလအတွင်းက ဆိုက်ပရပ်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ကာဒစ်ဖ်စီးတီးအသင်းနှင့် ဝေလ ယူ-၂၁ အသင်းမှ ကွင်းလယ်ကစားသမား အိုဆူလီဗန်သည်လည်း တစ်နှစ်တာ ဝေလအကောင်းဆုံးလူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ဝေလလက်ရွေးစင်အသင်းနည်းပြ ခရစ်ကိုးလ်မန်းမှာမူ မီဒီယာများကပေးသော ဆုသာရရှိခဲ့သည်။

အမျိုးသမီးကစားသမားများအဖြစ် ရီးဒင်းနှင့် ဝေလ နောက်ခံလူ ကီလီဒေးဗီးလ်သည် တစ်နှစ်တာဝေလ အကောင်းဆုံးကစားသမားဆု၊ မန်စီးတီးအသင်းမှ နာတာရှာဟာဒင်သည် ၂၀၁၅ ခုနှစ်၏ ပရိသတ်အားပေးမှုအများဆုံးဆုနှင့် ဝေလအမျိုးသမီးလက်ရွေးစင်အသင်းမှ ချာလီအက်စ်ကော့သည် တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့သည်။

**(ငွေကြယ်)**

○○○



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နှင့် ဘုရင့်နောင်ရပ်ကွက်(ပိန်းတော)ဆက်သွယ်ထားသည့် တပ်ကုန်း-ပိန်းတော ကွန်ကရစ်တံတားကြီးသည် ဟောင်းနွမ်းပျက်စီးနေသည့်အတွက် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ယခုအခါ မိုးတွင်းကာလချောင်းရေလာသဖြင့် ပြည်သူများသွားလာမှု လွယ်ကူစေရန် အောက်တိုဘာ ၄ ရက်က ခေတ္တသွားလာခွင့်ပြုထားသည်ကို တွေ့ရစဉ်။

(ကြေးမုံ)



ကမ္ဘာ့မျက်စိမမြင်ပပျောက်ရေးနေ့

World Health Organization

WORLD SIGHT DAY

အောက်တိုဘာလ (၈) ရက် ၊ ကြာသပတေးနေ့

“ Universal Eye Health; Eye Care For All”

# ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် အနီးဆုံးပူးတွေ့ခွင့်ရမည့် ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး

**မန္တလေး အောက်တိုဘာ ၆**

စက်တင်ဘာ ၁၉ ရက်က ရွှေပြည်သာမြို့နယ် မင်းကွန်းတိပိဋက နိကာယဥပဇ္ဈာယ အဖွဲ့နှင့်အတူ မန္တလေးမဟာမြတ်မုနိဘုရားကြီး၊ တောင်ပြုံးနှင့် ယက္ကန်းစင်တောင် ဆရာတော်ကြီး ထွက်ရပ်ပေါက် တောင်တော်တို့ကို လေ့လာခွင့်ရခဲ့ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၆၀) အနောက်ဘက်၌ တည်ထားသော ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်ကြီးကိုပါ တိုက်ဆိုင်စွာ ဖူးတွေ့ခွင့်ရခဲ့ပါသည်။

ကျောက်စိမ်း၌ ဂုဏ်အင်္ဂါ သုံးရပ်ရှိသည်ဟု သိရသည်။ ၎င်းမှာ (၁) လှပခြင်း၊ (၂) ကြာရှည်ခံခြင်းနှင့် (၃) ရှားပါးခြင်းဟူ၍ ဖြစ်သည်။

ကျောက်စိမ်းတွင် ယုံကြည်မှု ခုနစ်မျိုးရှိသည်ဟူ၍လည်း ရှေးခေတ်စာပေဆိုင်ရာ အချက်အလက်များအရ သိရှိနိုင်ပါသည်။ ထိုယုံကြည်မှု ခုနစ်မျိုးမှာ-

(၁) သဒ္ဓါရက်ရောခြင်း၊
(၂) ရဲစွမ်းသတ္တိပြည့်စုံခြင်း၊
(၃) တရားမျှတသော စိတ်ဓာတ်ရှိခြင်း၊
(၄) မိမိကိုယ်မိမိ နှိမ့်ချသော နိဝါဒတရားရှိခြင်း၊
(၅) အသိ၊ အလိမ္မာ၊ ဉာဏ်ပညာကြီးမြင့်ခြင်း၊
(၆) ဘေးအန္တရာယ်ကင်းခြင်း၊
(၇) စီးပွားဥစ္စာ တိုးပွားခြင်းဟူ၍ဖြစ်ပါသည်။

နိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသား ပူဇော်သူအားလုံးတို့အား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလျက် အေးချမ်းသာယာမှုကို ခံစားနိုင်ကြရန် အထွေထွေအပြားပြား ကိုးကွယ်ဆည်းကပ်သူအပေါင်းတို့သည် အရာရာတိုးတက်ခြင်း၊ တောက်ပခြင်း၊ ထွန်းလင်းခြင်း၊ ဂုဏ်သတင်းကျော်ကြား ပြည့်စုံခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် လိုတိုင်းတ ပြည့်စုံနိုင်ကြရန် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရွှေသုဝဏ်ဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓိယ အရှင်သူမြတ်က ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးဟူ၍ ဘွဲ့တော်ပေးခဲ့ပါသည်။

ကမ္ဘာ့ဘာသာပေါင်းစုံညီလာခံမှ ဗုဒ္ဓဘာသာသည် အခိုင်မာဆုံးနှင့် အမြတ်ဆုံးဟု ဆုံးဖြတ်ချက်ပေးခဲ့ကြသည်။ မေတ္တာတရားကို အခြေခံသောကြောင့် သာသနာပြု အရိယာပုဂ္ဂိုလ်များသည် လူသားများအဖြစ်မှ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကွယ်ပျောက်ကြရမည်ဖြစ်ပါသည်။ အရိယာပုဂ္ဂိုလ်များ၊ အိန္ဒိယနိုင်ငံ အာသောကမင်းကြီးတို့ကဲ့သို့ ပုဂ္ဂိုလ်များရှိခဲ့၍ ဥရောပတိုက်၊ အာရှတိုက်နိုင်ငံအများသည် ယခင်က ဗုဒ္ဓဘာသာနိုင်ငံများ ဖြစ်ခဲ့ကြပြီး သာသနာပြုခရီးများ ဆက်လက်လုပ်ဆောင်ခွင့်ရခဲ့ကြပါသည်။ ၎င်းတို့ကွယ်လွန်ခဲ့သောအခါ အစိုးရမင်းများ မပေါ်ပေါက်၍ သာသနာကွယ်ပျောက်ခဲ့ရသော နိုင်ငံများရှိခဲ့ကြပါ၏။

မြန်မာနိုင်ငံတွင်လည်း လယ်တီ၊ မဟာစည်၊ မိုးကုတ်ဆရာတော်ကြီးများ ယခုအခါ မရှိကြတော့ပါ။ နောက်ထပ်သာသနာပြုရန် ထူးခြားရဟန်းသံဃာတော်များ ပေါ်ပေါက်ရန် ခက်ခဲသည့်ပင်ဖြစ်ရာ ရုပ်ဝတ္ထုအနေဖြင့် ဗုဒ္ဓဘာသာဆိုင်ရာသာသနိကအဆောက်အအုံ၊ စေတီပုထိုးများက လက်တွေ့ အထောက်အထားများအဖြစ် ပြသနိုင်လိမ့်မည်ဟု ယုံကြည်ရမည်ပင် ဖြစ်ပါသည်။

သို့ပါ၍ ဝေရောစနကဲ့သို့ တန်ဖိုးကြီးမားသည့် ကျောက်စိမ်းစေတီတော်ကြီးကို ခိုင်မာစွာတည်ထားကိုးကွယ်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းများ ထွက်ရှိရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကျောက်စိမ်းဆိုသည်မှာ ရတနာကိုးပါးအနက် တစ်မျိုးအပါအဝင်ဖြစ်ပြီး သဘာဝသယံဇာတပစ္စည်း ဖြစ်သောကြောင့် နောင်တစ်ချိန်ကာလတစ်ခုတွင် ကွယ်ပျောက်သွားနိုင်ခြေရှိနေသည်။

အကယ်၍ ကျောက်စိမ်းသယံဇာတ ကုန်ဆုံးသွားချိန်ရောက်ခဲ့ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာ နိုင်ငံဖြစ်သည်ဆိုသော အချက်ကို အထင်ကရပြယုဂ်တစ်ခုအဖြစ် အခိုင်အမာ ညွှန်ပြပေးနိုင်လိမ့်မည်ဟု ယုံကြည်ချက်ဖြင့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးကို တည်ထားခြင်းဖြစ်ကြောင်း စေတီတော်ဆိုင်ရာ အချက်အလက်မှတ်တမ်းများက ဖော်ပြထားရှိ၏။

ကမ္ဘာတည်သရွေ့ တည်ရှိနေစေရန် ငလျင်ဒဏ်ရစ်ချ်တာစကေး ၆ ဒသမ ၅၉ နှင့် လေဒဏ်များကို ခံနိုင်ရန် ဘိုးပိုင်စနစ်နှင့်အတူ သံကူကွန်ကရစ် အဆင့်မြင့် သံမဏိစတီးများကို အမာခံ ထည့်သွင်းတည်ဆောက်ထားရှိပါသည်။

စေတီတည်ထားမှုကို ကျောက်စိမ်းအရိုင်းတုံးများနှင့် အုတ်တစ်ချပ်မျှမပါရှိဘဲ အလှူရှင်ကိုယ်တိုင် နှစ်ပေါင်း ၂၅ နှစ်ကျော် စုဆောင်းထားသော နိုင်ငံတကာ ဈေးကွက်ဝင် A ,B,C, D အဆင့်ရှိ ကျောက်စိမ်းတန်ချိန် ၁၀၀၀ ကျော်ကို အသုံးပြုတည်ဆောက်ထားပါသည်။

ငှက်ပျောဖူးတွင် A အဆင့်ရှိ ကျောက်စိမ်းဖြင့် ပူဇော်ထားရှိပြီး စိန်ဖူးတော်ကြီးကိုလည်း ကျောက်စိမ်းဖြင့်သာ ပြုလုပ်ပူဇော်တပ်ဆင်ထားရှိပါသည်။

စေတီတော်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၃-၁၂-၂၀၁၂ ရက်က ကျင်းပခဲ့သည်။ ပန်းတစ်ခုံအလျားမှာ ၅၂ ပေ ခြောက်လက်မ၊ အနံ ၅၂ ပေ ခြောက်လက်မနှင့် အမြင့် ၁၂ ပေဖြစ်သည်။ ထီးတော်အမြင့် ခုနစ်ပေ၊ ငှက်ပျောဖူး အမြင့် ရှစ်ပေခြောက်လက်မ ဖြစ်ပါသည်။ ပန်းတင်ခုံအတွင်းရှိ မုခ်ဦး လေးမုခ်တွင် ဉာဏ်တော် ၃၁ လက်မရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် လေးဆူကို ပူဇော်ကိုးကွယ်ထားရှိပါသည်။

မုခ်ဦးလေးခုအပါအဝင် လှေကား၊ မကန်း၊ သရက်ကင်း၊ စိန်တောင်များနှင့် ကျောက်စိမ်းစေတီတော်တစ်ဆူလုံးကို မြန်မာမှုအနုပညာလက်ရာများဖြင့် ဖန်တီးပေါင်းစပ်တည်ထားခြင်းဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဆင်ရွာမြင်းမှူး ကျေးရွာအုပ်စုကွင်းအမှတ် (၆၂၈)ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၃၆၀)အနောက်ဘက် ပေ ၆၀၀ ခန့်အကွာနှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း မိုင်တိုင် (၄/၇) တောင်ဘက် ပေ ၁၀၀၀ ခန့်အကွာတွင် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ရှိပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးထက် ကိုးပေမြင့်သောကုန်းမြေနေရာတစ်ခုတွင် တည်ထားခြင်းဖြစ်ရာ ရင်ပြင်တော်အကျယ်အဝန်းမှာ ပတ်လည် ၁၃၃ ပေ ခြောက်လက်မ ဖြစ်ပါသည်။ မန္တလေးမြို့သို့ ရောက်ရှိခဲ့ပါက ကမ္ဘာ့ပထမဦးဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးကို ဖူးမြော်နိုင်ကြရန် ရေးသားတင်ပြလိုက်ပါသည်။

**ကိုမိုး(ရွှေပြည်သာ)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်လအတွင်း နိုင်ငံခြားသားခြောက်သောင်းခန့် ရောက်ရှိဖူးမြော်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၅ ဩဂုတ်လတွင် ပြည်ပနိုင်ငံပေါင်း ၃၂ နိုင်ငံမှ နိုင်ငံခြားသား ၂၈၀၇၉ ဦးနှင့် စက်တင်ဘာလတွင် ပြည်ပနိုင်ငံပေါင်း ၃၂ နိုင်ငံမှ နိုင်ငံခြားသား ၂၉၉၂၇ ဦး နိုင်ငံခြားသားဧည့်သည် ခြောက်သောင်းခန့် ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

စက်တင်ဘာလအတွင်း ရောက်ရှိသည့် နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံသား ၇၉၂၅ ဦး၊ တရုတ် ၃၃၀၆ ဦး၊ ဂျပန် ၂၁၂၁ ဦး၊ ကိုရီးယား ၂၁၀၆ဦး၊ ပြင်သစ် ၁၇၂၇ ဦး အပါအဝင် စုစုပေါင်း ၂၉၉၂၇ ဦးရောက်ရှိကြပြီး ဧည့်ဝင်ကြေးအဖြစ် ငွေကျပ် ၂၃၉၄ သိန်းကျော် အလှူခံရရှိခဲ့သည်။ ယခင် ဩဂုတ်လတွင် နိုင်ငံခြားသား ၂၈၀၇၉ ဦးထံမှ ငွေကျပ် ၂၂၄၆ သိန်းကျော် ဧည့်ဝင်ကြေးအဖြစ် အလှူခံရရှိခဲ့ကြောင်း သိရသည်။

**(ကိုချစ်)**



# အဆင့်မြင့်ပျံသန်းလေ့ကျင့်မှုဆောင်ရွက်ရန် လေယာဉ်တစ်စင်း ထပ်မံဝယ်ယူ

**နေပြည်တော် အောက်တိုဘာ ၆**

ထူးဖောင်ဒေးရှင်းနာယက ဦးတေဇ ဦးစီးဖွင့်လှစ်ထားသည့် ပုသိမ်မြို့ရှိ Myanmar Aviation Academy သင်တန်းတွင် အဆင့်မြင့်ပျံသန်းလေ့ကျင့်မှုများ ဆောင်ရွက်ရန်အတွက် စက်နှစ်လုံးတပ် Model : DA 42 NG လေယာဉ်တစ်စင်း အသစ်ထပ်မံဝယ်ယူ၍ အောက်တိုဘာ ၄ ရက်တွင် ဩစတြီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

DA 42 NG လေယာဉ်ကို သင်တန်းသားများ စက်နှစ်လုံးတပ် လေယာဉ်မောင်းအတွေ့အကြုံများ ရရှိစေရန်အတွက် ရည်ရွယ်၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ MAA သင်တန်းတွင် အပတ်စဉ်တက်ရောက်သင်ကြားနေသည့် သင်တန်းသားများအနက် အပတ်စဉ် (၁) ခုလျှင် ၁၀ ဦး ရွေးချယ်၍ ထူးဖောင်ဒေးရှင်းမှ Scholarship Program ပေးပြီး သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ဟင်္သာတမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

**ဟင်္သာတ အောက်တိုဘာ ၆**

ငါးသိုင်းချောင်းမြို့မှ ငါးသိုင်းချောင်း-ကျုံပျော်-ဟင်္သာတကားလမ်းအတိုင်း ဟင်္သာတမြို့သို့ ယာဉ်မောင်းဆံရှည် (စိစစ်ဆဲ) မောင်းနှင်လာသော ဟွန်ဒိုင်းအမျိုးအစား ဧရာစံမှန်လုံ ခရီးသည်တင်မော်တော်ယာဉ်သည် ယနေ့နံနက် ၈ နာရီက ဟင်္သာတမြို့နယ် ပိတောက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းကွေ့အရောက်တွင် လမ်းယာဘက်သို့ ထိုးကျပြီး လမ်းဘေးရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း လူနာများကို ရှားခဲတိုက်နယ်ဆေးရုံနှင့် ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖလွိုက်မေဝယ်သာနဲ့အတူ ဘိုရာဘိုရာကို အလည်အပတ်ထွက်ခဲ့တဲ့ ဂျက်စတင်ဘီဘာ



"Baby"သီချင်းဖြင့်စတင်နာမည်ကျော်ခဲ့သော အမေရိကန်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာသည် ကမ္ဘာကျော်လက်ဝှေ့ကစားသမား ဖလွိုက်မေဝယ်သာနှင့်အတူ ပြင်သစ်နိုင်ငံရှိ ဘိုရာဘိုရာကျွန်းသို့ အလည်အပတ်ထွက်ခဲ့သည်။

အဆိုပါအားလပ်ရက်ခရီးရှည်အတွင်း ပြီးခဲ့သည့် စနေနေ့ညပိုင်းတွင် နှစ်ယောက်အတူ ကာရာအိုကေသီချင်းများလည်း သီဆိုခဲ့ကြကြောင်း တီအမ်ဇက် ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ဂျက်စတင်ဘီဘာ၏သီချင်း "What Do You Mean"ကို နှစ်ယောက်အတူသီဆိုဖျော်ဖြေရန် ပြင်ဆင်နေစဉ် ဟိုတယ်ဝန်ထမ်းများက လာရောက် တားမြစ်သဖြင့် ရပ်နားခဲ့ရပြီး သူတို့နှစ်ဦးသီချင်းဆိုရာသို့ ပရိသတ် ၂၅ ဦးခန့် လာရောက်အားပေးခဲ့ကြောင်းသိရသည်။

## လူသတ်မှုနဲ့ တရားရင်ဆိုင်ရဖွယ်ရှိနေတဲ့ နစ်ခ်ဂေါ်ဒန်

အမေရိကန်အဆိုတော်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ ဘော်ဘီခရစ်စတီးနားဘရောင်း၏ ပြီးခဲ့သည့် ဇူလိုင် ၂၆ရက်က သေဆုံးသွားခဲ့သော အမှုအတွက် ဘော်ဘီ၏ခင်ပွန်းဖြစ်သူ နစ်ခ်ဂေါ်ဒန်အား လူသတ်မှုအတွက် သံသယဖြင့် ဂျော်ဂျီယာပြည်နယ်တရားရုံးက လျှို့ဝှက်စုံစမ်းနေကြောင်းနှင့် နစ်ခ်အနေဖြင့် တရားရင်ဆိုင်ရဖွယ်ရှိကြောင်း ယူအက်စ်ဝိခ်ကလီး သတင်းစာက ဖော်ပြခဲ့သည်။


အသက် (၂၅)နှစ်အရွယ် နစ်ခ်သည် ဘော်ဘီအား အဆိပ်ဖြစ်စေသော ကော့တေး တိုက်ခဲ့သည်ဆိုသောစွဲချက်ဖြင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

နာမည်ကြီး အဆိုတော်နှစ်ဦးဖြစ်သည့် ဘော်ဘီဘရောင်းနှင့် ဝှီကေးနေ ဟောစတွန်တို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ အသက်(၂၂)နှစ်အရွယ် ဘော်ဘီခရစ်စတီးနားဘရောင်းသည် ပြီးခဲ့သည့် ဇန်နဝါရီလ ၁ရက်က သူ၏နေအိမ်ရေချိုးကန်ငယ်အတွင်း မှောက်လျက်လဲကျနေသည်ကို တွေ့ရှိခဲ့ရပြီး ထိုအချိန်မှစတင်ကာ သေဆုံးချိန်အထိ သတိလစ်မေ့မျောနေခဲ့ရာမှ ဇူလိုင် ၂၆ရက်တွင် ဆေးရုံ၌ပင် ကွယ်လွန်သွားခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူနစ်ခ်အား လူသတ်မှုဖြင့် တရားရုံးက သံသယရှိနေခဲ့သည်။ နစ်ခ်ကိုယ်တိုင်က ဘော်ဘီရေချိုးကန်အတွင်း လဲကျနေသည်ကို မတွေ့ရှိရမီညက ဘော်ဘီကိုရိုက်နှက်ခဲ့သေးသည်ကို ဝန်ခံခဲ့သော်လည်း အခြားသောစွပ်စွဲချက်များကိုမူ ငြင်းဆန်ခဲ့သည်။ လတ်တလောတွင် စုံစမ်းခြင်းလုပ်ငန်းများမပြီးဆုံးသေးသည့်အတွက် တရားသူကြီးက ဘော်ဘီ၏ ဆေးစစ်ချက်များကို အများပြည်သူရှေ့သို့ထုတ်ဖော်ချပြခြင်းကို ပိတ်ပင်ထားကြောင်းလည်း သိရသည်။

အေးပြည့် - စုစည်းသည်။

## လက်ထပ်တော့မယ့် ဟန်ဂရို



အသက် (၂၃)နှစ်အရွယ် တောင်ကိုရီးယား မင်းသမီးချော ဟန်ဂရိုက သူဟာ တစ်နှစ်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်းနဲ့ လာမယ့် နိုဝင်ဘာလ ၈ ရက်မှာ လက်ထပ်ရန်စီစဉ်ထားကြောင်း အောက်တိုဘာ ၄ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာကနေ တစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီးဟန်က သူ့ရဲ့သတို့သားလောင်းဟာ အနုပညာရှင်တစ်ဦး မဟုတ်ဘဲ သူ့ရဲ့ကျောင်းတုန်းက စီနီယာတစ်ဦးသာဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

ဟန်က "ဒီမနက် ကျွန်မရဲ့ဖုန်းမြည်သံကြောင့် လန့်နိုးလာခဲ့တယ်။ ဖွင့်ကြည့်လိုက်တော့ ကျွန်မလက်ထပ်တော့မယ်ဆိုတဲ့အကြောင်းရေးသားထားတဲ့ ဆောင်းပါးကိုဖတ်လိုက်ရတော့ တကယ်ကို အံ့ဩမိတယ်။ လက်ထပ်တော့မှာနဲ့ပတ်သက်ပြီး ကျွန်မပရိသတ်ကို ကိုယ်တိုင်ပြောပြချင်တာမို့ ခုလိုပြောပြဖြစ်တာပါ။ ကျွန်မအရွယ်က ငယ်သေးပေမယ့် ကျွန်မကိုတကယ်ရိုးသားစွာ ချစ်တဲ့သူလို့ ယုံကြည်တာမို့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ။ လက်ထပ်ပြီးရင်လည်း အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်သွားမှာမို့ ပရိသတ်ကြီးကို ဆက်လက်အားပေးဖို့ တောင်းဆိုချင်ပါတယ်"လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေပြီး

## တေးအယ်လ်ဘမ်သစ်အတွက် လော့စ်အိန်ဂျယ်လိစ်ကို သွားရောက်ခဲ့တဲ့ iKON

တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့သစ်တစ်ဖွဲ့ဖြစ်တဲ့"iKon" ဟာ ၎င်းတို့ တေးအယ်လ်ဘမ်သစ်ထွက်ရှိနိုင်ရေးကြိုတင်ပြင်ဆင်နေပြီဖြစ်ကာ အဆိုပါတေးအယ်လ်ဘမ်ကို လော့စ်အိန်ဂျယ်လိစ်မှာ ဖန်တီးအသံသွင်းမှာဖြစ်တဲ့အတွက် အောက်တိုဘာ ၅ရက်က အဆိုပါမြို့ကို ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း သူတို့ရဲ့ဖျော်ဖြေရေးအေဂျင်စီ YG Entertainment က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်တွင်ပါဝင်သော တေးသီချင်းသစ်နှစ်ပုဒ်ဟာ စက်တင်ဘာ ၁၅ ရက်က တေးအယ်လ်ဘမ်ရဲ့ ပထမပိုင်းကို ထုတ်လွှင့်ခဲ့ချိန်မှာ MBSရုပ်သံလိုင်းက ချီးမြှင့်ခဲ့တဲ့ "Music Core" ဆုနှင့် SBSရုပ်သံလိုင်းက ချီးမြှင့်ခဲ့တဲ့ "Inkigayo"ဆုများကို ရရှိခဲ့ပါတယ်။

အဆိုပါအဖွဲ့၏ တေးအယ်လ်ဘမ်သစ် "Welcome Back"ကို လာမည့် နိုဝင်ဘာ ၂ရက်မှာ အပြီးသတ်ထုတ်လုပ်သွားနိုင်ရန် စီစဉ်ထားကြောင်းလည်း သူတို့ရဲ့ အေဂျင်စီက ပြောကြားခဲ့ပါတယ်။

❑ ❑ ❑



## ရုပ်မြင်သံကြားအစီအစဉ်များ

၇ - ၁၀ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ Cartoon Series (Welcome To Sky Ville)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၇)
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၀၅ ဟင်းချက်ရအောင်
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၆)
- ၁း၀၀ "ဘဝကောင်းစားရေးနှင့် ဘဝလွတ်မြောက်ရေး" တရားတော် [ဆရာတော်အရှင် ဝေပုလ္လဇောတိ (ခိုနားရာဆရာတော်)]
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၄)
- ၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၅)
- ၃း၅၅ Cartoon Series (Welcome To Sky Ville)
- ၄း၃၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၅း၀၀ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၆)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၅)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၈)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၇)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ Let's talk
- ၁၀း၃၀ MRTV-4 Stage
- ၁၂း၁၀ World Of Knowledge (Master of Disaster: Blast Force)
- ၁း၄၅ Day Care Center For The Aged
- ၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (တရားမြတ်၏ ရောင်ခြည်တော် မဟာမေမ္မရံသီအိမ်တော်ရာ စေတီတော်)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၁ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၄၅ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၇၉)
- ၆း၀၆ Amazing Cities
- ၆း၁၅ Meet With The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၂၂)
  - ရယ်စရာပျော်စရာဟာသကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၃၂)

### mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Mahar Thakya Atula Man Aung - Nga Htat Kyee |
| 07:42 | Development Momentum Of Sittway |
| 08:03 | News |
| 08:26 | Myanmar Childhood Games (Episode-III) |
| 08:36 | Htan Taw Drums (Part-II) "Dobat" |
| 08:52 | Cultural Show: Theatrical Make Up |
| 09:03 | News |
| 09:26 | Myanmar Masterclass: Atrist Dr. Ko Ko Gyi |
| 09:37 | Family of Toys |
| 10:03 | News |
| 10:26 | The Eel Business (Fisherman the eel culture) |
| 10:43 | Strolling Along A Memory Link - U Pein Bridge |
| 07:03 | News |
| 07:24 | Five Treasures in the Ancient City Of Mrauk U |
| 07:41 | One of the Useful Purposes of Bamboo |
| 07:49 | Grow Back for Posterity "The dawn of development" |
| 08:03 | News |
| 08:26 | Mosaic Painting (Precious Stones & Gems) |
| 08:43 | Up Against The Tide |

# ဆန်းဒါးလန်း အသင်း၏ နည်းပြသစ် ရှာပုံတော်



အဲဗာတန်အသင်းနည်းပြဟောင်း ဒေးဗစ်မိုယက်အား ခေါ်ယူရန်အတွက် ဆန်းဒါးလန်းအသင်းက စီစဉ်လျက်ရှိသော်လည်း ဆန်းဒါးလန်းအသင်း၏ ချဉ်းကပ်လာမှုကို ဒေးဗစ်မိုယက်က ငြင်းဆိုလိုက်ကြောင်းသိရသည်။

ဆန်းဒါးလန်းအသင်းအနေဖြင့် နည်းပြသစ်အဖြစ် ခန့်အပ်ရန် မိုယက်အား ချဉ်းကပ်လာခဲ့ခြင်းမှာ အောက်တိုဘာ ၃ ရက်က ဆန်းဒါးလန်းအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်ပြီးနောက် ဆန်းဒါးလန်းအသင်းနည်းပြ အက်ဗိုကက်သည် နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းသည် အောက်တိုဘာ ၁၇ ရက် တွင် ဝက်စ်ဘရွန်း အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ် မတိုင်မီ နည်းပြသစ်တစ်ဦး ခေါ်ယူနိုင်ရန် မျှော်လင့်လျက်ရှိပြီး ဝက်စ်ဟမ်းအသင်း နည်းပြဟောင်း အယ်လာဒိုစီ၊ လက်စတာအသင်း နည်းပြဟောင်း ပီယာဆင်နှင့် ဘန်လေအသင်းနည်းပြ ဆီယန်ဒိုင်ချီတို့သည်လည်း ဆန်းဒါးလန်းအသင်းခေါ်ယူမည့် နည်းပြများစာရင်းတွင် ပါဝင်လာခဲ့သည်။

ပီယာဆင်သည် ၎င်း၏ နောက်ဆုံးကိုးပွဲတွင် ခုနစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးကာ ပရီမီယာလိဂ်တွင် အကောင်းဆုံးရပ်တည်နိုင်ရေး စွမ်းဆောင်ပေးခဲ့သော်လည်း ယခုနှစ်နွေရာသီကာလတွင် လက်စတာ အသင်း၏ ထုတ်ပယ် ခြင်းကို ခံခဲ့ရသူဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ရှစ်ပွဲကစားခဲ့ပြီးသည်အထိ တစ်ပွဲမျှ နိုင်ပွဲရရှိထားခြင်း မရှိသေးပေ။ ထို့ကြောင့် နည်းပြအယ်လာဒိုစီသည်လည်း အသင်းနည်းပြအဖြစ်မှနုတ်ထွက်သွားခဲ့သည်။ အယ်လာဒိုစီသည် ၁၉၈၀-၈၁ တွင် ဆန်းဒါးလန်းအသင်း၏ ကစားသမားတစ်ဦး အဖြစ် ပါဝင်ပွဲထွက်ကစားခဲ့ပြီး ဘော်လ်တန်အသင်း၊ နယူးကာဆယ်အသင်း၊ ဘလက်ဘန်းအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့တွင် နည်းပြတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ အဆိုပါအသင်းများနှင့်အတူ ပရီမီယာလိဂ်၌ ၁၄ နှစ်ကြာ နည်းပြဘဝကို ဖြတ်သန်းခဲ့သော်လည်း ဆန်းဒါးလန်းအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ငြင်းဆိုခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်အပြီးတွင် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းအနေဖြင့် ဒေးဗစ်မိုယက်အား ခေါ်ယူရန်ကမ်းလှမ်း ခဲ့သော်လည်း နည်းပြ ဒေးဗစ်မိုယက်ကမူ လက်ရှိကိုင်တွယ်လျက်ရှိသည့် လာလီဂါကလပ် ရီးယဲလ်ဆိုစီဒက်အသင်း၌သာ ဆက်လက်တာဝန်ယူရန် ဆန္ဒရှိနေသည်ဟုဆိုသည်။ နည်းပြလက်မဲ့ဖြစ်နေသည့် ဆန်းဒါးလန်းအသင်းအနေဖြင့် လာမည့် ပရီမီယာလိဂ်ပွဲစဉ်မတိုင်မီ နည်းပြတစ်ဦးခေါ်ယူမည့်ရည်ရွယ်ချက် အထမြောက်ပါမည်လောဆိုသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ငွေကြယ် ရေးသားသည်

## ပရီမီယာလိဂ်ဖလား ပြန်လည်ဆွတ်ခူးနိုင်လျှင် လမ်းကြောင်းပြန်လည်တည့်မတ်သွားမည့်အာဆင်နယ်

အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ်ဖလားပြန်လည်ဆွတ်ခူးနိုင်လျှင် လမ်းကြောင်းပြန်လည်တည့်မတ် ကာ ချန်ပီယံအဖြစ်အကြိမ်ကြိမ်အောင်ပွဲခံနိုင်လိမ့် မည်ဟု ကွင်းလယ်ကစားသမား ကိုကွာလင်က သူ၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ အာဆင်နယ်သည်အောက်တိုဘာ ၄ရက်က ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ မန်ယူအား သုံးဂိုးပြတ်အနိုင်ယူကာ ချန်ပီယံခြေစွမ်းပြသနိုင်ခဲ့ သော်လည်း ဖိုလ်စွဲရန် ရေပန်းစားမှုအဆင့်မှာ စတုတ္ထနေရာ၌သာရှိနေသည်။

သို့သော် ကိုကွာလင်က အာဆင်နယ်၏ အလိုအပ်ဆုံးအရာမှာ ပရီမီယာလိဂ်ဖလားရယူရေးသာဖြစ်ပြီး အကယ်၍ ချန်ပီယံဆုပြန်လည် ရယူနိုင်ပါက ကျန်ဖလားများရယူရေးမှာ မခက်ခဲသော အနေအထား သို့ရောက်ရှိနိုင်လိမ့်မည်ဟု ဟောကိန်းထုတ်ပြောကြားထားသည်။ အာဆင်နယ်သည်မန်ယူအားဂိုးပြတ်နိုင်ပွဲရရှိအောင်ကစားနိုင်ခဲ့သော်လည်း စက်တင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်ခြောက်ပွဲတွင် သုံးပွဲ အထိရှုံးနိမ့်ကာ ခြေစွမ်းအတက်၊ အကျကို ထိန်းသိမ်းနိုင်မှုမရှိခဲ့သော ကြောင့် ဝေဖန်မှုများဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။

အာဆင်နယ်အနေဖြင့် ကစားရခက်ခဲသော မန်ယူ၊ ခရစ္စတယ်ပဲလေ့စ်နှင့် လက်စတာတို့ကိုအနိုင်ရရှိအောင်ကစားနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်၌ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ကာ အုပ်စုအဆင့်မှပင်ထွက်ရရန် အလားအလာများနေသည်။

ကိုကွာလင်က "ကျွန်တော်ရာသီအစမှာကတည်းက ပြောခဲ့ပါတယ်။ အာဆင်နယ်က ပရီမီယာလိဂ်ဖလားကို စိန်ခေါ်လာနိုင်မယ်လို့။ ဒါပေမယ့်လည်း ချန်ပီယံဆုပြန်လည်ဆွတ်ခူးနိုင်မှသာ လမ်းကြောင်း အလို အလျောက်ပြန်လည်တည့်မတ်သွားမှာပါ။ ဒါပေမယ့် အခက်ဆုံး အရာက ရလဒ်တွေကိုဆက်တိုက်ကောင်းမွန်အောင်ချဉ်းကပ်နိုင်ဖို့ဘယ်လိုလုပ်ရမလဲဆိုတာ အဖြေထုတ်ဖို့ပဲဖြစ်နေတယ်" ဟုဆိုသည်။

အာဆင်နယ်သည် ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲ ယှဉ်ပြိုင်အပြီးတွင် ရမှတ်၁၆မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂) နေရာတွင်ရပ်တည်နေသည်။

## ဘင်ဇီမာအား ပွဲချိန်ပြည့် ကစားစေမည့် ဒက်ချမ့်စ်




ပြင်သစ်တိုက်စစ်မှူး ကာရင်ဘင်ဇီမာသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်အတွက် ပွဲချိန်ပြည့် ဝင်ရောက်ကစားခွင့်မရဘဲ လူစားလဲခံနေရသည့် ကစားသမားအဖြစ်ရှိနေသော်လည်း ပြင်သစ်အသင်း၌မူ ပွဲချိန်ပြည့် ဝင်ရောက် ကစားခွင့်ရရှိမည်ဟုပြင်သစ်နည်းပြ ဒီဒီယာဒက်ချမ့်စ်က အာမခံချက်ပေးထားသည်။

ဘင်ဇီမာသည် ယခင်ရီးယဲလ်နည်းပြ အန်စလော့တီလက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရနေသော်လည်း နည်းပြသစ်ဘင်နီတက်ဇ်လက်ထက်တွင်မူ ပွဲချိန်ပြည့် ဝင်ရောက်ကစားခွင့်နည်းပါးနေသည်။

ဘင်ဇီမာသည် အယ်လ်မေးနီးယားနှင့် ဒိန်းမတ်တို့နှင့် ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပြင်သစ်လက်ရွေးစင်အသင်း၌ရွေးချယ်ခံထားရပြီး ဒက်ချမ့်စ်က ဘင်ဇီမာ၏ အရည်အချင်းအပေါ် သံသယမရှိယုံကြည်ကြောင်း ထောက်ခံချက်ပေးထားသည်။

ဘင်ဇီမာသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်အတွက် စုစုပေါင်း ရှစ်ပွဲ ဝင်ရောက်ကစားပေးခဲ့ရာ ပွဲချိန်ပြည့်ကစားရသော ပွဲဟူ၍ နှစ်ပွဲသာရှိခဲ့သော်လည်း သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြသနေသော ကစားသမားလည်းဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်

## ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ(ရှုံးထွက်)ဘောလုံးပြိုင်

**ပုသိမ် အောက်တိုဘာ ၆**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃) နှစ်အောက်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် ပွဲစဉ်(၁)အဖြစ် ကျောင်းကုန်းမြို့နယ် အသင်း(အနက်)နှင့် ကျုံပျော်မြို့နယ် အသင်း(အစိမ်းဖြူကျား)တို့ ယှဉ်ပြိုင်ကစားကြရာ သာမန်ပွဲကစားချိန်တွင် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီစနစ်ဖြင့်အနိုင်၊ အရှုံးဆုံးဖြတ်ရာ ကျောင်းကုန်းမြို့နယ်အသင်းက ငါးဂိုး-လေးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ အောက်တိုဘာ ၅ ရက် ပွဲစဉ်(၃)အထိ ဒေသခံဘောလုံးဝါသနာရှင်ပြည်သူများမှာ မြစ်ရေကျဆင်း၍ ရာသီအလိုက် သီးနှံစိုက်ပျိုးချိန်မရောက်ရှိသေးခြင်း၊ ဘောလုံးအားကစားအား စိတ်ပါဝင်စားကြခြင်းတို့ကြောင့် ပွဲစဉ်တစ်လျှောက် တစ်ခဲနက်လာရောက်အားပေးမှုများပြားလျက်ရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ထူးချွန်သောအားကစားသမားများကို ပုသိမ်ခရိုင်အား/ကာ ဦးစီးဌာနနှင့် ဧရာဝတီယူနိုက်တက် FC တို့က အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ရွေးချယ်ခေါ်ယူမြေတောင်မြှောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လု

**ထားဝယ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၃နာရီခွဲက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကို ကျင်းပရာ မြိတ်မြို့နယ်အသင်းနှင့် လောင်းလုံးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဝန်ကြီးများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် မြိတ်မြို့နယ် အသင်းက သုံးပွဲ- နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်ပေါင်းစုံ အမျိုးသမီးပြိုင်ပွဲတွင် တတိယရရှိသော မြိတ်မြို့နယ်အသင်းအား တိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး၏ ဇနီး ဒေါ်သောင်းမြင့်က လည်းကောင်း၊ ဒုတိယရရှိသော တနင်္သာရီမြို့နယ်အသင်းအား စိုက်ပျိုး/မွေးမြူရေးဝန်ကြီး၏ ဇနီး ဒေါ်နီနီလွင်ကလည်းကောင်း၊ ပထမရရှိသော သရက်ချောင်းမြို့နယ်အသင်းအား တရားလွှတ်တော် တရားသူကြီးချုပ်၏ ဇနီး ဒေါ်သက်ထားက လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပေါင်းစုံအမျိုးသားပြိုင်ပွဲတွင် တတိယရရှိသော ပုလောမြို့နယ်အသင်းအား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က လည်းကောင်း၊ ဒုတိယရရှိသော လောင်းလုံးမြို့နယ်အသင်းအား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းကလည်းကောင်း၊ ပထမရရှိသော မြိတ်မြို့နယ်အသင်းအား တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်ပေါင်းစုံအမျိုးသား အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မြို့နယ်များအား တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လှိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းများသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့အထွက် လှိုင်လင်-ပင်လုံသွား လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် အောက်တိုဘာ ၁ ရက်က လှိုင်လင်မှ ပင်လုံဘက်သို့ ကျော်မြင့်(ခ)ကျန်းတာဟူမောင်းနှင်ပြီး နေမျိုးခိုင်(ခ)ဝမ်ချင်ဖျင်း လိုက်ပါလာသည့် ယာဉ်အမှတ် 6G/----၊ FORTUNER ယာဉ်ကို ရှာဖွေရာ ဆီတိုင်ကီအံ့ဝှက် အတွင်းမှ ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း၊ ဘိန်းညိုမှုန့် ၄ ကီလို၊ ယာဉ်နောက်ပိတ်အတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




ကျော်မြင့်(ခ) ကျန်းတာဟူနှင့် နေမျိုးခိုင်(ခ) ဝမ်ချင်ဖျင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ခရီးဆောင်အိတ်အတွင်း အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ယနေ့နံနက် ၇ နာရီခန့်က ရန်ကင်းတောင်အတက်လမ်း လမ်းဘေးတစ်နေရာ၌ ခရီးဆောင်အိတ်အတွင်း ထည့်သွင်းလျက် လာရောက်စွန့်ပစ်ထားသော အမျိုးသားအလောင်းတစ်လောင်းအား တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ရန်ကင်းတောင်အတက်လမ်းသို့ လမ်းလျှောက်လာသူအချို့မှ အလျား နှစ်ပေ၊ အနံ တစ်ပေခွဲ၊ အမြင့် ၁၀ လက်မရှိ ဘီးတပ်လက်တွန်း တရုတ်နိုင်ငံထုတ် Nanxiang တံဆိပ်ပါ ခရီးဆောင်အိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိခဲ့ရာ ပုသိမ်ကြီးမြို့နယ် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ပုသိမ်ကြီးမြို့နယ် ရဲစခန်းမှတာဝန်ရှိသူများသည် အကြောင်းကြားသည့်နေရာသို့ သွားရောက်၍ ခရီးဆောင်အိတ်အားဖွင့်လှစ် စစ်ဆေးရာ အိတ်ထဲတွင် အမျိုးသားတစ်ဦး ဦးခေါင်းဝဲဘက် ချိုစောင်း နှစ်လက်မခန့်ပေါက်ပြဲဒဏ်ရာတစ်ချက်၊ နဖူးထိပ်ဖူးရောင်ဒဏ်ရာ တစ်ချက်၊ နှုတ်ခမ်းဖူးရောင် ဒဏ်ရာတစ်ချက်တို့ဖြင့် မကြာသေးခင်မှ သေဆုံးခဲ့ရသည့် လက္ခဏာများဖြင့် အိတ်အတွင်းခွေခေါက်ထည့်ထားလျက် တွေ့ရှိရသည်။

အဆိုပါ သေဆုံးနေသည့် အမျိုးသားအလောင်းသည် အသက် (၄၀) ဝန်းကျင်ခန့်ဖြစ်ပြီး ရင်ဘတ်တွင် ငါးရုပ်နှင့် ဘုရင်ရုပ်၊ ယာဘက်လက်မောင်းတွင် ကနုတ်ပန်း၊ လက်ဖျံတွင် အိမ်မြှောင်ရုပ်၊ ဝဲဘက်လက်မောင်းတွင် ပန်းပွင့်ကနုတ်ပန်းများ၊ ကျောကုန်းဘက်တွင် ငှက်ရုပ်နှင့် နဂါးရုပ်၊ ခြေသလုံးတွင် အင်းကွက်ပုံသဏ္ဌာန် ဆေးမင်ကြောင်ရုပ်များ ပါရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူအမျိုးသားအလောင်းကို မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ဖြစ်စဉ်အမှန်သိရှိနိုင်ရန် ဆေးစာဖြင့် တင်ပို့ထားပြီး ပုသိမ်ကြီးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရိန်(မန်း)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ကောင်းလှ၊ မအေးလေး(ခ)အေးအေးလွင်နှင့် ခင်ဇော်ငြိမ်းတို့သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၆**

ညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာ ဒေါနရပ်ကွက် အထက(၁) ကျောင်းအနီး လမ်းမပေါ်၌ အောက်တိုဘာ ၄ ရက်က ကောင်းလှမောင်းနှင်ပြီး မအေးလေး (ခ) အေးအေးလွင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မြဝတီမြို့ ရွာသစ်ကျေးရွာ ၉၀၁ ဝင်းနေ မူးယစ်ဆေးဝါးရောင်းချသူ ခင်ဇော်ငြိမ်းအား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ခင်ဇော်ငြိမ်းနှင့် တစ်ရပ်ကွက်တည်းနေ အောင်မြင့်(ခ)စောလွင်ဦး၏ နေအိမ် ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အခန်းနံရံ၌ ချိတ်ဆွဲထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၁ ရက်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကွက်သစ်နေ ခင်ဇော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မန္တလေး အောက်တိုဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၁၇)မန္တလေး(မြောက်ပိုင်း)မှ ဒုရဲမှူးလှလွင်ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ အောင်မြေသာစံမြို့နယ် (၁၆)လမ်း (၈၇×၈၈)လမ်းကြား (၁၆)လမ်းပေါ်တွင်တွေ့ရှိရသူ ထွန်းထွန်းဝင်း(ခ) ထွန်းထွန်းအား စစ်ဆေးရှာဖွေရာ 88နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆ ပြား (အလေးချိန် ၁၀ ဒသမ ၆ ဂရမ်ခန့်)နှင့် ဆင်းကတ်နှစ်ခုပါ HUAWEI အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ၎င်းအား စစ်မေးရာ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများအား လွန်ခဲ့သည့်တစ်နှစ်ခန့်က စက်မှု(၁)စက်မှုဇုန်တွင် ခင်မင်ရင်းနှီးခဲ့သည့် ကားသမားကျော်ဟိန်းထံမှ ဆေးပြားတစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူထားသည့်ဆေးပြားများဖြစ်ကြောင်း၊ ကျော်ဟိန်း၏ နေရပ်လိပ်စာအား အတိအကျမသိရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားသည်။

**(ကြေးမုံ)**

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

RUBY ကားစီးလုံးငှားသည် 519100 09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၈၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

တရုတ်
စကားပြောခဲ့ပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

t r n ajymi;
အထက(၃) မင်္ဂလာဒုံမြို့နယ် ၂၀၁၅ /၁၆ ဆဋ္ဌမတန်း(A)တွင် ပညာသင်နေသော အဖ ဦးခင်မောင်မြင့် [၁၂/သကတ(နိုင်)၁၀၀၅၁၉]၏ သမီး မလင်းထက်ထက်မောင်အား မယဉ်မှူးဟန်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉၇)၊ မြေကွက်အမှတ်(၁၉၉)၊ (၁. ၄၉၆)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၉၉)၊ သစ်ခွစိုက်ပျိုးရေးအထူးဇုန် ဘားလားရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ခွအထူးဇုန်လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ အမည်ပေါက် ဗိုလ်ကြီးစိုးကျော်ဦး[၁၂/တမန(နိုင်)၁၀၈၈၂၈]ကိုယ်တိုင်မှ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာပျောက်ဆုံးကြောင်း၊ ရဲစခန်း၊ မြို့နယ်အထွေထွေဦးစီးဌာန အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြေပြင်တွင် နေထိုင်ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာနှင့် ငွေသွင်းချလန်မိတ္တူတို့ကို တင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၅ ခုနှစ် သီတင်းကျွတ်ဘုရားဖူး ဈေးဝယ်ခရီးစဉ်
ထားဝယ် နယ်စပ် – ထီးခီး (ကန်ချနာဗူရီ)
၂၃ - ၁၀ - ၂၀၁၅ မှ ၂၉ - ၁၀ - ၂၀၁၅ အထိ
သုခစိန်စာပေ 01 253079 / 09 51 55654 / 09 30184137

## တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၊ ယဉ်ကျေးမှုရတနာခန်းမတွင် တပ်ဆင်အသုံးပြုရန် အောက်ပါလုပ်ငန်းအတွက် တင်ဒါခေါ်ယူအပ်ပါသည်-
-Simultaneous Interperation System (60 Nos) included Conference System (20 Nos) ဆောင်ရွက်ခြင်း၊
၂။ တင်ဒါပုံစံများကို ၈-၁၀-၂၀၁၅ ရက် နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ရုံးအမှတ် (၃၅)၊ ဝန်ကြီးရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ ၁၉-၁၀-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ တင်ဒါများကို တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစစ်ဆေးမည်မဟုတ်ပါ။
၄။ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်း ဆောင်ရွက်မည့်ရက်ကို ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၀၃၀၊ ၄၀၈၄၈၂**

Mingalar Cinemas
သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ
မင်္ဂလာဝဇီရာ | ဝင်းလိုက် | မြို့မ | မင်္ဂလာထွန်းသီရိ
ကြိုတင်လက်မှတ်ရောင်းပြီ
၂ ၊ ၁၀ ၊ ၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ။
ပြမြီ



ပြည်တွင်းရေးရာ

## ဘုတ်ပြင်းမြို့ရာဇမုနိဆုတောင်းပြည့် စေတီတော် ဓမ္မာရုံပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်

**ဘုတ်ပြင်း အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ရာဇမုနိဆုတောင်းပြည့်စေတီတော် ဓမ္မာရုံပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားအား အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အောင်မေတ္တာတောရကမ္မဋ္ဌာန်းကျောင်းတိုက် ဓမ္မာရုံတွင်ပြုလုပ်ရာ ဆရာတော်သံဃာတော်များ၊ ဘုတ်ပြင်းတပ်နယ် စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် တပ်နယ်မိသားစုများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်သည်။

အခမ်းအနားတွင် ဆရာတော်သံဃာတော်များထံမှ တက်ရောက်လာသူများက ငါးပါးသီလနှင့် ဩဝါဒကထာ ခံယူခဲ့ကြသည်။ ယင်းနောက် ဘုတ်ပြင်းတပ်နယ် မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖ စေတနာရှင်အလှူရှင်များက ရာဇမုနိဆုတောင်းပြည့်စေတီတော် ဓမ္မာရုံ ဘက်စုံပြုပြင်မွမ်းမံရေး အလှူငွေများ အသီးသီးပေးအပ် လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## မော်လမြိုင် သီရိမင်္ဂလာအိမ်ရာ ဒုတိယအဆင့် တိုက်ခန်းများအပ်နှံ

**မော်လမြိုင် အောက်တိုဘာ ၆**

မွန်ပြည်နယ်၏ ပထမဦးဆုံးသော သီရိမင်္ဂလာအိမ်ရာစီမံကိန်း၏ ဒုတိယအဆင့် နေအိမ်တိုက်ခန်းများအား ပိုင်ရှင်များလက်သို့ အပ်နှံပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခန့်က သီရိမင်္ဂလာရပ်ကွက်ရှိ အဆိုပါ အိမ်ရာစီမံကိန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး သီရိမင်္ဂလာအိမ်ရာစီမံကိန်းတည်ဆောက်ခဲ့သော UHM ကုမ္ပဏီ မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ရာ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က လက်ခံရယူခဲ့သည်။

ယင်းနောက် မွန်ပြည်နယ် ဝန်ကြီးချုပ်က လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသူများ ကိုယ်စားတိုက်ခန်းဝယ်ယူနေထိုင်ခွင့်ရသူ သုံးဦးအားလည်းကောင်း၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးတို့က အငှားဝယ်စနစ်ဖြင့် တိုက်ခန်းဝယ်ယူသူ ကိုယ်စား ဝယ်ယူနေထိုင်ခွင့်ရသူ နှစ်ဦးစီအား အခန်းသော့များ ပေးအပ်ခဲ့ကြသည်။

အဆိုပါစီမံကိန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး မြေညီထပ် တစ်ခန်းလျှင် ကျပ် ၁၃၅ သိန်း၊ ပထမထပ် တစ်ခန်းလျှင် ကျပ်သိန်း ၁၃၀၊ ဒုတိယထပ်တစ်ခန်းလျှင် ၁၂၅ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ကျပ်သိန်း ၁၂၀ နှုန်းဖြင့် လုပ်သက်ရင့် ဝန်ထမ်းများနှင့် ငှားရပ်ကွက်ခံ ဝန်ထမ်းမဟုတ်သော ပြည်သူများအား ငါးနှစ် အရစ်ကျ ပေးချေစနစ်ဖြင့်ရောင်းချခဲ့ကာ ပထမအဆင့် အနေဖြင့် ရှစ်ခန်းတွဲ ၄ ထပ် ၅ လုံး (အခန်းပေါင်း -၁၆၀) ကို ၂၀၁၅ မတ်လ ၂၇ ရက်က ပေးအပ်ခဲ့ပြီး ယခု ဒုတိယအဆင့်အနေဖြင့် ၈ ခန်းတွဲ ၄ ထပ် ၉ လုံး၊ (အခန်းပေါင်း- ၂၈၈) အား အပ်နှံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**



## မြိတ်မြို့တွင် အမျိုးသမီးတစ်ဦး ဆက်သွယ်ရေးတာဝါတိုင်ပေါ်တက်

**မြိတ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ တုံးဗျောကြီးကျေးရွာအုပ်စု တုံးဗျောငယ်ကျေးရွာတွင် အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီခွဲခန့်က စိတ်ဝေဒနာရှင် အမျိုးသမီးတစ်ဦးသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) တာဝါတိုင် ပေ ၁၂၀ အမြင့်သို့ တက်ရောက်ကာ မိမိကိုယ်ကိုသေကြောင်းကြံစည်မှုဖြစ်ပွားခဲ့သဖြင့် ကယ်ဆယ်မှု ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါတုံးဗျောငယ်ကျေးရွာနေ ဦး-----၏ ဇနီးဖြစ်သူ မ-----သည် ခင်ပွန်းဖြစ်သူနှင့် စကားများ ရန်ဖြစ်ပြီး ညနေ ၅ နာရီခွဲခန့်တွင် ကျေးရွာရှိ မြန်မာ့ဆက်သွယ်ရေးတာဝါတိုင်၏ အမြင့်ပေ ၁၂၀ ခန့်တွင် တက်ရောက်နေသည်ကို သတင်းအရသိရှိရသဖြင့် မြိတ်မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိဦးမျိုးသိန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ စုစုပေါင်း အင်အားရှစ်ဦးဖြင့် အဆိုပါအမျိုးသမီးအား သွားရောက်ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကယ်ဆယ်ရာတွင် လူနာကယ်သိုင်းကွင်းကြိုး၊ ကြိုးတက်ကြိုး ဆင်းသုံးသံမဏိကွင်း၊ ပေ ၁၀၀ အသက်ကယ်ကြိုးတို့ကို အသုံးပြုပြီး ကယ်ဆယ်ခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် အဆိုပါစိတ်ရောဂါရှိသူ အမျိုးသမီးအား အောင်မြင်စွာကယ်ဆယ်နိုင်ခဲ့ပြီး အဆိုပါ အမျိုးသမီးငယ်မှာ ယခုအခါ ကျေးလက်ကျန်းမာရေးဦးစီးဌာနတွင် လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

**မြိတ်ခရိုင်ပြန်/ဆက်**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား တောင်ကြီးတွင် ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမဦးစွာ အခမ်းအနားကို အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား မောင်သီဟမင်းဇင်က အသီးတစ်ရာ အညာတစ်ခုသီချင်းသီဆိုကပြ၍ ဖွင့်လှစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကမ္ဘာ့ဆရာများနေ့ World Teachers Day နေ့မှာ ကျေးဇူးရှင် ဆရာ၊ ဆရာမများ၏ ကျေးဇူးကို သတိရဖော်ကျူးဂုဏ်ပြုခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း၊ ပညာတတ်ခြင်းသည် အလွန်အရေးကြီးပြီး၊ ပညာတတ်အောင် သင်ယူကြရန် အထူးလိုအပ်ကြောင်း၊ ပညာတတ်အောင် သင်ကြားဖို့ရန် မည်သူ့မှာတာဝန်ရှိသလဲ၊ မည်သူတွေက တာဝန်ယူသင့်သလဲ၊ မေးရင် လူသားအားလုံးတွင် တာဝန်ရှိသည်လို့ ပြောရမည်ဖြစ်ကြောင်း လူသားအားလုံးထဲတွင် ဆရာကတော့အဓိကဖြစ်ပြီး၊ ကျန်သည့်လူမှုအသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုနှင့် ဆရာ၏စွမ်းရည်တို့ဖြင့် ပေါင်းစပ်နိုင်မှုသည် ပညာရေးတိုးတက်မှုကို ဖြစ်ပေါ်နိုင်စေကြောင်း၊ အားလုံးက မကောင်းတာပြင် ကောင်းတာယူပြီး ကောင်းသထက်ကောင်းအောင် တိုးတက်သထက်တိုးတက်အောင် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍအလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေပြီး ၂၁ ရာစုစိန်ခေါ်မှုများကို ဆရာများနှင့်အတူလက်တွဲ ရင်ဆိုင်ဖြေရှင်းကျော်လွှားသွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးမြင့်အောင်က ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားပြီး ကျောင်းသား ကျော်ဆုဟိန်းက 'အိုဘယ့်မြတ်ဆရာ' သီချင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ လေးများက 'ကွန်းခိုနားရာ၊ မြတ်ဆရာ' သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရာ အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်တို့လည်းကောင်း၊ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းတို့က လည်းကောင်း ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'မြတ်ဆရာ' သီချင်းဖြင့် ဂါရဝပြုသီဆို၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား နေရာအရောက် ကန်တော့ပစ္စည်းများ ပေးအပ်ပူဇော်ပေးအပ်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းစဉ် ဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ အမှတ် (၇)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို နံနက် ၈နာရီတွင် ဖွင့်လှစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ညိုညိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား ဧည့်ခံကျွေးမွေးခဲ့သည်။

အဆိုပါသင်တန်းအား အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



## ကျွန်းလှ စံပြကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိစေရန် မြေသားရေကန်တူးဖော်

**ကျွန်းလှ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သောက်သုံးရေဖူလုံစွာရရှိစေရန် စံပြကျေးရွာတွင် မြေသားရေကန်တူးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားရေကန်ကို Melon ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး (အလျား ၉၀ × အနံ ၉၀) ပေ အနက် ၅ ပေတူး၍ ကျေးရွာအတွင်း ရေဂါလန် ၁၀၀၀ ဆံ့ အုပ်ရေကန်နှင့် ရေပို့နိုင်ရန် ရေစက်၊ ရေပန့်တို့ကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ခံဦးကိုကိုအေးထံမှ သိရသည်။

ယခင်က ကျေးရွာတွင် ရေတွင်းများရှိသော်လည်း တချို့ရေတွင်းများမှာ ထုံးခါတ်ပါသော ရေသာရရှိ၍ သောက်ရေအဖြစ် ရေကန်ဟောင်းမှ ရေကိုသာ သုံးစွဲရကြောင်း၊ ယခုလို မြေသားရေကန်တူးပြီး ရွာတွင်းအထိ ပိုက်လိုင်းဖြင့် ပို့ပေးမည်ဖြစ်သည့်အတွက် သောက်ရေအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝေ၏ပြောပြချက်အရသိရသည်။

**မျိုးဝင်ညို(ကျွန်းလှ)**

## မြေငှားဂရန်ရရှိသည့် မြေပိုင်ရှင်များအား မြေဂရန်စာချုပ်များ ထုတ်ပေး

**မင်းတုန်း အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာအုပ်စု သရက်အုပ်ကျေးရွာမှ ဒေသခံပြည်သူများအား မြေငှားဂရန်စာချုပ်များ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက သရက်အုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အမှာစကား ပြောကြားပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်က မြေငှားဂရန် ထုတ်ပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်ရရှိသည့် မြေပိုင်ရှင် ၃၄ ဦးအား မြေဂရန်စာချုပ်များကို တစ်ဦးချင်းလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**မောင်ညီညာ(မြေလတ်)**

ဖတ်စရာ

# အမရပူရ တောင်သမန်ကျောက်တော်ကြီးဘုရားတွင် အမရပူရခေတ်နံရံဆေးရေးပန်းချီများကို လေ့လာနိုင်

**à စိုင်းလှူမင်း**

မန္တလေးတိုင်းဒေသကြီး အမရပူမြို့နယ်တွင် နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ တောင်သမန်သစ်သားတံတားကြီးသည် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်မှ အထူးစိတ်ဝင်စားပြီး လာရောက်အပန်းဖြေလေ့လာသည့်နေရာဖြစ်သည်။

ထို့ပြင် နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားသည့် တစ်နေရာဖြစ်သော တောင်သမန်ကျောက်တော်ကြီး ဘုရားအတွင်းရှိ အမရပူရခေတ် နံရံဆေးရေးပန်းချီလက်ရာများပင်ဖြစ်သည်။

အမရပူရမြို့၏ ကျောက်တော်ကြီးဘုရားသည် တောင်သမန်သစ်သားတံတားအရှေ့ထိပ် တောင်သမန်ရွာနှင့် ထန်းတောရွာကြားတွင်တည်ရှိသည်။ တောင်သမန်ကျောက်တော်ကြီးဘုရားကြီးသည် ဘိုးတော်ဗဒုံမင်းတရားကြီး၏မြေးတော် စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်းလက်ထက်တွင် ကျောက်တော်ကြီးစကျင်ကျောက် ရုပ်ပွားတော် စတင်ထုဆစ်စေခဲ့ပြီး စကျင်တောင်မှ ဧရာဝတီမြစ်ကြောင်းဖြင့် မင်းကွန်းအတိုင်း သယ်ဆောင်စေခဲ့သည်။

ရုပ်ပွားတော်ကို အမရပူရရွှေနန်းတော်၏ ဒက္ခိနာရပ် တောင်သမန်မြရိပ်တွင် ပင့်ဆောင်ကိုးကွယ်ခြင်းဖြစ်သည်။ ကျောက်တော်ကြီးကို နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားသောအရာမှာ အမရပူရခေတ် နံရံဆေးရေးပန်းချီများပင် ဖြစ်သည်။ နံရံဆေးရေးပန်းချီများသည် ကျောက်တော်ကြီးဘုရားလိုဏ်ဂူ လေးဖက်လေးတန် အမိုးနံရံများတွင် ရေးဆွဲထားသည်။



အမရပူရခေတ် ဘာသာသာသနာ ယဉ်ကျေးမှုကျောင်းတော်ပုံများ စေတီတော်ပုံများနှင့်အတူ အမရပူရခေတ် လူနေမှု၊ ဝတ်စားဆင်ယင်မှုများကို ထည့်သွင်းရေးဆွဲထားသည်။

ထိုလက်ရာများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အမရပူရခေတ် လူမှုရေး၊ စီးပွားရေး၊ ဝတ်စားဆင်ယင်မှုပုံရိပ်တို့ကို လေ့လာနိုင်သလို မျက်နှာကြက်အမိုးတွင် နက္ခတ်တာရာ ၁၂ ရာသီခွင်ရုပ်များကို လေ့လာနိုင်သည်။

ယခုအခါ တောင်သမန်ကျောက်တော်ကြီးဘုရားမှ အမရပူရခေတ် နံရံဆေးရေးပန်းချီများကို နိုင်ငံခြားသားခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စား လေ့လာလျက်ရှိကြောင်း သိရသည်။

# ကမ္မမြို့ရှိဘော်ဒါဆောင်တစ်ခုတွင် ကျောင်းသားနှစ်ဦး အိမ်သာကျင်းဟောင်းတွင် ပြုတ်ကျသေဆုံး

**ပခုက္ကူ အောက်တိုဘာ ၆**

ပခုက္ကူမြို့နယ် ကမ္မမြို့ရှိ ဘော်ဒါဆောင်တစ်ခုတွင် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ဘော်ဒါဆောင်ကျောင်းသားနှစ်ဦး အိမ်သာကျင်းဟောင်းအတွင်း ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကမ္မမြို့ အမှတ်(၆)ရပ်ကွက် လင်းမြတ်ဘော်ဒါဆောင်အနောက်မြောက်ဘက် ၁၀ ပေခန့်အကွာ အိမ်သာကျင်းဟောင်းပေါ်သို့ ထိုဘော်ဒါဆောင်နေ သက်နောင်ဝေ အသက် (၁၈)နှစ် နတ်ဦးယျာဉ်ကျေးရွာ ပေါက်မြို့နယ်နေသူမှ ဖြတ်လျှောက်သွားစဉ် မိုးရွာထားသောကြောင့် မြေပျော့နေ၍ အိမ်သာကျင်းအတွင်း ကျွံကျသွားခဲ့ရာ အနီးရှိသူငယ်ချင်းဖြစ်သူ အောင်မိုးသူ အသက်(၁၉)နှစ် သံဘိုကျေးရွာ ပခုက္ကူမြို့နယ်နေသူမှ ဆင်းဆယ်ရန်ပြုစဉ် အောင်မိုးသူမှာ ထပ်မံပြုတ်ကျသွားခဲ့သည်ကို ယင်းဘော်ဒါဆောင်နေကျောင်းသားတစ်ဦးက မြင်တွေ့ခဲ့သောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကမ္မနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

ယင်းကြောင့် ကမ္မနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မျိုးသန့်စိန်နှင့် တပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကမ္မမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဒေါ်ခိုင်သီတာဝင်း အသက်(၂၃)နှစ်၏ အိမ်ဘော်ဒါဆောင် အနောက်မြောက်ဘက် ၁၀ ပေခန့်အကွာရှိ မြေဖုံးထားသောအိမ်သာကျင်းအဟောင်း အိမ်သာကျင်း အဝ ၃ ပေခန့်၊ အနက် ၁၅ ပေခန့်၊ အကျယ် ၇ ပေခန့် အတွင်းသို့ ရဲတပ်သား ဝဏ္ဏဖြိုးသူက အိမ်သာကျင်းအတွင်းထဲသို့ ဆင်းဆယ်ယူခဲ့ခြင်းဖြစ်သည်။

သက်နောင်ဝေတွင် နဖူးအလယ်ဖူးရောင်ဒဏ်ရာ၊ မျက်ခုံးနှစ်ခုကြား ပွန်းပဲ့ဒဏ်ရာ၊ အောင်မိုးသူတွင် ညာလက်ကောက်ဝတ် ပွန်းပဲ့ဒဏ်ရာ၊ ဝဲနောက်ကျောဖူးရောင်ဒဏ်ရာတို့ဖြင့် နှစ်ဦးစလုံး၏ရုပ်အလောင်းများကို ဆယ်ယူရရှိခဲ့ပြီးနောက် ရဲဆေးစာဖြင့် ကမ္မတိုက်နယ်ဆေးရုံသို့ တင်ပို့ထားရှိခဲ့ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။

ယင်းကျောင်းသားနှစ်ဦး သေဆုံးခြင်းနှင့်ပတ်သက်၍ ကမ္မနယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၅)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# နဝဒေးအိမ်ရာ အိမ်ပိုင်ရှင်များအသင်း သင်းလုံးကျွတ်အစည်းအဝေး ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် နဝဒေးဥယျာဉ်အိမ်ရာ ဓမ္မာရုံတော်ကြီးအတွင်း၌ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက အိမ်ပိုင်ရှင်များအသင်း သင်းလုံးကျွတ်အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားအား အစီအစဉ်အရ သဘာပတိက အဖွင့်နှုတ်ခွန်းဆက်အမှာစကား ပြောကြားကာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရပ်ရပ်ကို အိမ်ပိုင်ရှင်အသင်းသူ၊ အသင်းသားများကို ရှင်းလင်းတင်ပြပေးခဲ့သည်။ ဘဏ္ဍာရေးမှူးက ၂၀၁၄-၂၀၁၅ ခုနှစ်ချုပ် ငွေစာရင်းရှင်းတမ်းများကို လက်ကမ်းစာစောင်များဖြန့်ဝေ၍ စနစ်တကျ ရှင်းလင်းခဲ့သည်။

ယင်းအခမ်းအနား၌ စက်တင်ဘာ ၁၃ ရက်တွင် ပဏာမရွေးချယ်တင်မြှောက်ထားသော စီမံခန့်ခွဲရေးကော်မတီဝင်များ၏ အမည်စာရင်းများကို ထည့်သွင်းဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့တက်ရောက်လာသည့် အိမ်ပိုင်ရှင်များအသင်းဝင်တစ်ဦးက နဝဒေးဥယျာဉ်အိမ်ရာအတွင်းရှိ အိမ်ရာနေမိသားစုဝင်များ အပန်းဖြေနားနေရန် ထည့်သွင်းဖွင့်လှစ်ပေးထားသည့် ရေကူးကန်အား ချင်စုမြန်မာကုမ္ပဏီမှ တာဝန်ရှိသူတချို့က လူတစ်ဦးလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ပြင်ပလူများကို ရေကူးခွင့်ပြုထားခဲ့ရာ ပြင်ပမှလာရောက်ရေကူးကြသူများထဲ၌ အရက်သေစာမူးယစ်သောက်စားလာကြသူများပါလာကြသဖြင့် အိမ်ရာဝင်းအတွင်းနေ မိသားစုဝင်များ၏ သားသမီးများ ရေကူးအပန်းဖြေရာ၌ ပြဿနာဖြစ်ပွားမည်ကိုစိုးရိမ်နေကြရသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန်လိုလားကြောင်း တင်ပြသွားခဲ့သည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

# လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဗန်းမော် အောက်တိုဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က ရွေးကောက်ပွဲအတွက် ကြိုတင်ဆောင်ရွက်ထားမှုအခြေအနေများနှင့် မြို့နယ်အလိုက်လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဒေါ်နန်းလှလှအေးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေးအတွက် မဲပေးပုံအဆင့်ဆင့်နှင့် မဲရုံပုံစံများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

# ဖာပွန်မြို့နယ် ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်စာချုပ်များ ပေးအပ်

**ဖာပွန် အောက်တိုဘာ ၆**

ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဝေ့မှုန်ကျေးရွာတွင် ဇူလိုင်လမှစ၍ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ၍ နိုင်ဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက အ. မ. က ဝေ့မှုန်ကျောင်းတွင် ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်များ ထုတ်ပေးပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြေငှားဂရန်ထုတ်ပေးရေးအဖွဲ့ဝင်များ၊ မြေငှားဂရန်ရရှိသည့် ကျေးရွာနေပြည်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ကျေးရွာပြည်သူများအနေဖြင့် ခိုင်မာသည့် တရားဝင်အထောက်အထားရရှိခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိကာ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေကြောင်း၊ မိမိပိုင်မြေအား တန်ဖိုးထားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ရေးမှူး ဦးအောင်သန်းဇော်က မြေငှားဂရန်တွင်ပါရှိသည့် အချက်အလက်များကိုရှင်းလင်းကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောအောင်မြသိန်းက ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာတွင် မြေငှားဂရန်ရရှိခြင်းဖြစ်ရာ လုပ်ငန်းတိုးချဲ့လုပ်ကိုင်သူများ၊ အရင်းအနှီးရယူလိုသူများအတွက် အခွင့်အလမ်းတစ်ခုရရှိလိုက်ပြီဖြစ်ကြောင်း ပြောကြား၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနေ့ အခမ်းအနားတွင်မြေငှားဂရန် စာချုပ်ရရှိသူ ၉၀ တို့အား တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ခဲ့သည်။

**ဖာပွန်(ပြန်/ဆက်)**

ရန်ကုန်မြို့ အလုံမြို့နယ် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ကမ်း၌ ဆိုက်ကပ်လျက်ရှိသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးသို့ အောက်တိုဘာ ၄ရက်တွင် ဥပဒေပညာရှင် စာရေးဆရာ ဦးဟန်ညွန့် (ဥပဒေ) က မြန်မာဥပဒေ စာအုပ်များ (Myanmar Law Books) ပေးအပ်လှူဒါန်းရာ Mv Logos Hope စာအုပ်သင်္ဘောကြီး၏ မန်နေဂျာ Mr. Sam Castro က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - (ကြေးမုံ)



# အရန်မီးသတ် မွမ်းမံသင်တန်း ဖွင့်လှစ်

**စေတုတ္တရာ အောက်တိုဘာ ၆**

သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်တားဆီး၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများအား ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဘူးကျေးရွာတွင် အရန်မီးသတ် မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။ အဆိုပါသင်တန်းအား မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇေယျာမင်းက ကြီးကြပ်ကွပ်ကဲ၍ စေတုတ္တရာမြို့နယ် ဘူးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ အထက်လယ်ကျေးရွာ၊ မကြီးကျေးရွာ၊ ပန်းအိကျေးရွာနှင့် ကျောက်တန်းကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့အား မီးသတ်ဝတ်စုံများနှင့် မီးသတ်အကူပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်၍ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း**

# နံ့နက်စောစော ထမင်းရည်သောက်ခြင်းဖြင့် ပိန်စေနိုင်

à ကြည်လွင်မြင့်(မုဒြာ)

နံနက်စောစောစားသောက်သော အစာအဟာရသည် လူကို ခွန်အားဖြစ်စေပြီး ဝဖြိုးစေနိုင်သည်။ ငယ်စဉ်အခါတွင် ခွန်အားပြည့်ဖြိုးပြီး ထွားကျိုင်းစေရန်၊ မှတ်ဉာဏ်၊ ထိုးထွင်းဉာဏ်ရင့်သန်စေရန်အတွက် နံနက်စာကို သားငါး၊ အသီးအရွက် အစုံပါအောင်ကျွေးသင့်သည်။ အနောက်တိုင်း သုတေသီများ၏ နောက်ဆုံးတွေ့ရှိချက်အရ ကြက်ဥကိုပင် နေ့စဉ် တစ်လုံး၊ အနှစ်ပါစားသုံးခြင်းဖြင့် ကိုယ်ခံအားပို၍ကောင်းပြီး ရောဂါကူးစက်မှုများကိုပင် ခံနိုင်ရည်ရှိစေနိုင်သည်ဟုဆိုသည်။

သို့သော် အသက်(၄၀)ကျော်လာသောအခါ လိုအပ်သည်ထက်ပိုပြီး ဝဖြိုးလာသောအခါ၊ သွေးစစ်ကြည့်၍ အဆီဓာတ်များလာသောအခါ ကျန်းမာရေးအတွက် နံနက်စာအဟာရကို လျှော့စားသင့်သည်။ ဖြစ်နိုင်လျှင် အဆီအသားတွဲနေသောအစာများကို ရှောင်သင့်သည့်။ ထမင်းစားလျှင်လည်း ဆန်စေးကိုရှောင်ပြီး ဆန်ကြမ်းကိုစားလျှင် ဆီးချို၊ သွေးတိုးရောဂါဘေးမှကင်းဝေးနိုင်သည်။ ထမင်းကို တစ်ဝကြီးမစားတော့ပဲ ပန်းကန်ပြားတစ်ချပ်၏ လေးပုံတစ်ပုံသာစားလျှင် အဝလွန်ခြင်းမှ ကာကွယ်နိုင်ပေသည်။

ကျန်းမာရေးကောင်းပြီး အသက်ရှည်ကြသော ရှေးမြန်မာများ၏နံနက်စာအဟာရမှာ ထမင်းရည်ပင်ဖြစ်သည်။ ထမင်းချက်လျှင် မြေအိုးနှင့်ချက်ကြသည်။ ထမင်းရည်ငှဲ့ပြီးသောအခါ မြေစလောင်းဖုံးအချွန်အတွင်းသို့ မောက်တက်လာသော ထမင်းဦးပေါင်းကို ဘုရားဆွမ်းတော်တင်ကြသည်။ ယခုခေတ်လူငယ်များမှာ ထမင်းဦးပေါင်းကို မမြင်ဖူးကြတော့ပေ။ ဒန်အိုး၊ ထမင်းပေါင်းအိုးတို့ဖြင့် ချက်ကြသဖြင့် ဦးပေါင်းကို မမြင်ဖူးကြခြင်းဖြစ်သည်။ ထမင်းဦးပေါင်းသည် အလွန်မွှေးသည်။ အချို့က ရဟန်းသံဃာများလောင်းလှူသောအခါ ဆွမ်းနံ့မွှေးစေရန် ဆွမ်းမွှေးရွက်ခေါ် အရွက်တစ်မျိုးကို ထည့်ချက်လေ့ရှိသည်။ ထမင်းဦးပေါင်း၏ရနံ့မှာ မြေအိုးဖြင့်ချက်သောကြောင့် မြေသင်းနံ့ရသည်ဟု ဆိုနိုင်သည်။ ထိုမြေသင်းနံ့သည် ပထဝီဓာတ်ဖြစ်သဖြင့် လူကိုကျန်းမာစေသည်ဟု ရှေးလူကြီးများက ဆိုကြသည်။

"ဦးပေါင်းကိုတဲ့ ဆွမ်းတော်တင် သံလွင်လွင်ကြေးစည်တီးတယ် . . . ထွန်းတဲ့ဆီမီး" ဟူသော ရှေးကဖတ်စာအုပ်တွင်ပါသော ကဗျာထဲမှ ထမင်းဦးပေါင်းပျောက်သွားသည့်နည်းတူ ထမင်းရည်သောက်သည့် မြန်မာ့ဓလေ့မှာလည်း ပျောက်ကွယ်သွားချိန်တွင် ထမင်းရည်၏ အဆီကျပိန်စေနိုင်သော ကောင်းကျိုးတစ်ခုကို တင်ပြလိုပါသည်။

ရှေးက မြန်မာကလေးများသည် အာဟာရအဖြစ် ထမင်းရည်ကို ဆားခတ်ပြီးသောက်ကြသည့် ဓလေ့ရှိသည်။ လူကြီးများကလည်း ဆွမ်းချက်သောအခါ ဦးစွာပွက်လာသော ထမင်းရည်ကိုသွန်ချပစ်ရမည့်အစား ငှဲ့ယူထားပြီး ဆေးဖက်ဝင်အဖြစ် သောက်သုံးလေ့ရှိကြသည်ဟု ရှေးမြန်မာ့ဓလေ့များ အကြောင်း ရေးသားချက်တွင် ဖတ်ရှုရဖူးသည်။

ထမင်းပေါင်းဦးရည်(ထမင်းရည်)သောက်သုံးခြင်းဖြင့် ဝသောသူကို ပိန်စေနိုင်သည်ဟု ရှေးနှစ်ပေါင်း (၁၀၀) ကျော်က "ဘေသဇ္ဇ မဉ္ဇူသာ" ဆေးကျမ်းကြီးတွင် ဖော်ပြပါရှိသည်။ မင်းတုန်းမင်း တရားကြီးလက်ထက်တော်က အိန္ဒိယမှယူလာသောဆေးကျမ်းကို ဟိန္ဒီစာတတ်သော ဘင်္ဂလားဆရာတော်ကြီးက ဘာသာပြန်ခဲ့သောဆေးကျမ်းကြီးဖြစ်သည်။ တိုင်းရင်းဆေးသမားတော်များ လက်ဆွဲထားရသောဆေးကျမ်းဖြစ်သည်။

ဤဆေးကျမ်းကြီးတွင် ဝသူကို ပိန်စေနိုင်သောအချက် (၂)ချက်ကို ဖော်ပြထားသည်။

(၁) နံနက်စောစော . . . မခုယုတံ . . . ပျားရည်နှင့်ရောသောရေကို သေဝိတံ မှီဝဲသုံးဆောင်မူ ထုလ္လနာသန် အလွန်ဝခြင်းကို ဖျက်ဆီးတတ်၏။

(၂) မန္ဒသထမင်း၏ဥဏှံပူနွေးသော . . . မဏ္ဍံဝိရသာဦးရည်ကိုလည်း၊ ပိဝံ ပီဝန္တော သောက်သောသူသည် ကိသတနု ပိန်သောကိုယ်ရှိသည် . . . ဘဝေ ဖြစ်၏ဟု အတိအလင်းရေးသားဖော်ပြထားသည်ကို ဖတ်ရှုလေ့လာရပါသည်။ ယခုခေတ်တွင် ထမင်းပေါင်းအိုးများဖြင့် အလွယ်တကူခလုတ်နှိပ်ပြီးချက်နိုင်သောကြောင့် ထမင်းဦးပေါင်းရည်ရယူရန် အခက်အခဲရှိနိုင်ပါသည်။ အကယ်၍ ရယူလိုလျှင် ထမင်းပေါင်းအိုးဖြင့်ချက်ရာတွင် ရေအနည်းငယ် ပိုထည့်ချက်ပါ။ ထမင်းကျက်၍ မနှပ်မီ အဖုံးဖွင့်၍ ဇွန်းဖြင့် လက်ဖက်ရည်ပန်းကန် နှစ်လုံးစာမျှ ထမင်းရည်ကိုခပ်ယူပါ။ နေ့စဉ်ရက်ဆက်၊ နံနက်စောစော တစ်လခွဲခန့် သောက်သုံးကြည့်ပါက အမှန်ပင် ဝမ်းဗိုက်ချပ်ပြီး ပိန်စေနိုင်ကြောင်း လက်တွေ့ကျင့်သုံးဖူးသူများမှ ပြောပြပါသည်။ အဆီကျပိန်စေနိုင်သော လွယ်ကူသည့်နည်းလမ်းဖြစ်သဖြင့် စမ်းသောက်ကြည့်ကြစေလိုသည်။

ငယ်စဉ်ကသင်ကြားရသော မြန်မာရာဇဝင်တွင် သာလွန်မင်းတရားသည် ဆင်စီးပြီး တိုင်းခန်းလှည့်လည်လာစဉ် ဆင်းရဲသားများနေထိုင်ရာ ဇနပုဒ်ရွာတွင် သူဆင်းရဲမတစ်ဦးသည် အပေါ်ဝတ်မပါ ထဘီရင်လျားဖြင့် မြေအိုးဖြင့်ချက်သော ထမင်းရည်ကို လမ်းပေါ်သို့ငှဲ့ချနေသည်နှင့်တိုးတော့သည်။ သာလွန်မင်းကြီးသည် ထိုဆင်းရဲသူမကိုခေါ်ယူပြီးလျှင် "ဟယ် . . သူမိုက်မ၊ သင်သည် အဖိုးတန်သော ထမင်းရည်ကို အဘယ်အတွက်ကြောင့် လမ်းပေါ်သို့ အချည်းနှီးသွန်ငှဲ့ပစ်လေသနည်း။ အမှန်မူ ဤ ထမင်းရည်အာဟာရကို သင်၏ကလေးငယ်များ အဆာပြေအဖြစ် တိုက်ကျွေး၍ရသည်။ အိမ်တွင်မွေးထားသော ခွေးသော်လည်း တိုက်ကျွေး၍ရနိုင်သည်။ နောင်တွင် ဤသို့ပြုမူသူများကို ပြစ်ဒဏ်ခတ်မည်" ဟု ဆုံးမတော်မူခဲ့သည်ဟု ဖတ်ရှုရဖူးပါသည်။

ထမင်းချက်ရာတွင် ရှေးအခါက မြေထမင်းအိုးဖြင့် အရည်ငှဲ့ချက်လေ့ရှိသည်။ မြေစလောင်းဖုံးထိပ်ချွန်တွင် နူးနပ်နေသောထမင်းကို ဦးပေါင်းဟုခေါ်သည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသဖြင့် ထိုထမင်းဦးပေါင်းကို ဆွမ်းတော်တင်လေ့ရှိကြသည်။ မြေအိုးမှ သံ၊ သတ္တု၊ ဒန်အိုးများ ခေတ်ပြောင်းသွားသောအခါ ဦးပေါင်းဟူ၍မရှိတော့။ ယခုခေတ်အခါတွင် လျှပ်စစ်ဖြင့် ခလုတ်နှိပ်ပြီးချက်သော ထမင်းအိုးများသာ မြို့ကြီးများတွင် အသုံးပြုကြသဖြင့် ထမင်းရည်ငှဲ့ချက်သော ဓလေ့မှာ ပျောက်ကွယ်သလောက်ဖြစ်သွားခဲ့လေပြီ။

ရှေးက ထမင်းချက်ရာမှ ငှဲ့၍ရသောထမင်းရည်ကို ဆားခပ်ပြီး ကလေးသူငယ်များကို အာဟာရအဖြစ် အဆာပြေတိုက်ကျွေးရုံသာမက လူကြီးများအစာကြေစေရန်နှင့် လေပူကျစေရန် တိုက်ကျွေးကြသည်။ လေပူကြောင့် ပါးစောင်၊ ခံတွင်းနှင့်လျှာများတွင် အနာများ၊ အပူကန်ဖုများထွက်လျှင် ထမင်းရည်ပူပူကို ဆားခတ်ပြီးတိုက်ပါက ပျောက်ကင်းနိုင်သည်။ ခြေထောက်ရေစိုသော မိုးတွင်း ကာလတွင် အထက်သို့ အပူကန်သောအနာသည် ပို၍ဖြစ်လေ့ရှိသည်။

ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်ပြုစုသော ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဖော်ပြထားသည်မှာ ထမင်းရည်သည် အစာကို များစွာစားနိုင်စေ၏။ ဆီးကို ရှင်စေတတ်၏။ သွေးကို ပွားစေတတ်၏။ အဖျားကိုနိုင်၏။ သလိပ်သည်းခြေကိုနိုင်၏။ အသက်ကို ရှည်စေတတ်၏။ ဤသို့ ဂုဏ်ရှစ်ပါးရှိ၏။ ထိုထမင်းရည်တွင် သဘော်ချဉ်းမှုန့်နှင့် သိန္ဓောခတ်၍သောက်လျှင် ဝမ်းမီးတောက်စေ၏။ အစာကို ကြေစေတတ်၏။

တစ်နည်း . . . ထမင်းရည်သည် ဝမ်းချုပ်၏။ ကြေလွယ်၏။ အေး၏။ ဝမ်းမီးကို တောက်စေတတ်၏။ ရသအစရှိသော ဓာတ်ခုနစ်ပါးတို့ကို ညီညွတ်စေတတ်၏။ အဖျားကိုနိုင်၏။ သောက်လျှင် ဝလွယ်၏။ အားကိုဖြစ်စေတတ်၏။ သလိပ်၊ သည်းခြေကိုနိုင်၏။ မောပန်းခြင်းကိုပယ်နိုင်၏။ ထမင်းရည်တွင် ပိတ်ချင်းမှုန့်၊ သဘော်ချဉ်းခြောက်မှုန့်ခပ်သောက်လျှင် လေကိုလည်စေတတ်၏။ အစာကိုကြေစေ၏ဟု ထပ်မံဖွင့်ဆိုထားသည်ကိုတွေ့ရပြန်သည်။

စာမေးပွဲဖြေချိန်ရောက်တိုင်း လျှာနှင့်ပါးစပ်တွင် အနီစက်ကဲ့သို့ အနာများထွက်လေ့ရှိသော သမီးငယ်တစ်ဦးကို ထမင်းနှင့်ဟင်းအပူအစပ်များ မကျွေးဘဲ နံနက်စောစော ထမင်းချက်၍ ထမင်းရည်ငှဲ့ပြီး တိုက်ကျွေးသောအခါ အနာများသက်သာလာသည်ကိုတွေ့ရပါသည်။

ထမင်းရည်သည် ဆန်ပြုတ်နှင့်မတူ၊ အအေးခံထားလျှင် အချဉ်ပေါက်လွယ်သဖြင့် ငှဲ့ပြီးပူတုန်းအချိန်တွင် တိုက်ကျွေးရန်သင့်သည်။ ဆားအသင့်အတင့်ခတ်ပြီးမှတိုက်လျှင် အရသာရှိပြီး လေကြေစေသည်။ လေကို အောက်သို့သက်စေနိုင်သည်။ အေးမှတိုက်ကျွေးလျှင် လေချဉ်ကို အထက်သို့ ပြန်တက်စေနိုင်သည်ကို သတိပြုဖို့လိုသည်။

အနောက်တိုင်းအာဟာရသုတေသီများက ထမင်းရည်ငှဲ့ချက်လျှင် အာဟာရဓါတ်များ ဗီတာမင် ဘီ(၂) ကဲ့သို့ ဓာတ်များပါသွားပြီး ဆုံးရှုံးနိုင်သည်ဟုဆိုသော်လည်း နောက်ပိုင်းဆီးချိုနှင့်ပတ်သက်သော သုတေသနပြုမှုများက ထမင်းရည်ငှဲ့ချက်သောထမင်းကိုစားသူထက် ထမင်းရည်ခန်းချက်စားသူက ပို၍ ဆီးချိုရောဂါဖြစ်စေနိုင်သည်ဟုဆိုသည်။ ထမင်းရည်ငှဲ့ချက်ခြင်းဖြင့် ဆီးချို သွေးချိုရောဂါကာကွယ်မှုကို အထောက်အကူဖြစ်နိုင်ပေသည်။ ။

## အယ်ဒီတာထံ ပေးစာ

### မီးစက်လုပ်ငန်းမှ ဆူညံသံ၊ ညှော်နံ့များနံ့

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သစ္စာလမ်းမကြီး ပုဏ္ဏမီမှတ်တိုင် အနီးရှိ အိမ်တစ်အိမ်တွင် မီးစက်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အဆိုပါလုပ်ငန်းမှ ဝရိန်ညှော်နံ့များ၊ သံပြားဖြတ်ရာမှ ထွက်ပေါ်လာသော ဆူညံသံများ၊ ညှော်နံ့များ၊ တင်ဒါနံ့နှင့် သုတ်ဆေးနံ့များကြောင့် ဆီးချိုရောဂါခံစားနေရသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးအတွက် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကလာသား**

### ကျူးကျော်ပျံကျဈေးအား ဖျက်သိမ်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းလမ်းပေါ်တွင် ရောင်းချနေသော ကျူးကျော်လမ်းဘေး ပျံကျဈေးကြောင့် ရပ်ကွက်တွင်းနေပြည်သူများအတွက် အလွန်ကျန်းမာရေးထိခိုက်စေပါသည်။ ယင်းဈေးကြောင့် လမ်းများပျက်စီးခြင်း၊ အမှိုက်သရိုက်များပြန့်ကျဲနေခြင်း၊ ဈေး၏စွန့်ပစ်အညစ်အကြေးများကြောင့် အမြဲညစ်ပတ်နံစော်ပြီး သာရေးနာရေးအတွက် သွားလာရေးခက်ခဲသည့်အခြေအနေများဖြင့် နိစ္စဓူဝကြုံတွေ့နေရသည်။

ထိုမျှမက တရားဝင်ဈေးမဟုတ်ဘဲ ကျူးကျော်လမ်းဘေး ပျံကျဈေးဖြစ်သောကြောင့် မလိုလားအပ်သော ပြဿနာပေါင်းများစွာ ဖြစ်ပေါ်နေပါသဖြင့် ၎င်းလမ်းဘေးပျံကျဈေးအား ဖျက်သိမ်းပေးပါရန် တင်ပြအပ်ပါသည်။

**အရိုးကုန်းလမ်း/ လမ်းသူလမ်းသားများ**

### အမိန့်မရ ညအိပ်ယာဉ်ငှားစခန်းကြီးအား တားဆီးဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် ဗားဂရာလမ်းမကြီးတစ်လျှောက်တွင် ယာဉ်များ စည်းကမ်းတကျရှင်းလင်းနေပြီဖြစ်သော်လည်း ဂမုန်းပွင့်ကုန်တိုက်နှင့် မျက်နှာချင်းဆိုင် စေတနာလမ်းထောင့်တစ်ဝိုက်တွင် အမိန့်မရ၊ ညအိပ်၊ အိမ်ပြောင်းအငှားစခန်းကြီးဖွင့်နေသည်မှာ နှစ်အတော်ကြာပါပြီ။ စေတနာလမ်းသည် နှစ်လမ်းမောင်းအသွားအပြန်လမ်းဖြစ်သော်လည်း ယခုအခါ ယာဉ်နှစ်စီးရှောင်၍မရတော့ဘဲ မကြာခဏယာဉ်ပွတ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် သောက်စားမူးယစ်သူများက လမ်းသွား ကျောင်းသူများအား ညစ်ညမ်းသောစကားလုံးများဖြင့် ခြိမ်းခြောက်နေပါ၍ အဆိုပါ စည်းကမ်းမဲ့ နေ့၊ ည အငှားယာဉ်စခန်းကြီးအား အမြန်ဆုံးဖယ်ရှားပေးနိုင်ရန် တင်ပြအပ်သည်။

**လမ်းသူလမ်းသားများ**

### သံချောင်းထုသံ ပတ်ဝန်းကျင်ဆူညံ

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၅)လမ်း အလယ်ဘလောက်တိုက် တစ်တိုက် မြေညီထပ်အတွင်းမှ သံပန်း၊ သံတံခါးလုပ်ငန်းနှင့် တိုက်အမှတ် ၁၂\H လူနေတိုက်ခန်းများအနီး လူသွားလမ်းပလက်ဖောင်းပေါ်မှ သံပန်း၊ သံတံခါးလုပ်ငန်းများသည် နေ့စဉ် သံလုံး၊ သံချောင်းများကို ထုရိုက် ဖြတ်တောက်နေသောအသံနှင့် ကြောက်စက်တိုက်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သော ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ကောင်းစွာအိပ်မရခြင်း၊ ကျောင်းသားကျောင်းသူများမှာ ကောင်းမွန်စွာစာမကျက်ရခြင်းတို့ကြောင့် လူနေရပ်ကွက်အတွင်းမှ အသံကျယ်လောင်စွာ ထွက်သော သံထည်လုပ်ငန်းများအား စိစစ် ဆောင်ရွက်ပေးပါရန် ကျောင်းသားမိဘများကိုယ်စား တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### ကားဘော်ဒီထုရိုက်သံ နားမခံနိုင်

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် (၁၆၇)လမ်းအတွင်းရှိ အမက(၁၈) အနီးတွင်ရှိသော ကားဘော်ဒီလုပ်ငန်း၊ ကားဝပ်ရှော့လုပ်ငန်းများ၊ ကားကူရှင်လုပ်ငန်းများ လုပ်ကိုင်နေသည်။ ၎င်းလုပ်ငန်းမှ သံပြားများကိုထုရိုက်၍ ဆူညံသံများ၊ ကားဘော်ဒီဆေးမှုတ်သဖြင့် ဆေးအနံ့အသက်များ ရှူရှိုက်ရခြင်း၊ ကားဆေးဟောင်းများခွာရာတွင် ဂတ်စ်ဘူးဖြင့် မီးရှို့ခွာခြင်းကြောင့် ဆေးအနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့ခြင်းများ ဖြစ်ပေါ်၍ အနီးပတ်ဝန်းကျင်ရှိ အိမ်ရှိလူများနှင့် ကျောင်းသားကျောင်းသူကလေးများ၏ ကျန်းမာရေးကို လွန်စွာထိခိုက်စေလျက်ရှိပါသည်။ ဆူညံသံကြောင့် စာသင်ကြားခြင်းကိုလည်း အနှောင့်အယှက်ဖြစ်နေပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများအား ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ထိခိုက်လျက်ရှိနေသဖြင့် သတ်မှတ်နေရာချထားပေးထားသည့် စက်မှုဇုန်များသို့ ပြောင်းရွှေ့ပေးရန် တင်ပြလိုက်ပါသည်။

**အိမ်နီးချင်းများနှင့် လမ်းသူလမ်းသားများ**

❐

## ဟိုပုံးမြို့၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ချက်လက်မှတ်ပေးအပ်

**ဟိုပုံး အောက်တိုဘာ ၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ချက်လက်မှတ်ပေးအပ်ပွဲကို စက်တင်ဘာ ဒုတိယပတ်က ဒေသဦးစီးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသို့ မြစိမ်းရောင်ရန်ပုံငွေ ချက်လက်မှတ်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက မြစိမ်းရောင်အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီသို့ မြစိမ်းရောင်အကောင်အထည်ဖော် ဆောင်ရွက်ရေးလက်စွဲစာအုပ်နှင့် ငွေစာရင်းထိန်းသိမ်းမှုစာရင်းများ လွှဲပြောင်းပေးအပ်ခဲ့ရာ ကျေးရွာဒေသခံများက လက်ခံရယူကြကြောင်း သိရသည်။

အဆိုပါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာအုပ်စု(၈)အုပ်စုမှ ကျေးရွာပေါင်း ၁၇ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၅၁၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေရွက်လှ**(iprd)

## ကျေးလက်ဒေသများတွင် သောက်သုံးရေ စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်

**မြန်အောင် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် သောက်သုံးရေစစ်တမ်းကောက်ယူခြင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁၇ ရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပိုက်လိုင်းစနစ် စနစ်တကျအသုံးပြုနိုင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေစစ်တမ်းကောက်ယူခြင်းကို ကျေးရွာများတွင် စက်တင်ဘာလအတွင်း ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **ဝင်းမိုလ်ပြန်/ ဆက်)**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ကောင်းကြရော. . . ကောင်းကြရော. . နင်တို့အားလုံး ငါ့ကိုတော်လှန်ကုန်ကြပြီပေ့ါ၊ ဟုတ်လား. . မိလေးနွယ်. . . နင်က ငါ့ကို တော်လှန်ပြီပေ့ါလေ"

အဘွားကြီးသည် မလေးနွယ်အား တစ်စုံတစ်ရာ လုပ်တော့မည်အလား အပါးသို့ ကပ်သွား၏။ မလေးနွယ်က မတုန်လှုပ်ဘဲ ငြိမ်ငြိမ်လေး ပြန်ကြည့်နေ၏။

အဘွားကြီးက လက်သီးနှစ်ဖက်ဆုပ်ကာ မလေးနွယ်ကို စိုက်ကြည့်နေသည် ဒိုရာသင်းနှင့် မလှသူတို့ကို မြင်သွား၏။

အဘွားကြီးသည် သူ့ရင်ဘတ်ကိုသူ ထုပြီး ချာခနဲလှည့်ထွက်သွား၏။

အိမ်တွင်းခန်းမှ ပေါ်လာသော မလေးနွယ်၏ မိခင်သည် ခေတ္တ အကဲခတ်သယောင် ကြည့်နေသေးသည်။ ထို့နောက် အဘွားကြီးနောက်သို့လိုက်သွား၏။

သက်ခိုင်၏ ရင်တွင်းမှာ မသက်သာ။ မပြုချင်ပါဘဲလျက် အမှားတစ်ရပ်ကို ပြုမိပြန်ပါလေပြီ။ သိလျက်နဲ့ ပြုမိလေသဖြင့် ဝိပါတ်ကြမ္မာဟု ညည်း၍မဖြစ်။ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရမည်။

သက်ခိုင်သည် စိတ်မကောင်းစွာနှင့် မလေးနွယ်ကို မော့ကြည့်ပြီး နေရာမှ ထသည်။

"မမနွယ်ရေ. . မောင် ပြန်တော့မယ်"

သက်ခိုင်သည် မလေးနွယ်ထံမှ စကားပြန်ကို မစောင့်တော့ဘဲ ယခုတိုင် သူတို့အား အံ့သြစိတ်မပြေသေးဟန် ငေးကြည့်နေကြသော ဒိုရာသင်းနှင့်မလှသူတို့ကိုပါ နှုတ်ဆက်၍ အိမ်တွင်းမှ ထွက်လာခဲ့သည်။

ခြံဝ၌ ပြိုင်တူရပ်လိုက်ကြသည်။

မလေးနွယ်က ကြိုးစားပြုံးပြီး ဆို၏။

"အန်တီ့ကို မောင် ဒီနေ့ ရင်ဆိုင်လိုက်ပုံက မမနွယ် သိပ်ကြိုက်တယ်"

"မောင်တော့ စိတ်မကောင်းပါဘူး မမနွယ်"

မမနွယ်က မဲ့မဲ့လေး ပြုံး၏။

"မောင်နဲ့ မမနွယ် အန်တီ့ကို ရင်ဆိုင်ရတိုင်း ဘယ်တော့မှ စိတ်ကောင်းစရာ တွေ့ရမှာ မဟုတ်ဘူး၊ အရင်က ကော. . တွေ့ခဲ့ဖူးကြလို့လား၊ မောင် စိတ်မကောင်းစွာနဲ့ ရင်ဆိုင်ရမယ်လို့ ဝန်ခံတာဟာ စိတ်ကို အရှုံးပေးစွာနဲ့ ရင်ဆိုင်ရမယ်လို့ မမနွယ် မဆိုလိုဘူး၊ မမနွယ် ပြောတာကို မောင် သဘောပေါက်ရဲ့လား"

"မမနွယ် ပြောတာကို မောင် သဘောပေါက်ပါတယ်၊ တစ်ခုတော့ရှိတယ် မမနွယ်ရေ. . ဒေါ်ကြီးကိုသာ မဟုတ်ဘူး၊ နောင်ကို မမနွယ်နဲ့မောင် ဘာကိုရင်ဆိုင်ရ ရင်ဆိုင်ရစိတ်ကို အရှုံးမပေးဘဲ ရင်ဆိုင်ကြရအောင်"

မလေးနွယ် ငိုင်ကျသွားသည်။ ခဏကြာမှ ပြုံးပြီး သက်ခိုင်ကို မော့ကြည့်သည်။ ဤအပြုံး၏ဒဏ်ကို သက်ခိုင် မခံနိုင်၊ အကြောင်းမှာ ရွှေမျက်နှာ ပပဝင်းကသာ ပြုံးလေသည်။ သောက်ရှူးကြယ် မြမျက်လုံးများကမူ . . . . .

သက်ခိုင်သည် ချစ်လှစွာသော အစ်မ၏ လက်ကလေးများကို ဆုပ်ညှစ်နှုတ်ဆက်ခဲ့ပြီး လျင်မြန်စွာ ထွက်ခွာလာခဲ့၏။

နွေသခင်ရယ်. . စောစောသာလျှင် ရောက်ပါလေလော့. . ရောက်ပါလေတော့. . . ။

တက္ကသိုလ်သမဂ္ဂ အပေါ်ထပ်သို့ သက်ခိုင် ရောက်လာချိန်၌ ညဉ့်ရှစ်နာရီရှိပြီ။

သက်ခိုင်က ထမင်းဖြူ တစ်ပန်းကန်နှင့် ကန်စွန်းရွက်ကြော်တစ်ပုံယူလျက် ညစာစားသည်။

ခန်းမ၏ တစ်ဖက်စွန်း စားပွဲတစ်ခုထိပ်တွင် ဥက္ကဋ္ဌကိုရန်ဝေးသည် မေးထောက်လျက် ထိုင်ငိုင်နေ၏။ စစ်ယူနီဖောင်း အစိမ်းကို ဝတ်ထားသော ကိုဗထွေးသည် ရှေ့ရှိ ထမင်းဟင်းများကို မစားဘဲ ဆိုရှယ်လစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီ တပည့် ကျောင်းသားခေါင်းဆောင်များကို ကလော်တုတ်နေ၏။

သက်ခိုင်က ထမင်းအမြန်စားပြီး သမဂ္ဂပေါ်မှ ဆင်းလာခဲ့သည်။

အဓိပတိလမ်းပေါ် အရောက်၌ အပြင်းလျှောက်လာသော ဖိနပ်ခွာသံများကို ကြားရ၏။

လမ်းဘေးမီးတိုင်များ၏ အရောင်ကြောင့် ခြေသံပြင်းပြင်းနှင့် လျှောက်လာကြသူများကို သက်ခိုင် မြင်ရ၏။ ကိုမြင့်သောင်းနှင့် ကိုစောလွင်တို့လည်း။ သူတို့ကလည်း သက်ခိုင်ကို မြင်သွားကြ၏။

ကိုမြင့်သောင်းက စအော်သည်။

"အမယ်လေး. . . ဖိုးသက်ခိုင်. . တို့ကဖြင့် မောင်ရင့်ရှာလိုက်ရတာ၊ ဘယ်ပျောက်နေတာလဲ"

"အပြစ်မတင်နဲ့ ရှုနက်ကြီး၊ တစ်နေ့လုံး ကိုယ် တယ်လီဖုန်းထိုင်စောင့်ခဲ့ရတယ်၊ ညနေက စိတ်နည်းနည်းပျက် တာနဲ့ အပြင်ထွက်သွားတာ၊ ဆိုပါဦး. . ဘာအရေးကြီးလာကြပြန်ပြီလဲ"

ကိုစောလွင်က သူ့ထုံးစံအတိုင်း ပြုံးရင်း ပြောသည်။

"တပ်မတော်က ကားတွေ ကျွန်တော်တို့ ကျောင်း




**မလေးနွယ် ငိုင်ကျသွားသည်။ ခဏကြာမှ ပြုံးပြီး သက်ခိုင်ကို မော့ကြည့်သည်။ ဤအပြုံး၏ဒဏ်ကို သက်ခိုင်မခံနိုင်၊ အကြောင်းမှာ ရွှေမျက်နှာ ပပဝင်းကသာ ပြုံးလေသည်။ သောက်ရှူးကြယ် မြမျက်လုံးများကမူ . . .**

ဆောင်ဝင်းထဲမှာ အဆင်သင့် ရောက်နေပါပြီ၊ ခင်ဗျာ အမြန်ဆုံးပြေးပြီး ကိုလေးနဲ့ ကိုလှဖေကို ကူပေတော့၊ ကျွန်တော်တို့ကတော့ ဗဟိုကျောင်းဆောင်က ရဲဘော်တွေကို သွားအကြောင်းကြားလိုက်ဦးမယ်"

သက်ခိုင်သည် ဘာမျှပြန်မပြောတော့ဘဲ တက္ကသိုလ်စာတိုက်ရှေ့လမ်းမှတစ်ဆင့် အမှုထမ်းများရိပ်သာကို ဖြတ်ကာ ပြည်နှင့် တကောင်းကျောင်းဆောင်များဆီ ခြေကုန်သုတ်ခဲ့၏။

ကျောင်းဆောင်ဝင်းအတွင်း၌ သက်ခိုင်သည် ကိုလေးမောင်၊ ကိုလှဖေစသူတို့နှင့် ဆုံတွေ့၏။

တကောင်းကျောင်းဆောင်ရှေ့ လမ်းပေါ်တွင် သစ်ပင်ရိပ်များအောက်ခိုလျက် တပ်မတော်စစ်ကားကြီး သုံးစီး ဆိုက်လျက်ရှိနေ၏။

သက်ခိုင်တို့က အခန်းအသီးသီးသို့သွားကာ ကျောင်းသားများကို ခေါ်ယူ၏။

ထားဝယ်သား မျိုးအောင်ကြီးကမူ သူ့အသံပြဲကြီးနှင့် လှည့်ပတ်အော်နေ၏။

"ရဲဘော်တို့ အချိန်ရောက်ပြီ၊ တိုင်းပြည်ချစ်တဲ့သူတိုင်း ထွက်ခဲ့ကြ"

တိုင်းပြည်ကို ချစ်သူတိုင်းမူ ထွက်လာခဲ့ကြသည်။

သို့ရာတွင် တစ်ရက်တာ အချိန်နှောင်းခဲ့ပြီ ဖြစ်သောကြောင့် လူအင်အားမများလှ။ မများလှသော ထိုလူစုသည်ပင် မိမိတို့၏ အခန်းများကို သည်အတိုင်းပစ်၍ ထွက်လာကြသူများဖြစ်ကြ၏။

မကြာမီပင် ကိုမြင့်သောင်းနှင့် ကိုစောလွင်တို့ ပြန်ရောက်လာကြသည်။

သက်ခိုင်တို့သည် ကားကြီးများပေါ်သို့ တက်လိုက်ကြ၏။

ကားတွင်း၌ ငြိမ်ငြိမ်ထိုင်လျက်ရှိသော တပ်မတော်သားကြီးများကို တွေ့ရသည်။ မောင်းပြန်သေနတ်များ ကိုင်ထားသော သူတို့၏ လက်မောင်းများမှ ငွေကြယ်တံဆိပ်သည် ပက်စဉ်ဝင်လာသော အလင်းရောင်၌ ဝင်းလက်နေ၏။

သူတို့က ခိုင်မာမြဲမြဲသော အပြုံးများနှင့် သက်ခိုင်တို့အား ဆီးကြိုကြသည်။

အရာခံဗိုလ် ဆရာဦးမျိုးခင်သည် လူစေ့ မစေ့ ရေတွက်ပြီးနောက် ကားကြီးများ၏ ရွက်ဖျင်များကို အလုံချထားစေလိုက်၏။

အင်းစိန်ဘက်ဆီမှ အမြောက်သံများကို ကြားနေရဆဲဖြစ်၏။ လေတိုက်သဖြင့် ရွက်ဝါများ ကျောင်းလမ်းပေါ် ပွတ်တိုက် ရွေ့လျားသံကိုလည်း ကြားရ၏။

စက်သံများ ပေါ်လာပြီးနောက် ကားကြီးများ စထွက်ကြ၏။

ရှေ့နောက် ဝဲယာကို မမြင်ရသောကြောင့် သယ်ဆီ သွားနေမှန်း သက်ခိုင်တို့ မသိကြ။ သိသည်မှာ မိခင်တပ်မတော်၏ ရင်ခွင်သို့ လုံခြုံစွာပြန်ရောက်ကြပြီ ဆိုခြင်းသာဖြစ်၏။

နာရီဝက်ကျော်ကျော် မောင်းလာခဲ့ပြီးနောက် ကားကြီးများ ရပ်သွားသည်။ မေးသံ၊ ဖြေသံများ ကြားရပြီး ဂိတ်တံခါးကြီးပွင့်သွားသံ ကြားရ၏။

ကားကြီးများ ဘီးပြန်လိမ့်ပြီး မကြာမီပင် ထပ်မံရပ်သွားကြ၏။

ဆရာဦးမျိုးခင်၏ အသံ ပေါ်လာ၏။

"ရောက်ပြီ. . . အားလုံး ဆင်းနိုင်ပြီ"

မိုးကာများကို ဖွင့်ပြီး သက်ခိုင်တို့အားလုံး ခုန်ဆင်းလိုက်ကြ၏။

ရောက်နေမှန်း သိသည်။ မည်သည့် စခန်းကြီးဟုမူ မသိ။

သံဆူးကြိုး အရန်အတားများကိုလည်း မြင်ရသည်။ သွပ်မိုးခုံးခုံးနှင့် ဂိုဒေါင်အလုံးကြီးအများကိုလည်း မြင်ရသည်။

သက်ခိုင်တို့အားလုံးသည် တန်းစီကြ၏။ ကိုစောလွင်က အမည်ခေါ်၍ လူစစ်သည်။

"ကိုလေးမောင်၊ ကိုမြင့်သောင်း၊ ကိုလှဖေ၊ ကိုသက်ခိုင်၊ ကိုဝင်းမောင်၊ ကိုမျိုးအောင်၊ ကိုဝင်းအောင်၊ ကိုဘကြည်၊ ကိုရန်လင်း၊ ကိုကြည်လင်း. . "

အားလုံး စုစုပေါင်း ကျောင်းသားနှစ်ဆယ် ရှိကြ၏။

လူစစ်ဆေးပြီးသောအခါ အားလုံးကို တဲတန်းရှည်တစ်လုံး၌ နေရာချထားပေး၏။ တစ်ဦးစီအတွက် ခြင်ထောင်များ၊ စောင်များ ထုတ်ပေးသည်။

တစ်ယောက်လျှင် ရိုင်ဖယ်တစ်လက်၊ ကျည်ဆန်ငါးဆယ်၊ လက်ပစ်ဗုံး နှစ်လုံးစီလည်း ပေး၏။

အိမ်ခံရဲဘော်ကြီးများက လက်ဖက်ရည်ယူလာကာ သက်ခိုင်တို့အား တိုက်သည်။ သက်ခိုင်တို့ လက်ဖက်ရည်သောက်နေဆဲ ဆရာဦးမျိုးခင်က လောလောဆယ် ကျင့်သုံးရမည့် စည်းကမ်းများနှင့် အခြား စောင့်ထိန်းဖွယ်များကို အတိုချုပ် ရှင်းပြ၏။

မကြာမီ ခပ်လှမ်းလှမ်း ကင်းမှ ခဲ့လင်းလုပ်သံ ပေါ်လာ၏။ အေးချမ်း၍ နားထောင်ကောင်းသော အသံဝဲဝဲက ဖြေသည်။

"ငါဟေ့. . . ငါဟေ့. . တပ်ရင်းမှူးပါ"

သက်ခိုင်တို့အားလုံး မတ်တတ်ရပ်၍ တပ်ရင်းမှူးကို ကြိုဆိုကြ၏။

တပ်ရင်းမှူး၏ အရပ်အမောင်းသည် ကောင်းလှ၏။ ပခုံးကျယ်၍ လက်ရုံးတောင့်ကာ ခါးသေးပြီး ကာယဗလ အချိုးကျသည်။ အသားအရေသည် ပခုံးမှ ရွှေသခြေရွက်နှင့် ရွှေခရေပွင့်များနည်းတူ ဝင်းဝါသန့်ရှင်းသည်။

မျက်ခုံးကောင်း၊ မျက်တောင်ကော့ကာ မျက်လုံးကြည်သည်။ မေးရိုးများက ခိုင်ခံ့၍ ထောင့်မှန်ပေါ်ထင်သည်။ မျက်နှာသည် ကြွန္ဒြေပြည့်သော်လည်း နှုတ်ခမ်းများက ပြုံးရယ်နေ၏။ သက်ခိုင်တို့ စာရေးဆရာများ ဝတ္ထုတွင် ဖော်ပြလေ့ရှိသည့် သူရဲကောင်း ဇာတ်လိုက်၏ ဥပမိရုပ်မျိုးကို ကောင်းကောင်းမီသူ ဖြစ်၏။

တပ်ရင်းမှူးနှင့်အတူ ကုလားဆင်ဗိုလ်ကြီးတစ်ဦးနှင့် မျက်နှာသွယ်၍ သဘောကောင်းဟန်တူသူ ဒုဗိုလ်တစ်ဦးလည်း ပါလာ၏။

ဆရာဦးမျိုးခင်က တပ်ရင်းမှူးကို သတင်းပို့ အစီအရင်ခံသည်။

တပ်ရင်းမှူးက ကျောင်းသားများဘက်သို့ လှည့်မေးသည်။

"ဘယ်နှယ်လဲ. . လူနှစ်ဆယ်တည်းလား"

ကိုမြင့်သောင်းက အကျိုးအကြောင်းကို ပြန်အစီရင်ခံသည်။

"အစက ငါးရာလောက် ရှိပါတယ် ဗိုလ်မှူး၊ အခုတချို့က ခြေကျုံ့ကုန်ကြပြီ"

"ဘယ်လို ဘယ်လို"

"ကျောင်းသားတချို့ဟာ ဘယ်က လက်နက်ရှာရတယ် မသိဘူး၊ စစ်မျက်နှာကို ထွက်တိုက်နေကြပြီ၊ တချို့ကလည်း ဘာလက်နက်မှ မပါဘဲ ဇွတ်ထွက်သွားကြတာပဲ၊ သူတို့အတွက်ကျွန်တော်တို့ သိပ်စိတ်ပူနေကြပါတယ်"

တပ်ရင်းမှူးက ခေါင်းကို အသာခါသည်။

"ဘယ်ဖြစ်မလဲ. . ကလေးတွေ အသားလွတ် သေကုန်ကြလိမ့်မယ်၊ ဒဏ်ရာအနာတရ ရကုန်ရင်တော့ မကောင်းဘူး"

ကိုလေးမောင်က ဝင်ပြော၏။

"ကျွန်တော်တို့လည်း ဒါကိုပဲ စိုးရိမ်နေပါတယ် ဗိုလ်မှူး"

တပ်ရင်းမှူးသည် ခေတ္တငြိမ်စဉ်းစားနေ၏။ အတန်ကြာမှ တည်ငြိမ်စွာ ပြုံးပြီးဆို၏။

"အင်းလေ. . . စိုးရိမ်စရာပဲ၊ ဒါပေမယ့် မပူကြပါနဲ့၊ ကျွန်တော်တို့ ကြည့်လုပ်ပေးပါ့မယ်၊ လူတစ်ယောက်ရဲ့ အသက်ဆိုတာ အလကား မသေကောင်းဘူး၊ အထူးသဖြင့် ခင်ဗျားတို့လို ပညာတတ် လူငယ်တွေကို ကျွန်တော် နှမြောတယ်၊ ကောင်းပါပြီ. . ကျွန်တော်ကြည့်စီစဉ်ပါ့မယ်၊ ကဲ. . . တပ်ဝင်းထဲ လိုက်စစ်မယ်၊ လိုက်ကြမလား"

သက်ခိုင်တို့အားလုံးသည် တပ်ရင်းမှူးနှင့်အတူ လိုက်ခဲ့ကြ၏။

တပ်ဝင်းကြီးကား ကျယ်လှသည်။ သံဆူးကြိုး ကာထားသော ဂိုဒေါင်ဗုံးဒဏ်ထိထားသည့် တိုက်တာ အဆောက်အအုံအပျက်များက ဝန်းရံလျက်ရှိသည်။

လရောင်မရှိ၍ ညက မှောင်နေသည်။ တပ်ရင်းမှူးနှင့် အဖွဲ့ကမူ လသာသာတွင် လျှောက်သွားနေသကဲ့သို့ အခက်အခဲမရှိဘဲ မှန်မှန်လျှောက်လျက်ရှိ၏။

သက်ခိုင်တို့ တသိုက်ကမူ မကြာခဏ ခလုတ်တိုက်ကြ၏။

မြောင်းကြီး မြောင်းပျက်များ၊ သဘာဝအလျောက် ပေါက်နေသော ချုံပုတ်များကလည်း ရှိနေ၏။

မမျှော်လင့်သော နေရာတိုင်းမှ ကင်းရဲဘော်၏ ခဲ့လင်းလုပ်သံသည် ပေါ်ပေါ်လာ၏။

"ငါဟေ့. . ငါဟေ့. . . တပ်ရင်းမှူး"

ဟူသောအသံဝဲဝဲ မှန်မှန်ဖြေသည်။ ဤအသံကို ရဲဘော်တိုင်း သိဟန်တူသည်။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လွိုင်ကော်) ၌ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူ များပြားလာ

**လွိုင်ကော် အောက်တိုဘာ ၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ (က) လိုင်စင်နှင့် (ခ) လိုင်စင်များ လျှောက်ထားသူများပြားလာကြောင်း သိရသည်။

လိုင်စင်လျှောက်ထားသူများမှာ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်စည်းကမ်း တိုးတက်ကောင်းမွန်ရေး ပညာပေးသင်တန်း တက်ရောက်ရကြောင်း၊ မော်တော်ဆိုင်ကယ်စီးလိုင်စင်မှာ နှစ်ရက်၊ မော်တော်ယာဉ်မောင်းလိုင်စင်မှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

u-1 အင်ဂျင်ပါ (၁၁၀) စီစီအောက် ဆိုင်ကယ်လိုင်စင်လျှောက်ထားသူမှာ ၁၆ နှစ်ပြည့်ရန်လိုအပ်ကြောင်း၊ (က) ဆိုင်ကယ်အားလုံးကို စီးခွင့်ရှိလိုင်စင်အတွက် အသက် ၁၈ နှစ်ပြည့်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများမှာ အသက် ၁၈ နှစ်ပြည့်ရမည်ဖြစ်ပြီး `o´ လိုင်စင်၊ `u´ လိုင်စင် သို့မဟုတ် `x´လိုင်စင် ၃ လပြည့်ရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား အမြင်အာရုံ၊ အရောင်ခွဲခြားနိုင်မှု စစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှု စစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လမ်းစည်းကမ်းရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်းများပြုလုပ်၍ စစ်ဆေးမှုအောင်မြင်မှသာ သက်ဆိုင်ရာယာဉ်မောင်းလိုင်စင်များအား ထုတ်ပေးခြင်းဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေထံမှ သိရသည်။

ယင်းအပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုစိုး(လွိုင်ကော်)**

## မဲရုံမှူး–ဒုမဲရုံမှူး လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းဖွင့်လှစ်

**မကွေး အောက်တိုဘာ ၆**

မဲရုံမှူး-ဒုမဲရုံမှူး လုပ်ငန်စဉ်ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက မကွေးခရိုင် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညိုဝင်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သောပါတီများ ပိုမိုများလာ၍ ကော်မရှင်အနေဖြင့် မည်သည့်ပါတီနှင့်မှ သဘောထားကွဲလွဲမှု မဖြစ်စေရေးအတွက် အထူးဂရုပြုရန်လိုအပ်ကြောင်း၊ NGO များအားလည်း ပြည်ထောင်စုကော်မရှင်မှ ခွင့်ပြုချက်ပါလျှင် လေ့လာခွင့်ပြုရမည်ဖြစ်ကြောင်း ခရိုင်ကော်မရှင်ဥက္ကဋ္ဌက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မကွေးခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၄ ရက်မှ ၅ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းပြီးဆုံးပါက မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့များက မိမိတို့မြို့နယ်ရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ပြန်လည်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်သားသမီးများအား ထောက်ပံ့ငွေပေးအပ်

**ဗန်းမော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်သားသမီးများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်ညီညီဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဆန်းထွန်း(ငြိမ်း) က ထောက်ပံ့ငွေချီးမြှင့်ရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ ပညာရေးတွင် အသုံးပြုရန်အတွက် အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ညီညီဆွေက အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ကျပ်သုံးသိန်းကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က ကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဗိုလ်မှူးကြီး(ငြိမ်း) သိန်းဇော်က တစ်သိန်းကျပ်ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

ယင်းနောက် အသက် ၇၇ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၆ ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၃ ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးခွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသူနှစ်ဦး၊ အဆင့်ဆင့်တွင်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၁၇၈ ဦးတို့အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ငွေကျပ် ၃၈၆၁၀၀၀ ကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် သားသမီးများအား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကလေးဒေသ လယ်ယာကဏ္ဍပြန်လည်ထူထောင်မှုလုပ်ငန်းအောင်မြင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်



**ကလေး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးနှင့် မိုးသီးနှံအချို့ပျက်စီးပြီး ညွှန့်ဖုံး၊ သဲဖုံး၊ တုံးဖုံး၊ လယ်ယာမြေများ ရေစားကမ်းပြိုပျက်စီးမှုများဖြစ်ပွားခဲ့သည်။ ယင်းလယ်ယာမြေများတွင် မိုးစပါး၊ မိုးသီးနှံများနှင့် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးမည့်သီးနှံများတွင် ကြုံတွေ့ရမည့် မြေဆီလွှာပြဿနာ၊ ပိုးမွှားရောဂါများ အခက်အခဲများ ကူညီဖြေရှင်းပြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် နေပြည်တော်မှ စိုက်ပျိုးရေးသုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ပညာရှင်များသည် ကလေးခရိုင် မြို့နယ်စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်း၍ ကလေးဒေသရှိ တောင်သူတို့၏စိုက်ပျိုးမည့်ဧရိယာများတွင် ကွင်းဆင်းကာ လက်ရှိသီးနှံများ ဖြစ်ထွန်းမှု၊ စိုက်ပျိုးထားရှိသည့်သီးနှံများကို မြေနမူနာယူ၍ ပိုးမွှားရောဂါကျရောက်မှုစစ်ဆေးခြင်းများ၊ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

အဆိုပါပညာပေးဆွေးနွေးပွဲတွင် ကလေးခရိုင်ဦးစီးမှူး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်တို့ ဦးဆောင်၍ နေပြည်တော်မှ စိုက်ပျိုးရေးသုတေသန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေး စိုက်ပျိုးရေးသုတေသန၊ သီးနှံကာကွယ်ရေးစိုက်ပျိုးရေးသုတေသန၊ ပဲတီစိမ်းအထူးစိုက်ပျိုးရေးသုတေသနတို့သည် စက္ကန့်၊ နန်းဇလူ၊ သာစည်၊ ခုံတိုးမြို့သာ၊ ရာဇဂြိုဟ်၊ ကံကြီး၊ ပြင်သာနှင့် ကျောင်းတိုက်ကျေးရွာများတွင် ကွင်းဆင်းပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပြီး တောင်သူများ၏ အခက်အခဲများ ဖြေကြားခြင်း၊ စိုက်ပျိုးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၉ စုအတွင်း စက်တင်ဘာ ၂၀ ရက်ထိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ မိုးစပါးနှင့် မိုးသီးနှံ ရေကြီးနစ်မြုပ်ပျက်စီးဧက ၃၉၈၀၉ နှင့် အစားထိုးပြန်လည် စိုက်ပျိုးမည့်ဧက ၂၆၅၆၅ ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## ဗုဒ္ဓရောင်ခြည်ဝင်းသီရိစာကြည့်တိုက် ပန္နက်တင်မင်္ဂလာကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ပင်တိုင်အုပ်စု ဂုံပင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေကျပ် ၂၀ သိန်း၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၃၀ သိန်းဖြင့် အလျား ၃၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၁ ပေရှိ ဗုဒ္ဓရောင်ခြည်ဝင်းသီရိစာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာကို အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီကကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လေး၊ ဦးစိုးဝင်း(စွမ်းအား)၊ အင်ဂျင်နီယာ ဦးဇေယျာထွန်းနှင့် ဦးဝင်း(ဝင်းသီရိ) တို့က မင်္ဂလာအချိန်တွင် ပန္နက်များရိုက်ပေးခဲ့ကြသည်။

**(၅၈၀)**

## ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ကျေးရွာနေပြည်သူများအား မြေဌားဂရန်များ ထုတ်ပေး

**ပခုက္ကူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ရေလာကျေးရွာအုပ်စု ညောင်ဂျစ်ပင်ကျေးရွာနေ ပြည်သူများအတွက် မြေငှားဂရန်များကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ညောင်ဂျစ်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်းအနီးတွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များထုတ်ပေးအပ်ပွဲတွင် ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ကျေးရွာနေပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာနေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိခြင်း၊ ပိုင်ဆိုင်မှုခိုင်မာသောကြောင့် မြေနှင့် နေအိမ်တန်ဖိုးများ မြင့်တက်လာခြင်း၊ မြေယာပိုင်ဆိုင်မှုအထောက်အထားနှင့်အတူ စိတ်ကြိုက်ပေါင်နှံရောင်းချစီမံခွင့်ရရှိခြင်းအတွက် မြေငှားဂရန်စာချုပ်ဖြင့် ချေးငွေထုတ်ချေးနိုင်ပြီး မိမိတို့၏ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အရင်းအနှီးများရရှိကာ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးသိန်းက မြေငှားဂရန်ရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုများအကြောင်းကို ဆွေးနွေးတင်ပြခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးလက်နေပြည်သူများအား မြေငှားဂရန်များထုတ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူ ၃၈ ဦးအား မြေငှားဂရန်များကို တစ်ဦးချင်းလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မင်းဘူးမြို့နယ်၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပ

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲက မင်းဘူးမြို့ အ. ထ. က (၂) ခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းနားတွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့များမှပေးပို့သော ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဖတ်ကြားပြီး မြို့နယ်အဆင့် ထူးခွန်ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းအုပ်တစ်ဦး၊ နိုင်ငံခြားချစ်ကြည်ရေးခရီးစဉ်အတွက် တိုင်းဒေသကြီးအဆင့်ရွေးချယ်ခံ ဆရာ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူခုနစ်ဦး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူ ၁၂ ဦး၊ ပညာတန်ဆောင်ရုပ်ပြစာစီစာကုံးပြိုင်ပွဲဆုရရှိသူ ခြောက်ဦးနှင့် စုစုပေါင်းဆုရရှိသူ ၃၆ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးသူ၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာများ ကျောင်းသား ကျောင်းသူများက ကန်တော့ခံ ဆရာ ဆရာမကြီး ၄၇ ဦးတို့အား လှူဖွယ်ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကန်တော့ခံဆရာကြီးတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ဇော်ဇော်အောင်(မင်းဘူး)**

# ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်

**ကလေး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်း မကြုံစဖူး ရေကြီး ရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများတွင် အစားထိုးသီးနှံဖြစ်သည့် ဆောင်းသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေး အတွက် ထွန်ယက်ရန် လယ်ယာမြေဧက ၂၄၃၁၇ ဧက လျာထားလျက်ရှိရာ ယခု အချိန်ထိ လယ်ယာမြေ ဧက ၁၄၀၀ ထွန် ယက်ပြီးဖြစ်ကြောင်း သိရသည်။

မြေအနေအထားအရ ထွန်စက်မဝင် နိုင်သေးသည့် လယ်ယာမြေများကို နို့ဝင်ဘာ လကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ဆောင်းသီးနှံကို ပထမဦးစားပေး စိုက်ပျိုးပြီးနောက် ပျက်စီးသွားသော လယ် မြေများကို ပြုပြင်ပေးရန် ရည်ရွယ်ထား ကြောင်း ကလေးခရိုင် စက်မှုလယ်ယာ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ရှင်းလင်း ပြောပြခဲ့သည်။

“စက်မှုလယ်ယာကနေ အခုလို ဆောင်း သီးနှံအချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် အခ ကြေးငွေပေးစရာမလိုဘဲ အချိန်မီ ထွန် ယက်ပေးခြင်းဖြစ်လို့ ကျွန်တော့်အနေနဲ့ ဆောင်းသီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲကိုပဲ ဦးစားပေးစိုက်ပျိုးသွားပါမယ်” ဟု မြို့လှ ရပ်ကွက်မှ တောင်သူတစ်ဦးက ပြောသည်။

ဆောင်းသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေး အတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်စက်များဖြင့် ထွန်ယက်နေမှုများကို စစ်ကိုင်းတိုင်းဒေသ ကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဦးတင့်လှိုင်မြင့်က ရေ ကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရပ်ကွက်၊ ကျေးရွာများရှိ လယ်ယာမြေများ တွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**ချင်းတွင်းသား**



ထီးလင်း–ပခုက္ကူ ကားလမ်း၊ ထီးလင်း–ကျင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၇၄/၁)နှင့် (၇၄/၂) အကြား တံတားအမှတ် ၂/၇၅ ၊ အရှည် ၅၅ ပေ၊ အကျယ် ၁၇ ပေရှိ ဟန်းချောင်းကူးတံတားမှာ အောက်တိုဘာ ၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေမြင့်တက်တိုက်စားသဖြင့် ကျင်းရွာဘက်ခြမ်းမှ ၃၆ ပေ ခန့် ပြိုကျပျက်စီးသွား၍ ရေလယ်တိုင်ပါမျောပါသွားရာ ယာဉ်ကြီး၊ ယာဉ်ငယ် ဆက်သွယ်သွား လာမှု ပြတ်တောက်သွားကြောင်းသိရသည်။ အဆိုပါတံတားပျက်စီးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရှောင်ကွင်းလမ်းမှ မောင်းနှင်ဖြတ်သန်းနိုင်ရေး စီစဉ်ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- (၄၆၅)

## မဲရုံမှူးများအား ပညာပေးရေး (ခရိုင်အဆင့်) သင်တန်း မင်းဘူးမြို့တွင် ဖွင့်လှစ်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ကြီးမှူး၍ မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ပညာပေးရေး (ခရိုင်အဆင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာ စကားပြောကြားပြီး သင်တန်း နည်းပြဆရာများဖြစ်သည့် ဦးပြည့်ဖြိုးကျော်(အတွင်းရေးမှူး)နှင့် ဦးစောနိုင်း (ခရိုင် ဥပဒေအရာရှိ)တို့မှ ရွေးကောက်ပွဲနှင့် မဲရုံဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း၊ ရွေးကောက်ပွဲနေ့ လုံခြုံရေးနှင့် အထွေထွေဘာသာရပ်များကို သင်ကြားပို့ချပေး ခဲ့သည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မဲရုံ မှူးများ၊ ဒု-မဲရုံမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၂ ဦးတက်ရောက်ခဲ့ ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၆ ရက် အထိ ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မင်းတုန်းမြို့ရှိ ဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**မင်းတုန်းမြို့ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့ အမှတ်(၄)ကွက်ရှိ ဈေး လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအား မင်းတုန်းမြို့နယ် စည် ပင်သာယာရေးကော်မတီမှ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

ဈေးလမ်းအရှည်ပေ ၁၀၀၊ လမ်း အကျယ် (၁၂)ပေ၊ လမ်းအမြင့် ၃ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် အဖွဲ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၀ ရက် မှစတင် ၍ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီးယခုလ အောက်တိုဘာ ၂ ရက် တွင်လုပ်ငန်း ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ယခုဈေးလမ်းသည် ယခင်က ကတ္တရာလမ်းဟောင်းဖြစ်၍ လမ်း နိမ့်ခြင်း၊ ချိုင့်ခွက်များ၊ လှိုင်းများ ဖြစ်ပေါ်လျက်ရှိခြင်းနှင့် လမ်းနိမ့်သော ကြောင့် မိုးရွာသွန်းချိန် လမ်းပေါ်သို့ ရေကျော်ခြင်းများဖြစ်ပွားကာ ဈေးလမ်း အားအဓိက အသုံးပြုသွားလာနေကြ သည့် ကျေးရွာများမှ ကုန်စည်ယာဉ်များ၊ မြို့ပေါ်ရှိပြည်သူများ၊ ဈေးသူ၊ ဈေးသား များ သွားလာရ အခက်အခဲဖြစ်ခဲ့ရ သည်။ ယင်းအပြင် ယာဉ်အန္တရာယ် ဖြစ်ပွားနိုင်ခြင်းများကြောင့် အမြင့် သုံး ပေ၊ လမ်းအရှည်ပေ ၁၀၀ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ယခု ဘဏ္ဍာနှစ်အဖွဲ့ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မင်းတုန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးစောသိန်းဦး ကပြောသည်။

**ကျော်ဇေယျ**

## မြေပိုင်ဆိုင်မှု အခွင့်အရေး ခိုင်ခိုင်မာမာရှိစေရန် ကျေးလက်နေပြည်သူများသို့ မြေငှားဂရန် ထုတ်ပေး

**မင်းဘူး အောက်တိုဘာ ၆**

မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် တောင်မန်းစံပြရွာသစ်ကျေးရွာရှိ ကျေး လက်နေပြည်သူများ မြေပိုင်ဆိုင်မှု အခွင့်အရေးခိုင်ခိုင်မာမာရရှိစေရေးအတွက် ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၂ ရက် က တောင်မန်းစံပြရွာသစ်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံတွင် ထုတ်ပေးခဲ့ ကြောင်းသိရသည်။

ယင်းနေ့က မင်းဘူးခရိုင် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာ တွင် ကာလတွေဘယ်လိုပဲပြောင်းပြောင်း မြေယာနှင့်ပတ်သက်ပြီး မပြောင်း လဲကြောင်းနှင့် အုပ်ချုပ်ပုံစနစ်အဆင့်ဆင့် ပြောင်းလဲပုံတို့ကို ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မြေငှားဂရန် ထုတ် ပေးခြင်းနှင့်ပတ်သက်ပြီး ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှု အခွင့်အရေး များ ခိုင်ခိုင်မာမာရရှိစေရန် အိမ်တိုင်ရာရောက် ပေးသကဲ့သို့ လက်ဝယ်ကို ပိုင် ဆိုင်မှုပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စိတ်အေးချမ်းသာ စွာ လုံခြုံစွာနေထိုင်နိုင်ရန်အတွက် ပိုင်ဆိုင်ခွင့်ရရှိစေခြင်းအလို့ငှာ ရည်ရွယ်၍ မြေငှားဂရန်ကို ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဗိုလ်ဝင်းက မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တောင်မန်းစံပြရွာသစ်ကျေးရွာမှ အိမ်ခြေ ၃၆၅ အိမ်အတွက် မြေငှားဂရန် စာချုပ်များအား လျှောက်ထားသူများလက်ဝယ်သို့ တာဝန်ရှိသူများက ပေး အပ်ခဲ့သည်။

**သန်းဌေး(မင်းဘူး)**

## စစ်မှုထမ်းဟောင်း သား၊ သမီး များအား ထောက်ပံ့ကြေးငွေပေး

**ကျောက်တံခါး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး များအား၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် တန်းအောင်မြင်ခဲ့သူများနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ် ချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၅ ရက်နံက် ၉ နာရီခွဲက ကျောက်တံခါးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဇော်(ငြိမ်း)က အဖွင့် အမှာစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ ပေး အပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက် ကျင်းပရာ ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ ကျောင်းသားနှစ်ဦးအား တစ် ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပညာသင်ကြားနေ သော မူလတန်းကျောင်းသား၊ ကျောင်းသူ ၃၉ ဦးအား တစ်ဦးလျှင်ကျပ် ၁၀၀၀၀၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၅၂ ဦးအား တစ်ဦး လျှင် ကျပ် ၁၅၀၀၀၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၂၅ ဦးအတွက် တစ်ဦးလျှင် ကျပ် ၂၀၀၀၀ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၇ သိန်း တစ်သောင်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များက ကျောင်းသား၊ ကျောင်းသူများထံ အသီးသီး ပေးအပ်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## ကော့သောင်းခရိုင် Minibook Corner များတွင် စာအုပ်စာစဉ်များ အသစ်လဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်

**ကော့သောင်း အောက်တိုဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုင်ငံနှင့်အဝှမ်း စာဖတ်ရှိန်မြင့်တက်လာရေး၊ စာဖတ် ခြင်း အလေ့အထ ရှင်သန်လာစေရေး၊ လုပ်ငန်းခွင် မပျက် စာပေဖတ်ရှုလေ့လာနိုင်ရေး၊ အသိပညာဗဟု သုတ ကြွယ်ဝလာစေရေး ရည်ရွယ်၍ Minibook Corner ဖွင့်လှစ်ခဲ့ပြီး ဗဟုသုတဖြစ်ဖွယ် ဘာသာရပ် အလိုက် စာစဉ်များ ထားရှိပေးခဲ့သည်။

ထို Minibook Corner များမှ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်အတွင်း ခင်းကျင်းထားရှိသည့် Minibook Corner များတွင် စာအုပ်စာစဉ်များ အသစ် လဲ့လှယ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ကွင်း ဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသစ်လဲလှယ်ပေးသည့် စာစဉ်များတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ၊ နိုင်ငံ ရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ ကျန်းမာ ရေး၊ သိပ္ပံနှင့် နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့်ဘာသာရပ် အလိုက် စာစဉ်များကို ပြည်သူများ လွယ်လင့်တကူ လေ့လာ ဖတ်ရှုနိုင်စေရန် အသစ်လဲလှယ်ခင်းကျင်းခဲ့ကြ ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့တွင် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

ဆင်ပေါင်ဝဲမြို့တွင် အောက်တိုဘာ ၅ ရက်၌ ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ရှေးဦး စွာ ‘ပဉ္စဂုဏ်အဟံဝန္ဒာမိ၊ အာစရိယဂုဏံ အဟံဝန္ဒာ မိ’ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကိုဖွင့်လှစ်ခဲ့ သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ငွေက ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကန်တော့ကျိုးဝန္ဒာဖြင့် ပူဇော်ကန် တော့ကြပြီးနောက် လျှုဖွယ်ပစ္စည်းတို့ဖြင့် ပူဇော်ကန် တော့ကြသည်။

ယင်းနောက် ဆရာကြီးဦးကျင်မောင်က ကျေးဇူး တင်စကားပြောကြားပြီးနောက် ဆရာကြီး ဦးဆယ် တင်က ဆုတောင်းမေတ္တာ ပို့သပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အသက် (၇၀) ကျော် ဆရာကြီး၊ ဆရာမကြီး ၄၈ ဦးတို့အား ဆရာ၊ ဆရာမ ၆၀ တို့က ကန်တော့ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

❐

## ဖက်ခူးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းဖွင့်

**နွားထိုးကြီး အောက်တိုဘာ ၆**

နွားထိုးကြီးမြို့နယ် ဖက်ခူးကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလိုင်း ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က ယင်းကျေးရွာ၌ ကျင်းပရာနယ်မြေတာဝန်ခံ ပို့ဆောင်ရေးနှင့် မီးရထားဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ မြို့နယ်လျှပ်စစ် မန်နေဂျာဦးကျော်မင်းထွန်းတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထင်းနှင့်မီးမွှေးရသော မီးဖိုချောင်ဘဝမှ ဘဝပြောင်းပြီဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ဝမ်းမြောက်ရကြောင်း၊ မြို့နယ်လုံးကျွတ် လျှပ် စစ်မီးလင်းရေး စီမံချက်အောင်မြင်နေကြောင်း နယ်မြေတာဝန်ခံဝန်ကြီးက ပြောသည်။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းဖွင့်ပြီဖြစ်သောကြောင့် ကျေးရွာအိမ်ခြေ ၁၀၂ အိမ် လျှပ်စစ်မီးလင်းမည်ဖြစ်၍ ကျေးဇူးတင်မဆုံးပါဟု ကျေးရွာ မီးလင်း ရေးကော်မတီ ဦးမြတ်သန်းက ပြောသည်။

နွားထိုးကြီးနယ်၌ မြို့နယ်လုံးကျွတ်မီးလင်းရေးစီမံချက်အရ ကျေးရွာ ၁၈၅ ရွာတွင် ၁၈၅ ရွာလုံး မီးလင်းမည်ဖြစ်ရာ ယခုထိ ကျေးရွာ ၆၀ မီးလင်းနေပြီဖြစ် သည်။

**ဌေးမြင့်မောင်**

# မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့တွင် ဒေသခံပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ မြို့တွင်းရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရေလှောင်ကန်များ၊ စိမ့်ရေတွင်းများအား ကလိုရင်းခတ်ခြင်းလုပ်ငန်းအား အောက်တိုဘာ ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း မင်းဘူးမြို့အတွင်း ဧရာဝတီမြစ်ရေကြီးရေလျှံခဲ့မှုကြောင့် မင်းဘူးမြို့စည်ပင်သယာရေးအဖွဲ့ပိုင် စိမ့်ရေတွင်းများအတွင်း မြစ်ရေဝင်ရောက်ခဲ့မှုများရှိခဲ့သဖြင့် မြို့တွင်းရေပေးလုပ်ငန်းကြောင့် မင်းဘူးမြို့နေ ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ပိုးမွှားကင်းစင်ရေးအတွက် မင်းဘူးမြို့ မြို့နယ်စည်ပင်သာရေးအဖွဲ့ပိုင် ကျောက်တန်းရေစက်ရုံဝန်းရှိ အနက် ၃၅ ပေ၊ အချင်း ၁၂ ပေရှိသော စိမ့်ရေတွင်း နှစ်တွင်းနှင့် အမှတ်(၁) ရပ်ကွက်ရှိ အောင်မြေရေလှောင်ကန်၊ အမှတ်(၄)ရပ်ကွက်ရှိ တာဘိုင်ရေလှောင်ကန်၊ အမှတ်(၃) ရပ်ကွက်ရှိ ကုလားကုန်းရေလှောင်ကန်တို့အား မြို့နယ်ကျန်းမာရေးဌာနနှင့် မင်းဘူးမြို့နယ်စည်ပင်သာရေးအဖွဲ့တို့ပူးပေါင်း၍ အောက်တိုဘာ ၄ ရက်က ကလိုရင်းခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကွန်တော်တို့စည်ပင်ယာရေးအဖွဲ့နေဖြင့် ကလိုရင်းခတ်ခြင်းလုပ်ငန်းအား စည်ပင်သာယာရေးအဖွဲ့ပိုင် ရေတွင်း၊ ရေကန်များအပြင် မြို့တွင်းရှိ ရေတွင်းရေကန်များအားလည်း တစ်လလျှင်နှစ်ကြိမ် ကလိုရင်းခတ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်သူကပြောသည်။

**ကျော်ဇေယျ**

# ယာယီပိတ်ထားခဲ့ရသော မြစ်ကမ်းဘေး မြေနိမ့်ပိုင်းကျေးရွာ အ.မ.က ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ငါးသိုင်းချောင်း အောက်တိုဘာ ၆**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် အောက်တိုဘာ ၄ ရက်က ၂၅ ဒသမ ၃၀ ပေ စိုးရိမ်ရေအမှတ်အောက် ၂ ပေခန့်ကျဆင်းလျက်ရှိပြီး စက်တင်ဘာလအတွင်းက ဒုတိယအကြိမ် ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ယာယီပိတ်ထားခဲ့ရသော မြစ်ကမ်းဘေးမြေနိမ့်ပိုင်းမှ ကွင်းလျားကျေးရွာ ရေကျော် အ. မ. ကနှင့် ကွင်းချောင်းကျေးရွာ အ. မ. က ကျောင်း နှစ်ကျောင်းလုံး အောက်တိုဘာလဆန်း မြစ်ရေကျဆင်းသွားချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက ငဝန်မြစ်ရေကြီးမြင့်စဉ်အချိန်က ကျောင်းသား၊ ကျောင်းသူများ၏ ဆက်သွယ်သွားလာရေး အဆင်မပြေသဖြင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနသို့ သတင်းပေးပို့ ညှိနှိုင်း၍ ကျောင်းများ ယာယီပိတ်ပေးခဲ့ရကြောင်း၊ ယခုအခါ မြစ်ရေကျဆင်းသွားပြီဖြစ်သည့်အတွက် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေသည့်အပြင် ဒေသခံကိုင်းသီးနှံစိုက်တောင်သူများမှာလည်း မြစ်ရေအခြေအနေကို သုံးသပ်လျက် ပဲအမျိုးမျိုးနှင့် အခြားသီးနှံများစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားပြုလုပ်

**မိုင်းပန် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉နာရီက မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းဟောင်း မောခန်းမတွင်ပြုလုပ်ရာ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အငြိမ်းစား ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက ကမ္ဘာ့ဆရာများနေ့ ပြုလုပ်ရခြင်းအကြောင်းအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ပညာရေးမှူးတို့က အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂါရဝပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အငြိမ်းစား ဆရာ၊ ဆရာမကြီးများကိုယ်စား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဟန်ဌေး(အငြိမ်းစား) မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# မြို့တော်သန့်ရှင်းရေးနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းရေးအတွက် စနစ်တကျလုပ်ဆောင်

**အမရပူရ အောက်တိုဘာ ၆**



သမိုင်းဝင်ဦးပိန်တံတားဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စနစ်တကျ လုပ်ဆောင်လျက်ရှိရာ နံနက်ခင်းပိုင်းတွင် ဦးပိန်တံတားပေါ်သို့ အမှိုက်ပုံးများကို စနစ်တကျ လိုက်လံချထားပေးပြီး ညနေပိုင်း အမှိုက်သိမ်းချိန်တွင် အမှိုက်ပုံးများကို ပြန်လည် သိမ်းဆည်းကြောင်းသိရသည်။

သမိုင်းဝင်ဦးပိန်တံတားပတ်ဝန်းကျင်ကိုလည်း အထူးဂရုပြုသန့်ရှင်းပေးသကဲ့သို့ ဦးပိန်တံတားပတ်ဝန်းကျင် ကားလမ်းဘေးများတွင်လည်း အားကစားကိရိယာများ တပ်ဆင်ပေးထားသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့သည် အမှိုက်ပုံးများ စနစ်တကျထားရှိခြင်း စနစ်တကျပြန်လည်သိမ်းယူခြင်းများကိုအချိန်မှန်ပြုလုပ်၍ မြို့တော်သန့်ရှင်းသာယာရေးကို စွမ်းဆောင်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ်တွင် အမရပူရမြို့နယ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းပြီးနောက်ပိုင်းတွင် အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းခြင်း ရန်ကုန်-မန္တလေးလမ်း ဘေးဝဲယာများ သန့်ရှင်းရေး၊ သစ်ပင်ပန်းမန်စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားဆောင်ရွက်လာသည်။ မန္တလေးမြို့တော်သည် နေ့စဉ်အမှိုက်တန်ချိန်ပေါင်း ၆၅၀ မှ ၈၀၀ ကျော်အထိ ထွက်ရှိကြောင်း သိရသည်။ မန္တလေးမြို့တော်တွင် အမှိုက်သိမ်းလုပ်သား ၇၀၀ ကျော်၊ တံမြက်စည်းလှည်းလုပ်သား ၅၀၀ ကျော်၊ မြောင်းလုပ်သား ၂၀၀ ကျော် အပါအဝင် စုစုပေါင်းသန့်ရှင်းရေးလုပ်သား ၁၅၀၀ ကျော်ဖြင့် နေ့စဉ်သန့်ရှင်းရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# မြိတ်မြို့တွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များအား ပညာပေးသည့်သင်တန်း ဖွင့်လှစ်



**မြိတ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးကျင်းပသော မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲက မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဝင်းကြည်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မြိတ်မြို့၊ ကွန်းစုမြို့၊ ပုလောမြို့နှင့် ပလောက်မြို့တို့မှ တစ်မြို့နယ်လျှင် သင်တန်းသားခြောက်ဦးစီ တက်ရောက်သင်ကြားကြပြီး မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် မဲရုံပုံစံချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ၊ မဲရုံပစ္စည်းများအသုံးပြုပုံ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မသန်စွမ်းသူနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များမဲပေးခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲရုံဖွင့်ခြင်းနှင့် မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိဖြစ်ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(မြိတ်ခရိုင်-ပြန်/ဆက်)**

# ချိတ်ဆွဲထားရှိသည့် စာပေရေချမ်းစင်များ၌ စာအုပ်သစ်များ ထပ်မံဖြည့်ဆည်း

**ငါ့သရောက် အောက်တိုဘာ ၆**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ လွယ်လင့်တကူ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ချိတ်ဆွဲထားရှိပေးသည့် (Mini Book Corner) စာပေရေချမ်းစင်များသို့ အောက်တိုဘာ ၅ ရက်က မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့်ဝန်ထမ်းများ သွားရောက်၍ အသစ်ထွက်ရှိသည့် စာစဉ်အတွဲ (၃) အမှတ် (၈) စာအုပ်သစ်များကို ပြည်သူများလေ့လာဖတ်ရှုနိုင်ရန် အသစ်ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရန်အတွက် (Mini Book Corner) စာပေရေချမ်းစင်များကို မြို့တွင်း၌ လေးခု၊ ကျေးရွာတွင် ငါးခု ချိတ်ဆွဲထားရှိပေးထားကြောင်း၊ မြို့တွင်းနေပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် လူစည်ကားရာနေရာများဖြစ်သည့် ငါ့သရောက်မန်းကားဂိတ်၊ သဒ္ဓာဦးလက်ဖက်ရည်ဆိုင်၊ မြို့နယ်ဆေးရုံနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ချိတ်ဆွဲထားရှိပေးထားသည်။

ယင်းအပြင် ဆည်ကျေးရွာ၊ အောင်သာ၊ ပြာပုံ၊ ဈေးမကြီးကျေးရွာနှင့် ခက်လန်းကန်ကျေးရွာများတို့ဖြစ်ကြပြီး ကျေးလက်နေပြည်သူများ စာအုပ်သစ်များ လေ့လာဖတ်ရှုနိုင်ရေးအတွက်လည်း ထပ်မံဖြည့်ဆည်းပေးခဲ့သည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်တိုးချဲ့ရေး ဆွေးနွေး

**ကျောင်းကုန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် တိုးချဲ့ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်ဆန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က အသီးသီး အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝထွန်းက နယ်နိမိတ်လုပ်ငန်းများ ရှင်းလင်းခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ အိုးဘိုကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကသိရှိလိုသည်များမေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**


၅၀%
ငွေဖြည့်အပိုလက်ဆောင် ရယူလိုက်ပါ
ooredoo

**Yangon Triple Company Limited**
would like to congratulate
***"Kempinski Hotel Nay Pyi Taw"***
(a member of KBZ Group)
for this winning award "Best Performance Hotel 2015" (World Tourism Day 2015)

Kempinski Hotel
Nay Pyi Taw

KBZ GROUP

***"Kempinski Hotel Nay Pyi Taw"***
has also won the following awards in 2015:

- *Best Hotel Architecture Design (Myanmar Property Award)*
- *Best Hotel Interior Design (Myanmar Property Award)*
- *Best Hotel Development (Myanmar Property Award)*
- *The Best 5 Star Hotel of the Year (Mekong Tourism Alliance Awards)*

ဒါရိုက်တာအဖွဲ့ဝင်များ
နှင့် ဝန်ထမ်းများ

YANGON TRIPLE CO.,LTD

မှတ်ပုံ တင်ပြီး

အစဉ်အမြဲ အစစ်ခံ့ယူမှု ဖြစ်သည်

အကယ်ဒမီ



ဓာတ်ပစ္စည်းကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော

ကြွက်၊ ပိုးဟပ်၊ ခြင်သတ်ဆေး ...

ကြွက်များရိုးချတ်ဆေးကိုသုံးပါ

အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

Tel : 95-1-374787, 384844, 385640, 385858, 242726
Email : academychemicalburma@gmail.com

## ဝန်ထမ်းအလိုရှိသည်။

ရုပ်နီ - မြန်မာ ပူးပေါင်းဖွင့်လှစ်မည့် မော်တော်ကား သင်တန်းအတွက် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

**Traniee Lecturer (Mechanical )** ကျား (၂) ဦး

- AGTI , BTech , B.E တစ်ခုခုကို Mechanical ဖြင့်ပြီးသူဖြစ်ရမည်။
- အသက် (၄၀) နှစ်အောက် ဖြစ်ရမည်။ နှစ်ရှည်စာချုပ်ဖြင့် လုပ်နိုင်သူဖြစ်ရမည်။
- လစာကောင်းကောင်းပေးမည်။ ရွေးချယ်ခံရပါက မော်တော်ကား ပညာရပ်ကို တစ်နှစ်ကြာ သင်တန်းပေးမည်။

**Office Staff** ကျား (၂) ဦး

- လုပ်ငန်းအတွေ့အကြုံမလို ရေရှည်လုပ်နိုင်သူကို အသက်မရွေးဖမ်းကျောင်း အတက်ပညာများသင်ကြားပေးမည်။ (20.10.15) နောက်ဆုံးထား၍ လျှောက်ထားရန်

GPRY ၁၃၈/၁၄၀၊ ၃ထပ်၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လိင်ပိုင်းဆိုင်ရာ အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

ခရုသင်းသေမင်းဖြူ

ဆေးပညာအရ အမှတ် ...

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊

နယ်မှ ဝေဖန်ရာ ရှင်များ တိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။

သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၇)၊ (၃)ထပ်၊ ၃၂လမ်း(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၅

## ရွှေရတုတီပီဋက ပေလေထင်စာသင်ကျောင်းဆောင် အသစ်ဆောက်လုပ်နေခြင်းအတွက်လှူဒါန်းနိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဓားတွန်းဆောင်ရွာမှိုမိတ် ကုန်းမြေတီပိဋကနိကာယကျောင်းတိုက်အတွင်း၌ ရွှေရတုတီပိဋက ပေလေထင် စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်နေပြီဖြစ်ပါသဖြင့် ... [illegible]

(၁)သယ်အတွက် သိန်း-၁၅၀၀
(၂)မာတ်ဖျော့တား သိန်း၃၅၀
(၃)(၀၆"x၁၅")ပတ်လည်(၁)ခန်း သိန်း၁၀၀
(၄)၁၅'အတွက်-၁၅သိန်း
(၅)၁'အတွက် ၁သိန်း
(၆)အိုးထပ်မြေထစ်အိတ် ၇၀၀၀ကျပ်
(၇)ကျောက်သေးတစ်ကျင်း-၃၅၀၀၀ကျပ်
(၈)ကျောက်ကြီးတစ်ကျင်း-၁၅၀၀၀ကျပ်
(၉)အိုးတစ်ကျင်း-၁၀၀၀၀ကျပ်

လှူဒါန်းနိုင်သောဌာနများ

(က) ရန်ကုန်ဌာန-မင်းကွန်းတီပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ အမှတ်(၁၂) ... ဖုန်း-၀၁-၂၂၂၂၄၈/၇၉၊ ၀၉-၄၃၁၉၅၈၉၅

(ခ) မန္တလေးဌာန-မင်းကွန်းတီပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့ ... မန္တလေးမြို့)
**ဖုန်း-၀၉၆၈၃၆၃၂၉၃၊ ၀၉-၅၁၄၀၂၈၃**
**မင်းကွန်းတီပိဋကနိကာယကျောင်းတိုက်**
**မင်းကွန်းဆောင်ရွာ၊ မိုးဓိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့နယ်**
**ဖုန်း-၀၉-၆၅၀၉၄၃၃၃၊ ၀၉-၂၅၆၆၂၀၆၈၆၊ ၀၉-၂၅၆၁၅၀၀၂၉**

Since 2004
**M.E.E.G**
✔ Design ✔ Structure ✔ Construction ✔ Training
ဆရာဦးကောင်းဆိုက် (BE Civil) နှင့် ဆရာမဒေါ်ပုလဲ (BE Civil) ... [illegible]
AutoCAD/ 3dsMAX/ SketchUp/ MicroStation
Revit/ Etabs&Safe/ Estimate/ SolidWorks
No.18, 2nd Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196, 095140118

## ဝန်ထမ်းအလိုရှိသည်

[illegible]
(၁) Shopping Mall ... Manager ... (ကျား/မ)-၂ဦး
(၂) Supermarket Manager/Assistant Manager ... (ကျား/မ)-၂ဦး
(၃) Maintenance Supervisor/Assistant Supervisor ... (ကျား)-၂ဦး
(၄) Maintenance Assistant ... (ကျား)-၂ဦး
(၅) Admin Office Staff ... (ကျား/မ)-၃ဦး
(၆) Accountant ... (မ)-၂ဦး
(၇) ... (မ)-၂ဦး
(၈) Security & Night Watch ... (ကျား)-၅ဦး
(၉) Cleaning Staff ... (ကျား/မ)-၅ဦး

[illegible]

## မင်းကွန်းတီပိဋက=နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

[illegible]

| | | |
|---|---|---|
| ၁။ | [illegible] | ကျပ်-၁၀၀၀၀/ |
| ၂။ | [illegible] | ကျပ်-၂၀၀၀၀/ |
| ၃။ | [illegible] | ကျပ်-၅၀၀၀/ |
| ၄။ | [illegible] | ကျပ်-၅၀၀၀/ |
| ၅။ | [illegible] | ကျပ်-၂၀၀၀၀/ |
| ၆။ | [illegible] | ကျပ်-၅၀၀၀/ |
| ၇။ | [illegible] | ကျပ်-၁၂၀၀၀/ |

[illegible]

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ
(၁) [illegible]
(၂) [illegible]

## ပညာရည်ချွန်ဆုချီးမြှင့်ရန် ဖိတ်ကြားခြင်း

၂၀၁၄-၂၀၁၅ ... [illegible]

| | |
|---|---|
| [illegible] | - [illegible] |
| [illegible] | - အမှတ်(၅၂/၅၆) ... |
| | ... |
| | ဖုန်း-၃၇၁၄၁၂ |

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မှုလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ခုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းအောင်/ကျ၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဘောက်တိုဘာ (၃/၅/၇)ရက်နေ့ (ပ/၃)တန်းသစ်ဖွင့်မည်။ ... ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတာအားဆင်း ... ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ကိုကျော်စိုး
# ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည်။
မြေကြီးလိုအပ်သူများဆက်သွယ်ပါရန်။
**ဖုန်း-၀၉-၂၀၁၀၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊**
**၀၉-၃၀၀၁၆၈၈၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

[illegible] (AH-...) ... (AH-...) ... [illegible]

ဦး... [illegible]

ဗျာဒိတ်သဘင် ဝါကျွတ်ပွဲတော်အထူးခရီးစဉ်
ကျိုက်ထီးရိုး(နေ့စဉ်)ချောင်းသာ(နေ့စဉ်)ငွေဆောင်(သောကြာ)
ကျိုက်(၅)ကျိုက်(ကျိုက်ထီးရိုး၊ကျိုက်ထီးဆောင်း၊ကျိုက်သလ္လံ၊ကျိုက်မရော၊ကျိုက္ခမီ)
ပုပ္ပါး-ပုဂံ(စွယ်တော်လေးဆူ)ပခုက္ကူ(သီဟိုဠ်ရှင်)(ရွှေမုဋ္ဌော)ဘုရားစုံ
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-ကျောက်စိမ်းဘုရားစုံ
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ထမ်ဆမ်း၊မွေတော်ကက္ကူဘုရား
Ph:09425334456,09252606649,0949323965,0949578205

Asia Top 0943164118,09421099574,098635520
▲ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် အင်းလေးကန်ဘုရားစုံဖူး တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ ထမ်စမ်း၊ မွေတော်ကက္ကူ Guest Package 65000
▲ ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Hotel Package 60000
▲ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ ဖော်ဝဲ Guest Package 100000
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000 Oct 9,16,23,27,30
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

POSSIBLE Travels & Tours

| | |
|---|---|
| ပုဂံ-ပုပ္ပား | Oct - 24,27 |
| ကယားပြည်နယ်-လွိုင်ကော် | Oct - 24,27 |
| တောင်ကြီး-အင်းလေး(ဖောင်တော်ဦးပွဲတော်) | Oct - 24,27 |
| မန္တလေး-ကျောက်စိမ်းဘုရား-ဒီဘုတ်ချောင်ပြာဆိုင် | Oct - 10,17,24,27,31 |
| မော်လမြိုင်-ကျိုက္ခမီ-ဇင်းကျိုက် | Oct - 10,17,24,27,31 |
| ကရင်ပြည်နယ်-ဘားအံဂူဘုရားများ | Oct - 10,17,24,27,31 |
| ထောင်ရ-သံတောင်ကြီး-ဇိုးကျားဆင်စခန်း | Oct - 10,17,24,27,31 |

Contact Ph : 01-706716, 01-9010327, 09-259257822-23,09250790919

GSM Travels & Tours
- တောင်ကြီး ခရီးစဉ် (Oct 24) (Nov 25)
- ပုဂံ ခရီးစဉ် (Oct 24) (Nov 25)
- မြည် - အဓိဘောက်တောင် (Oct 17, 26)
- ဘန်ကောက် Oct 24-28 (4N 5D)
- စင်ကာပူ Oct 25-28 (3N 4D)
- မလေးရှား Oct 29, Nov 01 (3N 4D)
Ph- 09 794455998, 09 780002909, 09 798300144

## လုံးချင်း(၃)ထပ်ငှါးရန်

3RC ၊MB(4)၊ BR(4) ခန်း၊မီးဖိုချောင်၊ရေချိုးခန်းအားလုံး ကြွေပြားကပ်ပြီး၊အခန်းတိုင်းကိုးရိုးယားပါကေး၊ခင်းပြီး၊ကားဂိုဒေါင်ပါ၊ သံဝန်းသံဘာဂျာခတ်ပြီး။
အမှတ်-(၅၇) ,ထ-(၄)မြို့သစ်(၁)ရပ်ကွက်-၆၄လမ်း၊ စံပယ်လမ်းနှင့်သီရိလမ်းကြား၊မန္တလေးမြို့။
ဆက်သွယ်ရန်-**09421144509**

## မြေရောင်းမည်

[illegible]
ဆက်သွယ်ရန်ဖုန်း-၀၉-[illegible]၊ ၀၉-[illegible]

**မြင့်မြတ်** အမှတ်တံဆိပ် **အမွှေးပြေဆောက်ဆေး**
ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခု လုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နား ထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342(0118)
ဝင်ရင်း-ကြော်ငြာဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း-၀၉၇၃၂၁၁၀၆၁၊ ၀၉၇၃၀၉၇၆၂၄၊ ၀၉၇၃၀၄၅၁၀၉

## ဝန်ထမ်းအလိုရှိသည်

စားသောက်ဆိုင်လုပ်ငန်းတွင်
(မြို့တွင်းသွားလာနိုင်သူ)
၁။ ယာဉ်မောင်း ------------ (ကျား) - ၁ဦး
[illegible]
၂။ ယာဉ်မောင်း ------------ (ကျား) - ၁ဦး
[illegible]

ကြော်ငြာ

BEAUTIFUL MEMORIES TRAVELS & TOURS

ဗုဒ္ဓဂယာ ခရီးစဉ်

ဂျပန် ခရီးစဉ် | ကိုရီးယား ခရီးစဉ် | ဗီယက်နမ် ခရီးစဉ်
15 Nov | 20 Dec | 29 Oct

ဟောင်ကောင် | ဝန်ကောက် | ဂွမ်ဇေ
24 Oct / 22 Dec | 20 Dec | 22 Dec

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေကျောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

im;rn
တ/ဥက္ကလာပစက်မှုဇုန်၊ မြေ (၅၀'×၁၅၀')
(ကိုယ်ပိုင်ခြံဝင်း)၊ ဂိုဒေါင် (၅၀'×၇၅')၊
POWER, LIGHTING၊ ရေ။
ရုံးချိန်တွင်းသာ-၀၉-၉၇-၁၁၁-၂၂၂၈၊
၀၉-၇၃၀၃-၆၆၆၈

ao;ontou

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တစ်ချိုမဟာ ဓနရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် — 800 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ (၄) ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် — 700 USD + ၅၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။

(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အနှစ်ရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)

(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၄၊ ၁၈ နှင့် ၂၅ (သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀)၊ နိုဝင်ဘာ ၈၊ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - နိုဝင်ဘာ ၁၅၊ ဖေဖော်ဝါရီ ၇၊ ဧပြီ ၁၀။

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနစီးပွားရေးဗဟို၊ ဝေဇယန္တာလမ်း၊ စမ်းချောင်း။ ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664

မြို့ဝေသာသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173

မန္တလေးရုံးခွဲ - (1-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း ၆၀၊ ၃၁ × ၃၂ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေးဖုန်း - 09 402 64 8989, 09 5300305



အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မရမ်းကုန်းမှ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ် သုံးထပ်ကွမ်း ဘက်စုံထူးချွန်ဆု၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်စာမေးပွဲတွင် ရမှတ်ပေါင်း(၅၄၉)မှတ်ဖြင့် ရန်ကုန်တိုင်း အဋ္ဌမဆု၊ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းအဆင့် ပထမဆုရရှိသူမောင်အောင်ကျော်ထွန်း အား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဆရာမကြီး ဒေါ်သိန်းတိုးနှင့် ဆရာ၊ ဆရာမများ
အ.ထ.က(၂)၊ မရမ်းကုန်း



အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်းမှ
အသည်းရောင် ဘီပိုး၊ စီပိုး နောက်ဆုံးပေါ်ကုထုံးများအကြောင်း ဟောပြောပွဲ

စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ လာရောက် လေ့လာနိုင်ပါသည်။

နေ့ရက် - ၁၀.၁၀.၂၀၁၅ (စနေနေ့)
အချိန် - နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီ အထိ
နေရာ - UMFCCI မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း
(အမှတ် - ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)

(မန္တလေးဖြူဟွစ်ရှိရ်အသင်းတွင် ပါမောက္ခဦးခင်မောင်ဝင်း ဦးစီး၍ အသည်းရောင် ဘီပိုး၊ စီပိုးများကို အခမဲ့ ကုသပေးနေပါသည်။)

Yee Fashion Designer Group
အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒီပလိုမာထပ်တန်း

ခေတ်မီဝါရင့်စက်ချုပ်နှင့် ဒီဇိုင်းပညာရှင်ကြီးများမှ ဒီဇိုင်းအမြင် ဒီဇိုင်းအသိ ဒီဇိုင်းသီအိုရီတို့ဖြင့် ခေတ်မီသပ် ရပ်လှပသော စတိုင်ကျသည့် အဝတ်အစားများကို ဖန်တီးနိုင်သည့် ပညာရှင် ဒီဇိုင်းနာကောင်းတစ်ယောက်ဖြစ်စေရန် ရည်ရွယ်၍ စာတွေ့လက်တွေ့အခြေခံစက်နှင်းမှစ၍ သင်ကြားပေးမည့် အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒီပလိုမာ သင်တန်းအမှတ်စဉ် (၇)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၂၀-၁၀-၂၀၁၅) ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လူဦးရေ ကန့်သတ်ထားသည်

ဆက်သွယ်ရန် - Center(1) - အမှတ်(၄၂/B)၊ မြေညီထပ်၊ (၁၁)လမ်း၊ လမ်းမတော်မြို့နယ်။
Center(2) - အမှတ်(၁၀၆) တတိယထပ်၊ လှည်းတန်းလမ်းတို၊ လမ်းမတော်မြို့နယ်။
Ph: 01-228692, 09-73048822, 09-31788338, 09-5193056, 09-799298245

OIL & GAS 2015
Myanmar

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး ထုတ်လုပ်ရေးနှင့် သန့်စင်ရေး ပြပွဲ

၁၅ - ၁၇ အောက်တိုဘာ ၂၀၁၅
(ကြာသပတေး - စနေ)
Myanmar Event Park ၊ရန်ကုန်

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို အလေးပေးပြသမည့် မြန်မာနိုင်ငံ၏ ပြပွဲကြီး

- နိုင်ငံတကာမှ ပြသသူ ၁၀၀ကျော်ပါဝင်မည့် အကြီးမားဆုံး ကုန်သွယ်မှုဆိုင်ရာပြပွဲ
- ကမ်းလွန်တူးဖော်ရေး ရှာဖွေရေး ထုတ်လုပ်ရေး သယ်ယူပို့ဆောင်ရေး IT နှင့် နည်းလမ်းသစ်များရှာဖွေခြင်းအတွက် နောက်ဆုံးပေါ် နည်းပညာနှင့် ကိရိယာများကို လာရောက်ကြည့်ရှုပါ
- စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအသစ်များကို ရှာဖွေပါ
- လုပ်ငန်းနယ်ပယ်အတွက် နောက်ဆုံးပေါ် တိုးတက်မှုသတင်းများကို ရယူပါ
- MOGE မှ ပြောကြားမည့် Oil & Gas Myanmar 2015 ဆွေးနွေးပွဲသို့ တက်ရောက်ပါ

စီးပွားရေးလုပ်ငန်းရှင်များသာ ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု

www.OGMyanmar.com

စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ဆက်သွယ်စုံစမ်းရန် ဦးထက်ဝေဖက်
ဖုန်း +၉၅ ၁ ၅၁၇ ၅၁၅ - ၅၁၉
အီးမေးလ်: events@sesallworld.com

ဆွေးနွေးပွဲမန်နေဂျာ
RESOURCES & TRAINING CO.,LTD

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industy SMEs Development Department
Ministry of Transport
Myanmar Engineering Society
Myanmar Maritime University
Myanmar Oil & Gas Services Society
ALLWORLD EXHIBITIONS

ကြော်ငြာ


## “ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့”

သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၀၀၃-၂၀၀၄)ခုနှစ်မှစတင်ကာ (၁၃နှစ်) တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့သော “ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့” သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုဝန်ဆောင်မှုပြည့်ဝစွာဖြင့်စိတ်ချမ်းသာစွာဘုရားဖူးသွားလိုသော ရပ်နီးရပ်ဝေးမှဓမ္မမိတ်ဆွေများအား ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှိုးဆော်အပ်ပါသည်။

(၁၄ည/၁၅ရက်) ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ် (၂) ညတည်းခိုမည်ဖြစ်ပါသည်။

(၁) ၂၆.၁၀.၂၀၁၅ (၂) ၁၁.၁၁.၂၀၁၅ (၃) ၂၃.၁၁.၂၀၁၅ (၄) ၉.၁၂.၂၀၁၅
(၅) ၂၁.၁၂.၂၀၁၅ (၆) ၆.၁.၂၀၁၆ (၇) ၂၄.၁.၂၀၁၆ (၈) ၈.၂.၂၀၁၆
(၉) ၁၅.၂.၂၀၁၆ (၁၀) ၂.၃.၂၀၁၆ (၁၁) ၁၄.၃.၂၀၁၆ နေ့တွင်ထွက်ခွာပါမည်။

ဆက်သွယ်ရန် - အမှတ် (၄၄)၊ လမ်းသစ်လမ်း(မော်တင်လမ်း) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 211944, 211955, 225915, 225989, 222720, 229315, 227702, 227703.

ရွှေအိမ်ကြီး Airoon Express
မြဝတီ၊ မဲဆောက်၊ ဖဒေါ်၊ ဘားအံ
ကျိုက်ထီးရိုးဘုရား (၄)ရက်ခရီး Oct(22)ထွက် ... (80000ks)
တောင်ကြီး အင်းလေး ဖောင်တော်ဦးပွဲ(၅)ရက် Oct (27)ထွက်၊ ထမင်းကျွေး (50000ks)
09 421073634, 09 420281267

သုံးရာသီ ဗမ္မဒါန
အင်းလေးဖေါင်တော်ဦးပွဲတော်
တောင်ကြီး၊ ပင်းတယ၊ ကက္ကူ၊ ထန်စန်း
ထွင်းကျွေး-၅၀၀၀၀/-Oct - 16,23,30
(၁၀)ဦးဆယ်လျှင် တစ်ဦးအလှူ
ကားအမျိုးမျိုးငှားရမ်းနိုင်သည်။
☎ 420144148, 421153797

ဟိုက်ခြောလစ်/ဆေလ်စ်အား
ဓာတ်ခွဲခြေဒုတ်ရိုက်စက်ရပြီး
PH: 09 731 99 410
09 420035882, 73199257

NEW MOTION Travels & Tours
ခရီးသွားသစ်လွှင့် ခရီးစဉ်
ဖောင်တော်ဦး ဘုရားပွဲခရီးစဉ် - Oct; 24, Oct; 27
ပုဂံ - ပုပ္ပါး - မန္တလေး ခရီးစဉ် - Oct; 27
မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 27
ချောင်းသာ ငွေဆောင် ငပလီ ကမ်းခြေခရီးစဉ်
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

GO & GO TRAVELS AND TOURS
ဥရောပနိုင်ငံများနိုင်ငံများသို့ လည်ပတ်ရသည့်အလား စိတ်ခံစားမှုရရှိစေမည့်
အိန္ဒိယနိုင်ငံ၊ ကတ်ရှ်မီးယားပြည်နယ် ( ၇ ရက် ) ခရီးစဉ်
( 27th Oct & 10th Nov 2015 / 22nd Mar & 12 April 2016 )
4* ဟိုတယ်၏ ၂ ယောက်အိပ်ခန်းတွင်တည်းပြီး၊ စိတ်အေးချမ်းသာစွာ ဘုရားဖူး၊ ကုသိုလ်ပြုနိုင်မည့် ဗုဒ္ဓဂယာ (၈ ရက်) နှင့် (၁၅ ရက်) ခရီးစဉ်
( 26th Oct & 10th Nov 2015 / 18th Feb,15th Mar & 14th April 2016 )
Contact : ၂၉၂၄၆၅/၀၉၂၆၀၀၆၆၄၄၃/၀၉၂၆၂၄၁၇၀၄၂/၀၉၂၅၂၅၈၆၀၂၁

အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ဦးဝင်းထွန်း၏သမီး မြို့မ အထက (၁)မှ မခိုင်နှီးစုအား မသင်းထက်ဆုဟုပြောင်းလဲခေါ်ပါရန်။
မသင်းထက်ဆု

Home Since 1996
သီတင်းကျွတ်အကြိုကာလ အထူးလက်ဆောင်
ပါကေးအစားထိုးကြမ်းခင်းဝယ်လျှင်
★ ကျင်းအရေအတွက်အလိုက် လက်ဆောင်ခံစားခွင့်ရှိပါသည်
** Selected Items Only
ဝယ်ယူသူ (၁၀) ဦးအထိသာ
လက်ဆောင်
3 ကျင်း 6 ကျင်း
ရန်ကုန် (သောင်ဆန်းကျင်း) မဟာသောင်ဘွန်း
ဖုန်း - 09 730 84 840 , 09 730 84 841
ရန်ကုန် (သီရိမင်္ဂလာ) ပျော်ကျော့ဆုံ
ဖုန်း - 09 79 700 70 88,09 79 700 70 99
ရန်ကုန် (လေးထောင့်ကန်) သမိန်ဘရမ်းမြို့ပတ်
ဖုန်း - 09 79 700 70 73 , 09 79 700 70 83
(မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား )
ဖုန်း - 09 3311 6626 , 09 3311 6636
( ပဲခူး ) ကမ်းလျှောက်လမ်း
ဖုန်း - 09 79 700 70 75 , 09 79 700 70 85
(နေပြည်တော်) ...
ဖုန်း - 09 730 84 844 , 09 795900 146
(ဟင်္သာတ) ...
ဖုန်း - 09 79 58 999 80 , 09 79 58 999 81
(တောင်ကြီး) ...
ဖုန်း - 09 79 700 70 79 , 09 79 700 70 89
(ပုသိမ်) ...
ဖုန်း - 09 79 700 70 87 , 09 79 700 70 97

အမှားပြင်ဆင်ခြင်း
(၁၂-၉-၂၀၁၅)ရက်၊ ကြေးမုံသတင်းစာ ... ပြင်ဆင်ဖတ်ရှုပါရန်။
ရန်ကုန်မြို့ ...

PGD Co., Ltd
တွင်တာဝန်ထမ်းဆောင်ရန်
ယာဉ်မောင်း ၁ ဦး
Accountant ၁ ဦး
Admin ၂ ဦး
၀၉-၂၅၃၉၆၃၁၄၄၊
၀၁-၄၃၀၂၃၀

MCC.i
# MCC Training Institute
နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာ ဘွဲ့ရယူလိုသူများအတွက်
(အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့)
- စုစုပေါင်း (၃)နှစ်တက်ရုံနဲ့ B.Sc (Hons;) Business IT ကွန်ပျူတာ သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ရမည်ဖြစ်ပြီး နောက်ထပ်တစ်နှစ်တက်ရုံဖြင့် MBA ဘွဲ့ကိုပါရရှိစေရန် စီစဉ်ထားပါတယ်။
- အားလုံး မြန်မာပြည်မှာပဲ အိုးမကွာ၊ အိမ်မကွာ တက်ရုံပါပဲ၊
- (၂)နှစ်တက်ပြီးလို့ နောက်ဆုံးနှစ်ရောက်တာနဲ့ အချိန်ပိုင်းအလုပ်ခန့်ပြီး ဘွဲ့ရပြီးပြီခြင်း (International Software Development Center) မှာ အလုပ်ခန့်ပေးတဲ့အတွက် အလုပ်အကိုင်ရရှိမှု (၁၀၀%) သေချာအောင် စီစဉ်ထားပါတယ်။
- ပညာရပ်ဘွဲ့ (Academic Degree) သာမက၊ ကျွမ်းကျင်မှုအတွက် (Microsoft Skill Certification), အလုပ်အတွေ့အကြုံ (Job Experience) နဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှု (English Proficiency) ကို IELTS 5.5 အနည်းဆုံးရရှိစေရန် တွေပါတစ်ခါတည်း ပြည့်ပြည့်စုံစုံပါဝင်မှာ ဖြစ်ပါတယ်။

www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 01-249152, 01-395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
October Intake

ကုန်နှင့်လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်
... Corporate Zeera Group Co.,Ltd ...
Bridging Globally
...
Corporate Zeera Group Co.,Ltd ...

STI MYANMAR UNIVERSITY

University of Bedfordshire

STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍ ဆောင်ရွက်ပါ ဘွဲ့ကြို ဘွဲ့လွန် သင်တန်းများ ဖွင့်လှစ်မည်

**Faculty of Health Science** **NEW!**

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

**Faculty of Education & Linguistics**

Master of Education in Leadership and Management

ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ
- IGCSE အောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်ကျောင်းသားများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

**Faculty of Business**

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

**Faculty of Engineering**

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ် ရန်ကုန် Ph: 507151/52, 377988, 09 250084451

https://www.facebook.com/STIMyanmarUni www.stiedu.net

VAC® VALUE ADDED CONSULTANCY မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

**VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။**

ဝန်ထမ်းလိုအပ်နေသောလုပ်ငန်းရှင်များအတွက်
အရည်အချင်းပြည့်ဝသော ဝန်ထမ်းများစိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။
ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။
မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။
VAC မှတစ်ဆင့်အလုပ်ရလျှင် အလုပ်လျှောက်သူဝန်ထမ်း ဝန်ဆောင်ခပေးရန်မလိုပါ။

**Job Openings for Foreign Telecom Firms**

**Sr Employee Assessment & Compensation Staff** (3)
- Detail Knowledge In Appraisal Assessment ; Payroll Calculation & Report

**Sr Staffing & Recruitment Staff** (4)
- Exp On HR , Support All Activities For Recruitment

**Sr HRD Staff** (2)
- Exp On HR & Training Management

**Sr Employee Relation Staff** (3)
- Exp On HR , Efficient & Result Oriented

**Sales Support Process & IT Manager - Officer** (1)
- Exp On Sales Support Process Of FIXED Or Mobile Telecom Operator

**Distributor Channel Manage Manager - Officer** (1)
- Ability to Understand the Working Dynamics Of Distribution Channels

**Direct Dealer Management Manager - Officer** (1)
- Exp In Development & Management Of Sales Channel ( Dealers/Shop )

**Sr B2B Sales Staff** - Product Developement - Sales Planning (2)
- Exp In Product Developement In Mobile / Fixed Service In Telecom Field

**B2B Sales Staff** (10)
- B2B Sales Exp In Telecom / IT Is Preferred.

**Sales Engineer** (2)
- Exp In Telecom / IT Industry as System Engineer.

E-mail ဖြင့်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

နောက်ထပ်အလုပ်အကိုင်အခွင့်အလမ်းများ ⟹ Value Added Consultancy

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

**လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားမှုပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်**

ရန်ကုန်မြို့ ... Live Life Co.,Ltd ...

Live Life the way you like it !

မှတ်ပုံတင်နံပါတ်အမှတ် - ၄/၀၇၆/၂၀၁၅ မှတ်ပုံတင်နံပါတ်အမှတ် - ၄/၀၇၇/၂၀၁၅

Live Life MEDIA

မှတ်ပုံတင်နံပါတ်အမှတ် - ၄/၀၀၇၀/၂၀၁၅

Live Life Co.,Ltd ကိုယ်စားလှယ်

ဒေါ်ထင်ဥမ္မာထွန်း(တရားလွှတ်တော်ရှေ့နေ) ... ဒေါ်သင်းသီရိအောင်(အထက်တန်းရှေ့နေ) ...

ရုံး-၀၉-...၊ ၀၉-...

ကြော်ငြာ


KEMBANGAN-UHC HOSPITAL
25 YEARS OF SUCCESS
"အောင်မြင်မှု ငွေရတု"
KEMBANGAN MEDICAL CENTRE SINGAPORE
BO AUNG KYAW ST, KYAUKTADA TSP, YANGON
FROM THEN... မှစ၍
...TO NOW! ယခုလက်ရှိ
SKIN & AESTHETIC SERVICES
BLACK
WHITE
HAIR TRANSPLANT
HAIR REMOVAL
Medical Treatment & Medical Check up
Home care Service
KEMBANGAN INSEIN SKIN & AESTHETIC SPECIALIST CENTRE
KEMBANGAN-UHC HOSPITAL, NO. 439-441, NEW UNIVERSITY AVE RD, BAHAN TSP, YANGON hotline: 09-448026197 / 09-793899634

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇေအေးဦး (၇၇)နှစ်
အင်ဂျင်နီယာမှူး(ငြိမ်း)

[illegible]

ဦးအောင်ညွန့်ကြာအရှေ့နှင့်ဝန်ထမ်းမိသားစု
လှည်ဖစ်ခေတ်အားဖြန့်ဖြူးရေးလုပ်ငန်း

## အမြန်ရောင်းမည်

(၁) ဝန်းလိုင်ဂေါက်ကွင်းအိမ်ရာအတွင်းရှိ ၂ ထွက်ထွဲ ခေါင်းတွက်အား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

မြေကွက်အမှတ်-၁၃၅၊ မြေတိုင်းအမှတ်-၁၂ (Rose Garden Drive No. 214) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

[illegible]

## အမြန်ရောင်းမည်

(၂) သင်္ဃန်းကျွန်းမြို့နယ်၊ သေတယ်ထွာလမ်းမကြီးပေါ်ရှိ သေတယ်ထွာ ကွန်ဒို Orange Market အပေါ်ထပ် (၉-လွှာ) အသင့် (ပြင်ဆင်ပြီး) စတုရန်းပေ (၁၃၀၀) အခန်းအား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း**

[illegible]

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

[illegible] "[illegible]" THE SILK HOUSE [illegible]

[illegible]

ဥပဒေအကြံပေးရှေ့နေ
ဦး[illegible] (LL.B, D.B.L, W.E.P.O [illegible])
အထက်တန်းရှေ့နေ (စဉ် [illegible])
[illegible]

## ဘတ်စ်အစုရှယ်ယာများရောင်းမည်

ကမ္ဘာ့ရတနာ့ဘဏ် (ယခင်မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်)၏ အစုရှယ်ယာများ ရောင်းရန်ရှိပါသည်၊ စုံစမ်းနိုင်ပါသည်။

**စုံစမ်းရန်ဖုန်းအမှတ်-၀၉၄၀၁၅၄၀၆၇၂၊**
**၀၉-၅၀၅၂၉၇၆**

---

ညှိုးလွှင် တစ်မတော်သူနာပြုကိုလ်လောင်း
ဝင်ခွင့်သင်တန်း (အမျိုးသား/အမျိုးသမီး)
ဝင်ခွင့်စာမေးပွဲ (ENGLISH/ BIO/ GENERAL KNOWLEDGE)
အမှတ်(၃၂) ဗွဲလမ်း/ဗိုလ်တိုက်ချွန်းလမ်း (သုံးရာသီမှတ်တိုင်) ဒဂုံရမ်ငင်းသိမ်းမင်ကြီး (၂/က)စံပြုရပ်ကွက် မော်လာဘိုး
**ဖုန်း-၀၉၇၃၄၀၉၂၀၄၄၊ ၀၉-၄၂၀၀၄၄၀၀၄၊**
**၀၉-၇၉၆ ၂၈၆၁၉၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

[illegible]

(စိုက်ပျိုးမြေကြီးမြို့နယ်) ဦးထွန်းအောင် ဒေါ်[illegible]တို့၏ ရှေ့ဆောင်ရှေ့နေ
ဒေါ်[illegible] (LL.B) အထက်တန်းရှေ့နေ(စဉ်-[illegible])
တိုက်(၁၈/က၂) အခန်း(၁၀၄-H) [illegible] (အောက်) [illegible]မြို့နယ်
ရန်ကုန်မြို့။ ဖုန်း-၀၉[illegible]

---

**ပြည်သွင်းဝင်ရှုပ်ချန်**

[illegible]

---

**ခြံဝင်းနှင့် နေချင်သူများအတွက်**

City Mart, ဘဏ်၊ ဈေး၊ ကျောင်းအနီး။
22'×68' RC ၂ထပ်တိုက်
(၃၂) ရပ်ကွက်၊ ဦးကြာမိငွ (၃) လမ်းပြောက်ဒဂုံမြို့နယ်
MBR, BR 2, ပြင်ဆင်ပြီး ရောင်းမည်။ (1350L)ညှိနှိုင်း၊
Ph : 09 5018457, 01 565322

---

**ကိုသန့်ဇင်**
**CAR RENTAL**

[illegible]

Ph:[illegible]

---

**ပြင်ဆင်ကြော်ငြာချက်**

[illegible] (Public Company) [illegible]

---

အမည် [illegible] Oracle [illegible]
ပြောင်း [illegible]



Hot Line No-0930500100

# အလေ့အကျင့်ကောင်းများဖြင့် တည်ဆောက်မှသာ ပြည်သူနှင့်နိုင်ငံတော်မှအားထားသည့် တပ်မတော်ဖြစ်လာမည်

သတင်း စာမျက်နှာ » ၅

ယနေ့ မာတိကာ

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆု၊ ထူးချွန်ဆုရရှိသူများ၏ ရင်တွင်းစကားသံများ

စာမျက်နှာ - ၆

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်လအတွင်း နိုင်ငံခြားသား ခြောက်သောင်းခန့် ရောက်ရှိဖူးမြော်

စာမျက်နှာ - ၁၀

# မဟာချက်ကရီသီရိဒ္ဒ မင်းသမီး ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုလေ့လာ



ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒ အလုံမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၆**

ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာပြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၇)အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

မဟာချက်ကရီသီရိဒ္ဒမင်းသမီးနှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ မဟာချက်ကရီသီရိဒ္ဒ မင်းသမီးသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# ဆွေးနွေးပွဲများပြုလုပ်ပြီး ကြိုတင်ကာကွယ်မှုများ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်မည့် သဘာဝတောင်ပြိုရေကန်အန္တရာယ်

ဆုနှင်းလဲ့

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုမှုနှင့် တောင်ပြိုမှုများဖြစ်ပေါ်ခဲ့ပြီး တောင်ပေါ်ဒေသအချို့တွင် သဘာဝတောင်ပြိုရေကန်ဖြစ်ပေါ်မှုများရှိခဲ့သည်။ ယင်းသို့ သဘာဝတောင်ပေါ်တောင်ပြိုရေကန်များ ပြိုကျနိုင်မှု ရှိ၊ မရှိနှင့် စိုးရိမ်စရာအခြေအနေ ရှိ၊ မရှိကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့များက သွားရောက်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ရာ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း စီးဝင်သည့် နေရဉ္စရာချောင်း၏ ချောင်းလက်တက်ဖြစ်သော တီးလုံချောင်းဖျားတွင် တောင်ပြိုသဖြင့် ချောင်းပိတ်ပြီး သဘာဝတောင်ပြိုရေကန်ကြီးတစ်ခုနှင့် ရေကန်ငယ်လေးခုကို တွေ့ရှိခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**



ချင်းပြည်နယ် တီးလုံချောင်းဖျားတွင်ဖြစ်ပေါ်ခဲ့သော သဘာဝတောင်ပြိုရေကန်အား ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်စစ်ဆေးပြီး တိုင်းတာနေစဉ်။ (ဆည်/မြောင်း)


# တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ဂါရတ်ဘေးလ်ဆွတ်ခူး

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ဝေလတိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ဝေလဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေဒဗလျူ)ကပေးအပ်သည့် တစ်နှစ်တာဝေလအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် အဆိုပါဆုအား ငါးကြိမ်မြောက်စံချိန်တင်ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ဝေလလက်ရွေးစင်အသင်းမှ ကစားသမားများနှင့် ပရိသတ်များကပေးသော တစ်နှစ်တာအကောင်းဆုံးဆုကိုလည်း ရရှိခဲ့သူဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလားမရရှိခဲ့ခြင်းကြောင့် လာလီဂါတွင် ၎င်း၏ ဒုတိယရာသီဖြတ်သန်းမှုမှာ ကြမ်းတမ်းခဲ့ရသည်။ သို့ရာတွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ဝေလအသင်းနှင့်အတူ ယူရို ၂၀၁၆

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ✱**




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
အောက်တိုဘာ ၇၊ ၂၀၁၅
စာမျက်နှာ-၁

# ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခမ်အင်ထန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မင်္ဂလာပါခင်ဗျား-**

ဒီကနေ့ မြန်မာနိုင်ငံရေးသမိုင်းမှာ ဇိုတိုင်းရင်းသားဆိုတဲ့ နာမည်နှင့် ပထမဆုံးအကြိမ် အခုလို ပါဝင်ခွင့်ရရှိတဲ့အတွက် ဇိုတိုင်းရင်းသားများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဦးစွာ ဇိုတိုင်းရင်းသားဆိုတဲ့ စကားရပ်ကို ရှင်းပြလိုပါတယ်။ အားလုံး သိရှိထားပြီး ဖြစ်တဲ့အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိပြီး ချင်းပြည်နယ်မှာ ၅၃ မျိုးအထိရှိပါတယ်။ အဲဒီ ၅၃ မျိုးထဲမှာ (ဇို) လူမျိုးစုဟာ တစ်ခုအပါအဝင်ဖြစ်သလို တစ်ချိန်တည်းမှာပဲ "ဇို" ဆိုတဲ့ စကားရပ်ဟာ ချင်းလူမျိုးစုအားလုံးကိုလည်း ကိုယ်စားပြုထားတဲ့အမည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် ချင်းပြည်နယ်ကို Zogam၊ ချင်းတွင်းမြစ်ကို Zogun၊ ခေါင်ရည်ကို Zo zu၊ ချင်းလူမျိုးကို Zo Minam စသည်ဖြင့် ချင်းနှင့် သက်ဆိုင်တဲ့ ဝေါဟာရရှေ့မှာ Zo ဆိုတဲ့စကားလုံးကို အမြဲသုံးစွဲလေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ချင်းဆိုတာ မြန်မာနိုင်ငံသားအားလုံးနှင့် ကမ္ဘာက သိရှိထားတဲ့ လူမျိုးရဲ့အမည်နာမဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်တော့ "ဇို"လို့ ခေါ်ဝေါ်သုံးစွဲပါတယ်။ "ဇို"တိုင်းရင်းသားဆိုတာ ချင်းတိုင်းရင်းသားလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ တစ်နည်းပြောရရင် ချင်းလူမျိုးများရဲ့ မူရင်းနာမည်ဟာ "ဇို"ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးကို သုတေသနပြုမှတ်တမ်းတင်ခဲ့တဲ့ အင်္ဂလိပ်သမိုင်းသုတေသီတွေရဲ့ မှတ်တမ်းမှာ အခုလိုဆိုထားပါတယ်။

There were a few British officers who tried to understand the people they were dealing with: outstanding among whom was Tom Lewin, who said;

"The generic name of the whole nation is Zo"

အဓိပ္ပာယ်ကတော့ အဲဒီဒေသခံလူတွေအကြောင်း နားလည်အောင် ကြိုးပမ်းခဲ့တဲ့ အင်္ဂလိပ်အရာရှိ အနည်းငယ်ထဲက အထင်ရှားဆုံးတစ်ဦးဖြစ်သူ Tom Lewin ရဲ့ အဆိုအရ-

အဲဒီဒေသတစ်ခုလုံးရဲ့ ယေဘုယျတူညီတဲ့ အခေါ်အဝေါ်ကတော့ Zo ဆိုတာပဲဖြစ်ပါတယ်လို့ ဖော်ပြထားပါတယ်။

ယခုအခါ Logo အကြောင်း အနည်းငယ်ရှင်းပြလိုပါတယ်။ Logo ရဲ့ ပုံသဏ္ဌာန်ဟာ ဒိုင်းပုံသဏ္ဌာန်ဖြစ်ပြီး အကာအကွယ်ပြုခြင်းလို့ အဓိပ္ပာယ်ဆောင်ပါတယ်။ Logo ရဲ့ထိပ်ဆုံးမှာ အင်္ဂလိပ်စာလုံးနဲ့ Z.N.R.D ဆိုတဲ့ စာတန်းကို တွေ့ရမှာဖြစ်ပါတယ်။ "ဇို"တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ (Zo National Region Development Party) ရဲ့ အတိုကောက်ဖြစ်ပါတယ်။ Logo ရဲ့ အောက်ခံအနီရောင်ဟာ "ဇို"တိုင်းရင်းသားအထိမ်းအမှတ်ပန်းဖြစ်တဲ့ တောင်ဇလပ်ပန်းရဲ့ အရောင်ဖြစ်ပါတယ်။ ရဲရင့်ခြင်းအဓိပ္ပာယ်ကိုလည်း ဆောင်ပါတယ်။

Logo ရဲ့ အလယ်မှာရှိတဲ့ နွားနောက်ချိုနှစ်ချောင်းရဲ့ကြား အဝါရောင်စက်ဝိုင်းထဲမှာ Zo ဆိုတဲ့စာလုံးကို တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းနိုင်ငံအသီးသီးမှာ လူမျိုးကိုယ်စားပြုတိရစ္ဆာန် (National Animal) ဆိုတာရှိပါတယ်။ ကျွန်တော်တို့ချင်း(သို့မဟုတ်) "ဇို"တိုင်းရင်းသားများအနေနှင့် နွားနောက်(သို့မဟုတ်) အောက်ချင်းငှက်ကို လူမျိုးအထိမ်းအမှတ် တိရစ္ဆာန်အဖြစ် အသုံးပြုခဲ့ကြပါတယ်။ ဒါပေမယ့် နွားနောက်သင်္ကေတဟာ သမိုင်းအထောက်အထားများအရ ပိုပြီး ရှေးကျတဲ့အတွက် နွားနောက်ချိုနှစ်ချောင်းကို ပါတီ Logo အနေနဲ့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ အလွယ်တကူ နားလည်နိုင်ဖို့အတွက် Zo စာလုံးကို အလယ်မှာရေးထည့်ထားခြင်းဖြစ်ပါတယ်။ အဲဒါကတော့ ပါတီ Logo နဲ့ ပတ်သက်တဲ့ မှတ်သားဖွယ်ရာအချက်များဖြစ်ပါတယ်။

အခုအခါ "ဇို"တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီရဲ့ရည်ရွယ်ချက်(သို့မဟုတ်) မူဝါဒကို တင်ပြလိုပါတယ်။ ဘယ်ပါတီမဆို ပါတီရဲ့အမည်အခေါ်အဝေါ်ကို ကြည့်လိုက်ရင် ပါတီရဲ့မူဝါဒကိုလည်း အကြမ်းဖျင်းခန့်မှန်းသိရှိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဆိုရင်လည်း ဒေသဖွံ့ဖြိုးရေးဆိုတဲ့ဟာကို အခြေခံထားတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးဆိုတဲ့ စကားကိုကြားလိုက်တာနဲ့ လူအများနားလည်တာက ကျောင်းဆောက်တာ၊ ဆေးရုံဆောက်တာ၊ တံတားဆောက်တာ၊ လမ်းဖောက်တာ စတဲ့ ရုပ်ဝတ္ထုတိုးတက်မှုတွေဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတိုးတက်မှုထက်ပိုပြီးတော့ အဓိကကျတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အခြေခံထားပါတယ်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို တစ်နည်းအားဖြင့် နိုင်ငံရေးအတွေးအခေါ်လို့လည်း ပြောလို့ရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံခေါင်းဆောင်ရဲ့ နိုင်ငံရေးအတွေးအခေါ် မူဝါဒအပေါ်မှာ လုံးဝအခြေခံထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အတွေးအခေါ်နဲ့ မူဝါဒကိုလေ့လာကြည့်မယ်ဆိုရင် အခြေခံအားဖြင့် နှစ်မျိုးနှစ်စားရှိပါတယ်။ ပထမအမျိုးအစားကတော့ လူကိုအခြေခံတဲ့ အမျိုးသားရေးဝါဒဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ နယ်မြေဒေသ (သို့မဟုတ်) တိုင်းပြည်ပိုင်နက်မြေကို အခြေခံတဲ့ တိုင်းချစ်ပြည်ချစ်ဝါဒဖြစ်ပါတယ်။ အမျိုးသားရေးကို အခြေခံတဲ့အတွေးအခေါ်နဲ့ ဝါဒကြီးထွားလာတဲ့အခါမှာ လူမျိုးရေးနဲ့ဘာသာရေး အစွန်းရောက်ဝါဒီတွေဖြစ်လာကြပါတယ်။ အဲဒီအမျိုးသားရေး အစွန်းရောက်ဝါဒကို အင်္ဂလိပ်ဘာသာနဲ့ (Fascism) မြန်မာမှုပြုရင် ဖက်ဆစ်ဝါဒလို့ခေါ်ပါတယ်။ ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ရင် အမျိုးသားရေးဝါဒ (သို့မဟုတ်) ဖက်ဆစ်ဝါဒရဲ့ နိဂုံးဟာ ဘယ်လောက်ပဲအင်အားကြီးနေပါစေ ပျက်စီးခြင်းနဲ့ပဲ နိဂုံးချုပ်တာ တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားရေးကိုအခြေခံတဲ့ ဥပဒေတွေဟာလည်း လူမျိုးတစ်မျိုးနဲ့ လူနည်းစုကောင်းကျိုးကိုပဲ ဦးစားပေးတဲ့အတွက် တည်တံ့ခိုင်မြဲခြင်းမရှိခဲ့ပါဘူး။ အကောင်းဆုံးဥပမာပေးရရင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။

အမျိုးသားရေးဝါဒီတွေ ဦးဆောင်ခဲ့တဲ့ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ဟာ စစ်ရှုံးတဲ့အတွက် စစ်လျော်ကြေးပေးဖို့ ဒဏ်ခတ်ခြင်းခံခဲ့ရပြီး ဒီကနေ့ ထိတိုင်အောင် မဟာမိတ်နိုင်ငံများရဲ့လက်အောက်မှာ ကြီးကြပ်ခံနိုင်ငံများအဖြစ် ရောက်ရှိခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ ကမ္ဘာအရပ်ရပ်မှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရဲ့ အဓိကအကြောင်းအရင်းဟာလည်း အမျိုးသားရေးဝါဒပဲဖြစ်ပါတယ်။

အမှန်ပြောရရင် အမျိုးသားရေးဝါဒ၊ မျိုးချစ်ဝါဒဆိုတာဟာ ယဉ်ကျေးမှုနဲ့ လူမှုရေးနယ်ပယ်နဲ့ပဲ သက်ဆိုင်ပါတယ်။ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့အတွက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိဖို့ လိုအပ်ပါတယ်။ ယဉ်ကျေးမှုဆိုတာက လူမျိုးတစ်မျိုးနဲ့သက်ဆိုင်တဲ့အရာဖြစ်ပါတယ်။ နိုင်ငံရေးနှင့် ဘာသာရေးဆိုတာ လူမျိုးတစ်မျိုးတည်းနဲ့ သက်ဆိုင်တာမဟုတ်ဘဲ လူမျိုးအားလုံးနဲ့ သက်ဆိုင်တဲ့အရာဖြစ်တဲ့အတွက် လူမျိုးတစ်မျိုးတည်းနဲ့ သက်ဆိုင်တဲ့ မျိုးချစ်စိတ်အမျိုးသားရေးဆိုတဲ့ဟာ ဝင်လာတာနဲ့ အဲဒီနိုင်ငံရေးနဲ့ ဘာသာရေးအဖွဲ့အစည်းတွေဟာ ပြဿနာပေါင်းစုံနဲ့ရင်ဆိုင်ပြီး ဆုတ်ယုတ်ပျက်စီးမှုများနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခု နယ်မြေဒေသ (သို့မဟုတ်) တိုင်းပြည်ပိုင်နက်မြေကို အခြေခံတဲ့ဝါဒဆိုတာနဲ့ ပတ်သက်လို့ တင်ပြလိုပါတယ်။ အဲဒီဝါဒကို အဓိပ္ပာယ်ဖွင့်ရင် တိုင်းချစ်ပြည်ချစ်ဝါဒ (သို့မဟုတ်) ဒီမိုကရေစီဝါဒလို့ အနက်ဖွင့်လို့ရပါတယ်။ နိုင်ငံအားလုံးမှာယဉ်ကျေးမှုနဲ့ ဘာသာရေးအယူအဆမတူတဲ့ လူမျိုးပေါင်းစုံ နေထိုင်လျက်ရှိကြတဲ့အတွက် တိုင်းပြည်နယ်မြေဒေသကို အခြေပြုတဲ့ ဝါဒ(သို့မဟုတ်)တိုင်းချစ်ပြည်ချစ်ဝါဒအခြေခံတဲ့အခါမှာ လူမျိုးအားလုံး အတူတကွ ပေါင်းစည်းပြီးသား ဖြစ်သွားပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတွေမှာ စည်းလုံးညီညွတ်ရေးဆိုတဲ့ စကားကို မပြောကြတော့ဘဲ တိုးတက်ဖွံ့ဖြိုးရေးနဲ့ လူ့အခွင့်အရေးကျယ်ပြန့်ဖို့ကိစ္စကိုပဲ အဓိကထားလုပ်ဆောင်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားရေးဆိုတာ လူမျိုးတစ်မျိုးနှင့် လူနည်းစုရဲ့ အကျိုးကိုသာ ရှေးရှုပြီး ဒီမိုကရေစီဆိုတာ လူမျိုးအားလုံးရဲ့ကောင်းကျိုးနဲ့ သက်ဆိုင်တဲ့အတွက်ဖြစ်ပါတယ်။

အတိုချုပ်ပြောရရင် အမျိုးသားရေးဝါဒ(သို့မဟုတ်) မျိုးချစ်ဝါဒကို အခြေခံနေသမျှ ကာလပတ်လုံး ဒီမိုကရေစီမထွန်းကားနိုင်ဘူးဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံမှာ နိုင်ငံတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖော်ဆောင်ကြိုးပမ်းနေချိန်မှာ မြန်မာနိုင်ငံသားအားလုံးအနေနဲ့ အမျိုးသားရေးဝါဒ၊ မျိုးချစ်ဝါဒတွေကို ပစ်ပယ်ပြီး တိုင်းရင်းသားအားလုံးပါဝင်နိုင်တဲ့ တိုင်းချစ်ပြည်ချစ်ဝါဒကို ပြောင်းလဲကျင့်သုံးဖို့ အချိန်တန်ပြီဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။




တိုင်းချစ်ပြည်ချစ်ဝါဒကို အခြေခံလို့ တိုးတက်လာတဲ့နိုင်ငံအချို့ကို တင်ပြရမည်ဆိုလျှင် အမေရိကန်၊ အိန္ဒိယ၊ စင်ကာပူ၊ အစ္စရေးစတဲ့ နိုင်ငံတွေပဲဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က ဖက်ဆစ်ဆန့်ကျင်ရေးဝါဒ (သို့ မဟုတ်) အမျိုးသားရေးဝါဒဆန့်ကျင်ရေးစနစ်တစ်ခု ထွန်းကားခဲ့ဖူးပါတယ်။ အချိန်ကာလအားဖြင့် ၁၉၄၈ ခုနှစ်ကစပြီး ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်ပဲကြာမြင့်ခဲ့ပါတယ်။ အဲဒီခေတ်ကာလကို ရှေ့မီနောက်မီ လူကြီးများက ခေတ်ကောင်းလို့ ခေါ်ဆိုခဲ့ကြပါတယ်။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်လေဆိပ် စတာတွေဟာ အာရှမှာ ထိပ်တန်းဖြစ်ခဲ့ပါတယ်။ ရန်ကုန်မြို့တော်ဟာလည်းပဲ ကမ္ဘာ့အလှပဆုံးမြို့တော်စာရင်းဝင်ဖြစ်ခဲ့ပါတယ်။ အဲဒါတွေဟာ ပြည်ချစ်ဝါဒ ဒီမိုကရေစီရဲ့ အသီးအပွင့်တွေပဲဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားရေးဝါဒ တစ်ဖန်ပြန်လည်ရှင်သန်ကြီးထွားလာခဲ့တဲ့အတွက် နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်တဲ့ နိုင်ငံရေးမတည်ငြိမ်မှု၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ အမြောက်အမြားပေါ်ထွက်လာပြီး မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံစာရင်းဝင်ဖြစ်ပွားခဲ့ရပါတယ်။ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအနေနဲ့ "ဇို" တိုင်းရင်းသားဒေသကို အခြေပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံကြီး ကမ္ဘာ့အဆင့်မီ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် အရေးကြီးဆုံးအချက်ဖြစ်တဲ့ တိုင်းချစ်ပြည်ချစ်ဝါဒ ပြန်လည်ရှင်သန်ရေးကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ တောင်ပေါ်ဒေသက စီးဆင်းလာတဲ့ မြစ်ငယ်၊ ချောင်းငယ်များ စုပေါင်းပြီး မြန်မာနိုင်ငံရဲ့ အလှဂုဏ်ကျက်သရေဆောင် ဧရာဝတီမြစ်မကြီး ဖြစ်လာသလို "ဇို"တိုင်းရင်းသားဒေသကနေစတင်တဲ့ တိုင်းချစ်ပြည်ချစ်ဝါဒဟာ မြန်မာနိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုနဲ့ ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်လာလိမ့်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ အထူးပြောကြားလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သီချင်းထဲမှာပါရှိတဲ့ စာသားများဟာ အလွန်အနှစ်သာရ ရရှိပြီး ဒေသပိုင်နက်မြေကြီးကို အခြေခံထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်သီချင်းရဲ့ နောက်ဆုံးအပိုဒ်မှာ-

ဒို့ပြည်၊ ဒို့မြေအကျိုးကို ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ၊ ဒို့တာဝန်ပေ
အဖိုးတန်မြေ။

ဆိုပြီး ကျွန်တော်တို့ရဲ့ ဘိုးဘွားမြေနှင့် တိုင်းပြည်ကို ချစ်တတ်ဖို့ ရည်ညွှန်းစပ်ဆိုထားပါတယ်။

အဲဒီထဲမှာ ကိုယ့်အမျိုးအကျိုးကိုပဲ ထမ်းဆောင်ရမယ်။ ကိုယ့်အမျိုးကိုပဲ ချစ်ရမယ်ဆိုတဲ့စာသားမျိုးမရှိပါဘူး။ အဲဒီ နိုင်ငံတော်သီချင်းထဲမှာပါရှိတဲ့ စာသားတွေကို အဓိပ္ပာယ်ရှိရှိလက်တွေ့အကောင်အထည်ဖော်မည်ဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ ကျွန်တော်တို့အားလုံး မျှော်မှန်းကြတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိလာမှာ မလွဲဧကန်ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ "ဇို"တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအနေနဲ့ ဒေသတစ်ခုအတွက် ကျောင်းဆောက်ပေးမယ်၊ တံတားဆောက်ပေးမယ်ဆိုတဲ့ ရုပ်ဝတ္ထုတိုးတက်မှုနဲ့သက်ဆိုင်တဲ့ ကတိကဝတ်တွေထက် တစ်တိုင်းပြည်လုံးတိုးတက်ဖို့ အရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မှန်ကန်တဲ့ နိုင်ငံရေးအတွေးအခေါ်၊ မှန်ကန်တဲ့ နိုင်ငံရေးဝါဒ ပြန်လည်ရှင်သန်လာရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသားအားလုံး ကိုယ့်အမျိုးကိုသာမချစ်ဘဲ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့ ပုဂ္ဂိုလ်များဖြစ်လာကြဖို့ ဆန္ဒပြု၍ နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ရွေးကောက်ပွဲကျင်းပရန် ၃၂ ရက်သာ လိုတော့သည်။**

# အမျိုးသမီးပါတီ(မွန်)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသမီးပါတီ(မွန်) ဥက္ကဋ္ဌ မိလယိုင်မွန်(ခေါ်)မိသန်းရှင်က ၎င်းတို့ ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါရှင်**

**ကျွန်မကအမျိုးသမီးပါတီ(မွန်) ဥက္ကဋ္ဌ မိလယိုင်မွန်(ခေါ်)မိသန်းရှင် ဖြစ်ပါတယ်။**

**လေးစားရပါသော မိဘပြည်သူများရှင်-**

အခုလိုအချိန်အခါသမယမှာ အမျိုးသမီးပါတီ(မွန်)ကိုယ်စား စကားပြောခွင့်ရသည့်အတွက် အမျိုးသမီးပါတီ(မွန်)အတွက်ရော အမျိုးသမီးထုအတွက်ပါ ကျေနပ်အားရမိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ အမျိုးသမီးပါတီ(မွန်)ကို ၈. ၁၀. ၂၀၁၅ ရက်မှ စတင်တည်ထောင်ခဲ့ပါတယ်။ တည်ထောင်ပြီးပြီးချင်း ပြည်သူများ၏ထောက်ခံမှုကို အရှိန်ဟုန်မြင့်မြင့် ရရှိခဲ့ပါတယ်။

**လေးစားရပါသော မိဘပြည်သူများရှင်-**

ကမ္ဘာ့လူဦးရေတွင် ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါထက်ဝက်ကျော်သော လူဦးရေတို့သည် အချို့သောဒေသနိုင်ငံများတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိခြင်း မရှိသေးသည်ကို တွေ့ရပါမည်။ အမျိုးသားနှင့် တန်းတူရည်တူအခွင့်အရေးမရရှိကြသော်လည်း မိသားစုတိုင်း/နိုင်ငံများ၏ တာဝန်များကို အမျိုးသားများနည်းတူ ထမ်းရွက်ကြသည်။ လိင်နှင့် ဖွဲ့စည်းတည်ဆောက်မှုအရ အမျိုးသားများထက်အားနည်းမှုကြောင့် အနိုင်ကျင့်ခံရမှုများကို အမြဲတစေခံစားကြရသည်။ တန်းတူရေးအရလည်း အန္တရာယ်ပိုမို ခံစားရလွယ်သည့် အုပ်စုဖြစ်သည်။ ပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခများ၏ ဒဏ်ကို အခံစားရဆုံးသောအုပ်စုလည်းဖြစ်သည်။

အဆိုပါ အမျိုးသမီးများတွင် မိခင်နှင့်တူသောမေတ္တာများ အပြည့်အဝရှိကြသည်။ သို့သော်လည်း အမျိုးသမီးများ၏ကဏ္ဍသည် နိုင်ငံခပ်များများတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းများတွင်လည်းကောင်း အရေးပေးခံရခြင်း အားနည်းလျက်ရှိပြီး အမျိုးသားများနည်းတူ တန်းတူရည်တူအခွင့်အရေးများ လက်လွတ်ဆုံးရှုံးလျက်ရှိသည်။ သို့အတွက် ကမ္ဘာကြီးတစ်ခုလုံးတွင်ရှိသော အမျိုးသမီးထုကြီးသည် ခွဲခြားမှုတစ်စုံတစ်ရာမရှိဘဲ အမျိုးသားများနည်းတူ အခွင့်အရေး ရရှိရန်လိုအပ်ပါသည်။ ပုခက်လွှဲသော မိခင်များ၏ လက်သည် ကမ္ဘာကိုအုပ်စိုးနိုင်သည့်အတွက် အခြေခံအဖြစ် တန်းတူရည်တူအခွင့်အရေး ရရှိရေးသည် မလွဲမသွေလိုအပ်လျက်ရှိပါသည်။

**အမျိုးသမီးပါတီ(မွန်)၏ ရည်ရွယ်ချက်-**

အမျိုးသမီးတို့၏ဘဝ၊ အမျိုးသမီးတို့၏ကဏ္ဍမြင့်တင်ရန်၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ မိမိတို့အစွမ်းအစများကို ဖော်ထုတ်နိုင်ရေး၊ ငြိမ်းချမ်းပြီးအေးချမ်းတည်ငြိမ်သော ကမ္ဘာကြီးဖြစ်လာစေရန် ကြိုးပမ်းရာတွင် အမျိုးသမီးများ၏ အမြင့်ဆုံးစွမ်းဆောင်နိုင်သည့် အရည်အချင်းများဖြင့် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ ကမ္ဘာကြီးကို အကျိုးပြုနိုင်ရန် ရည်ရွယ်ပါသည်။

**နိုင်ငံရေးမူဝါဒသဘောထား**

အမျိုးသမီးပါတီ(မွန်)၏ နိုင်ငံရေးမူဝါဒသဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသမီးတို့၏ ရပိုင်ခွင့်ကို လူသားတစ်ဦး၏ရပိုင်ခွင့်အတိုင်း အပြည့်အဝရရှိစေရန်။
(ခ) မတူကွဲပြားသည့် မျိုးနွယ်များအကြား အမျိုးသမီးတို့၏ တန်းတူရည်တူ ရပိုင်ခွင့်အတိုင်း အမျိုးသမီးများအားလုံး အပြည့်အဝ ရရှိစေရန်။
(ဂ) ကမ္ဘာပေါ်ရှိ အမျိုးသမီးများအားလုံးနှင့် အမျိုးသမီးပါတီများအကြား ကွန်ရက် ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန်။
(ဃ) အေးချမ်း တည်ငြိမ်ပြီး သာယာ ဝပြောသော လူ့ဘောင်ကြီး တည်ဆောက်ရန်။



**လေးစားရပါသော မိဘပြည်သူများရှင်-**

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီးတစ်ဝက်စီရှိကြပါသည်။ နိုင်ငံတည်ငြိမ်အောင်လုပ်သည့်နေရာတွင်ဖြစ်စေ၊ လူမျိုးတိုးတက်အောင်လုပ်ဆောင်သည့်နေရာတွင်ဖြစ်စေ အမျိုးသားရော အမျိုးသမီးပါ ပါဝင်ရပါမည်။ နိုင်ငံခေါင်းဆောင် ရွေးချယ်သည့်နေရာတွင်လည်း အမျိုးသားရော အမျိုးသမီးပါ ရွေးချယ်မှသာ သင့်လျော်မှန်ကန်သော ရွေးချယ်မှုမျိုးဖြစ်မည်။ ထို့ကြောင့် လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားရော အမျိုးသမီးပါ မျှမျှတတပါဝင်အောင် မဲထည့်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်ရှင်။

### အမျိုးသမီးပါတီ(မွန်)မှ ပေးပို့သော သီချင်းစာသား အဓိပ္ပာယ်

*(တို့ အမျိုးသမီးများဟာ အရည်အချင်းရှိတယ်။ ဖယောင်း အလင်းရောင်လို ထွန်းလင်းတောက်ပြောင်တယ်။ ရောင်ခြည်လည်း သန်းလာပြီး လောကကိုအလင်းရောင်လည်းပေးမယ်။ ကြီးပွားတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးသွားမယ်။*

*တို့ ကြိုးစားရမယ်ဟေ့။ တို့လည်း ကြိုးစားမယ်။ ဖယောင်းတိုင်အလင်းရောင်လို တို့သွားမည့်ခရီး အလင်းရောင်ပေးသွားမည်။)*

## ဦးနှောက်နှင့် နှလုံးသား

❊ ကြင်ဖက်သက်လျှာ၊ ရွေးသောခါဝယ်
မေတ္တာမဲ့လျက်၊ ကျိုးမြော်တွက်၍
စက်ရုပ်ပမာ၊ ခေါင်းသုံးကာဖြင့်
ရွေးပါနှင့်လား၊ နှလုံးသားမှာ
ခံစားချက်ရှိ၊ မြားချက်ထိမှ
ပီတိအချစ်၊ ကြင်သူစစ်လိမ့်. . .။

❊ အမတ်လောင်းကို၊ ရွေးမည်ဆိုသော်
သူ့ကိုလိုလား၊ နှလုံးသားဖြင့်
ခံစားနှစ်ခြိုက်၊ မရွေးလိုက်နှင့်
စရိုက်ဖြောင့်ရိုး၊ ရပ်ရွာကျိုးကို
သယ်ပိုးမည့်သူ၊ တွေးချင့်ယူ၍
ဉာဏ်ကူရွေးမှ၊ လူကောင်းရလိမ့်. . .။

❊ ဦးနှောက်နှင့် နှလုံးသား
နေရာမမှားဘဲ
ခွဲခြားတတ်စေ သုံးတတ်စေ။
မဲတန်ဖိုးပြည့် ရလိမ့်လေ။

**ကို(တက္ကသိုလ်)**

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းဖွင့်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန် တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးက ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် တာဝန်စည်းကမ်းချက်များ၊ မဲရုံလုံခြုံရေးနှင့် မီဒီယာစည်းကမ်းချက်များကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များအား အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးဝင်းသိန်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒုတိယအုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်တို့က ရွေးကောက်ပွဲဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး နှစ်ရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(IPRD)**

# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ရဟန်းရှင်လူ၊ မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။ မကြာမီမှာ မြန်မာနိုင်ငံအနာဂတ်အတွက် အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်များရဲ့ အဆုံးအဖြတ်ဟာ နိုင်ငံနဲ့ လူမျိုးရဲ့ အနာဂတ်ဖြစ်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကိုလေ့လာရင် သူ့နိုင်ငံ၊ သူ့အမျိုး အကျိုးစီးပွားအပေါ် ရပ်တည်လာခဲ့ကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လာမယ့်ရွေးကောက်ပွဲမှာ ဘယ်နိုင်ငံရေးပါတီတွေ၊ ဘယ်ကိုယ်စားလှယ်တွေက ကိုယ့်အမျိုးသားအကျိုးစီးပွားနဲ့ ကိုယ့်ဘာသာသာသနာ၊ ကိုယ့်ယဉ်ကျေးမှုအပေါ် ဘယ်လောက်ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ လိုပါလိမ့်မယ်။ ဒါကြောင့်မို့ မဲပေးရာမှာ ပါတီကိုလည်း လေ့လာ၊ ဦးဆောင်သူကိုလည်း လေ့လာ၊ ကိုယ်စားလှယ်လောင်းကိုလည်းလေ့လာပြီး လေ့လာခြင်းသုံးမျိုးနဲ့ ဆန္ဒမဲပေးကြရင် မှန်ကန်တဲ့ရွေးချယ်မှုဖြစ်မှာမို့ မြန်မာ့အနာဂတ်ကို အပြောင်းအလဲပြုနိုင်မယ့်သူတွေ ပိုပြီးပါဝင်လာနိုင်မှာဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ ဘာထူးခြားသလဲလို့မေးလာရင် နိုင်ငံတစ်ခုမှာ အရေးအကြီးဆုံးဖြစ်တဲ့ (၁)နိုင်ငံရေးစီမံခန့်ခွဲမှု၊ (၂)ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ (၃)စီးပွားရေးစီမံခန့်ခွဲမှု စတဲ့ ပညာရပ်သုံးမျိုးလုံးအပေါ် စာတွေ့၊ လက်တွေ့ မဟာဘွဲ့တွေအထိ အတွေ့အကြုံအများကြီး ပြည့်စုံထားကြသူများနဲ့ ဖွဲ့စည်းထားပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ပညာကို အခြေပြုပြီး ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သွားမယ့် ပညာအခြေခံ ရည်မှန်းချက်နဲ့ စုဖွဲ့ထားတဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်ပါတယ်လို့ ရဟန်းရှင်လူ မိဘပြည်သူတွေကို ဦးစွာအသိပေးလိုပါတယ်။

နောက်ထူးခြားချက်က ပါတီရဲ့ရည်မှန်းချက်က "အာဏာ"မဟုတ်ပါဘူး။ နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်တွေ လက်ထဲမှာရှိနေတယ်ဆိုတဲ့ ရည်မှန်းချက်တစ်ခုတည်းသာဖြစ်ပါတယ်။ ဒီနေ့ အနာဂတ်ဝေဝါးနေတဲ့ လူငယ်မျိုးဆက်သစ်တွေရဲ့လက်ထဲကို နိုင်ငံရဲ့အနာဂတ်ထည့်ပေးသွားဖို့ ကြိုးစားသွားမှာပါ။ နိုင်ငံရဲ့အနာဂတ်ခေါင်းဆောင်ငယ်တွေကို လေ့ကျင့်မွေးထုတ်ပေးသွားပြီး ပါတီကတစ်ဆင့် နိုင်ငံတာဝန်တွေကို ကျရာနေရာက တစ်ဆင့်ချင်းတက်လှမ်းထမ်းဆောင်စေနိုင်ဖို့၊ ဒီမိုကရေစီယဉ်ကျေးမှုကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ ကြိုးစားသွားမှာပါ။

နောက်ထူးခြားချက်က ပြည်သူရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကို ပြည်သူတွေကျေနပ်မှုမရှိတဲ့အခါ ကိုယ်စားလှယ်အဖြစ် ပြန်လည်ရုပ်သိမ်းခွင့်၊ အရွေးချယ်ခံကိုယ်စားလှယ်များရဲ့ ပိုင်ဆိုင်မှုကို အများသိကြေညာပေးခြင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအကြား ပျောက်ဆုံးနေတဲ့ အပြန်အလှန်ထိန်းကျောင်းစနစ်တွေကို အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ ပြည်သူ့အကျိုးအပေါ်အခြေခံပြီး ပြုပြင်ပြောင်းလဲရေးတွေကို ဦးဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူကိုအမှန်တကယ် အကျိုးဖြစ်ထွန်းစေမယ့် မူဝါဒနဲ့ ဥပဒေတွေကို ကဏ္ဍအလိုက်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်သွားပါမယ်။

**ပါတီရဲ့ အခြေခံရပ်တည်ချက်**အနေနဲ့ ၁၃၅ မျိုးလုံးသော တိုင်းရင်းသားတွေရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံသွားမှာဖြစ်ပါတယ်။ **အမျိုးသားအကျိုးစီးပွားဆိုတာ (နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး)** စတာတွေ အားလုံးပါဝင်ပါတယ်။ နိုင်ငံအသီးသီးက သူ့နိုင်ငံအကျိုးစီးပွားအပေါ် ရပ်တည်နေကြတာကြောင့် အမျိုးသားတိုးတက်ရေးပါတီအနေနဲ့လည်း ကိုယ့်နိုင်ငံအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသား ရပ်တည်သွားမှာဖြစ်ပါတယ်။ မူဝါဒ၊ အခြေခံရပ်တည်ချက်တူညီတဲ့ အခြားမည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ကိုလည်း ကြိုဆိုထားပါတယ်။

မူဝါဒအားဖြင့် တိုင်းရင်းသားများအကြား တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး စတဲ့ ပဋိပက္ခများ ချုပ်ငြိမ်းစေပြီး အားလုံးလက်တွဲတူညီစွာနဲ့ နိုင်ငံတော်ကိုတည်ဆောက်သွားကြဖို့၊ အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် နိုင်ငံရေးဝန်းကျင်သစ်၊ နိုင်ငံရေးယဉ်ကျေးမှုသစ်တွေ ဖန်တီးပေးခဲ့ဖို့ဖြစ်ပါတယ်။

**အမျိုးသားရေးကဏ္ဍ**အနေနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တွေကို မှန်မှန်ကန်ကန် ပြုစုပျိုးထောင်ပေးသွားမှာပါ။

တိုင်းရင်းသားများကဏ္ဍဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ လူမျိုးကြီး၊ လူမျိုးစု၊ ဒေသစွဲများကို ပျောက်ကင်းစေပြီး One Vision One Myanmar ဆိုတဲ့မြန်မာနိုင်ငံတစ်ခုတည်း ရည်မှန်းချက်တစ်ခုတည်း ဆိုတဲ့ပန်းတိုင်ကို ဖော်ဆောင်သွားပါ့မယ်။

**စီးပွားရေးကဏ္ဍ**ဟာ နိုင်ငံတစ်ခုမှာ အရေးအကြီးဆုံးထဲက တစ်ခုဖြစ်ပါတယ်။ မှားယွင်းနေတဲ့ လက်တွေ့မကျတဲ့ စီးပွားရေးမူဝါဒတွေကို ပြန်လည်ပြင်ဆင်သွားပါမယ်။ မှန်ကန်ပြီး ယှဉ်ပြိုင်မှုရှိတဲ့ ဈေးကွက်စီးပွားရေးကို ကျင့်သုံးသွားရပါမယ်။ လူတန်းစားသုံးရပ်စလုံးကို သက်ဆိုင်ရာလူတန်းစားများအလိုက် သိသိသာသာ တိုးတက်အောင်ဆောင်ရွက်သွားပါ့မယ်။ မြန်မာနိုင်ငံဟာတောင်သူလယ်သမား ၇၀ ရာခိုင်နှုန်းကျော် နေထိုင်ရာနိုင်ငံဖြစ်တဲ့အတွက် အထူးအလေးပေးဆောင်ရွက်ရပါလိမ့်မယ်။ နည်းပညာရယူပြီး အထွက်တိုးရေး၊ဈေးကွက်ကို တောင်သူလယ်သမားများနဲ့ တိုက်ရိုက်ချိတ်ဆက်ပေးရေး၊ လုံလောက်တဲ့ချေးငွေ ရရှိနိုင်ရေး၊ စိုက်ပျိုးရေးပညာများ ဖြန့်ဖြူးပေးရေးစတဲ့ နည်းစနစ်တွေကို ထိထိရောက်ရောက် အသုံးချသွားနိုင်ရင် တောင်သူလယ်သမားတွေရဲ့ ဘဝဟာကြီးကြီးမားမား သိသိသာသာ ပြောင်းလဲသွားပါလိမ့်မယ်။

လူလတ်တန်းစားများကိုလည်း လုပ်ငန်းသစ်များ ဖော်ထုတ်ပေးခြင်း၊ နည်းပညာနဲ့ အရင်းအနှီးရယူပေးခြင်း၊ နိုင်ငံတကာဈေးကွက်နဲ့ ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် ပညာရပ်များဖြန့်ဖြူးပေးခြင်း၊ ကျွမ်းကျင်သင်တန်းများ ပို့ချပေးခြင်းနဲ့ လူလတ်တန်းစားအလွှာ ပိုမိုကျယ်ပြန့် တိုးတက်သွားအောင် ဆောင်ရွက်သွားမှသာ မြန်မာ့စီးပွားရေးဦးမော့နိုင်မှာ ဖြစ်ပါတယ်။

အပေါ်လွှာမှာရှိတဲ့ လုပ်ငန်းရှင်ကြီးတွေကိုလည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေနဲ့ ချိတ်ဆက်ပေးပြီး ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်စီမံခန့်ခွဲမှုအတတ်ပညာများ ဖြည့်တင်းပေးရင်းနဲ့ သူတို့ရဲ့လုပ်ငန်း ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ပေးနိုင်ရင် သူတို့လုပ်ငန်းကျယ်ပြန့်လာတာနဲ့ အလုပ်လက်မဲ့ရာနှုန်းလျော့ကျစေပြီး ဆင်းရဲမှုကို လျှော့ချသွားနိုင်ပါလိမ့်မယ်။ အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ လူတန်းစားသုံးရပ်လုံးကို သင့်လျော်ရာ နည်းလမ်းတွေနဲ့ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးသွားမယ့် နည်းလမ်းတွေရှိထားပြီး စီးပွားရေးမှာ နိုင်ငံတော်ရဲ့ကဏ္ဍကိုလျှော့ချရင်း ပုဂ္ဂလိကကဏ္ဍကို အလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပညာရေးနဲ့ကျန်းမာရေးကဏ္ဍ**က မျိုးဆက်သစ်တွေအတွက် ရေရှည်စီမံကိန်းအဖြစ် အလွန်အရေးကြီးပါတယ်။ မှားယွင်းနေတဲ့ သင်ကြားရေးစနစ်ကို မူကြိုကအစ ပါရဂူတန်းတွေအထိ အကြီးအကျယ်ပြင်ဆင်ပါလို့မ်မယ်။ သင်ရိုးညွှန်းတမ်းကအစ ပြင်ဆင်ခြင်း၊ သင်ကြားစနစ် ပြောင်းလဲခြင်း၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ခြင်း သင်ကြားရေးထောက်ကူပစ္စည်းများ ပံ့ပိုးခြင်း၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး ပညာတော်သင်များ စေလွှတ်ခြင်း၊ နိုင်ငံတကာ ဆရာ ဆရာမများကို လာရောက်သင်ကြားစေခြင်းစတဲ့ အခြေခံကျကျ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးပိုင်းမှာလည်း ကုသရေးပိုင်း၊ စောင့်ရှောက်ရေးပိုင်း၊ ကာကွယ်ရေးပိုင်းတွေအပြင် နောက်ဆုံး သက်ကြီးရွယ်အိုများ စောင့်ရှောက်ပေးခြင်းစတဲ့ ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍ**ဟာ မြန်မာနိုင်ငံရဲ့ အခြေခံအကျဆုံးကဏ္ဍ ဖြစ်ပါတယ်။ အဲဒီကဏ္ဍကို တိုးတက်အောင် မလုပ်နိုင်သရွေ့ မြန်မာနိုင်ငံတိုးတက်နိုင်မှာ မဟုတ်ပါဘူး။ စာရွက်အပေါ်မှာသာမဟုတ်ဘဲ လက်တွေ့ကျကျ လယ်လုပ်သူတွေ "လယ်လုပ်ပိုင်ခွင့် ရှိစေရမယ်၊ လွတ်လပ်စွာ သီးနှံစိုက်ပျိုးနိုင်ရမယ်၊ လွတ်လပ်စွာ ရောင်းချနိုင်ရမယ်" စတဲ့ အချက်တွေကို အာမခံချက်ပေးမှာဖြစ်ပြီး နည်းပညာ၊ စိုက်စရိတ်၊ ဈေးကွက် ချိတ်ဆက်ပေးခြင်း စတာတွေကို ရေတို၊ ရေလတ်၊ ရေရှည်အဖြစ် စီမံကိန်းတွေ ချမှတ်ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

အလုပ်သမားများကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပေးနိုင်ရင် ဝင်ငွေပိုကောင်းစေနိုင်ပါတယ်။ အဲဒီကတစ်ဆင့် စီမံခန့်ခွဲသူများအဖြစ် လေ့ကျင့်တိုးတက်စေပြီး နောက်ဆုံးထူးချွန်သူတွေအနေနဲ့ ကိုယ်တိုင်လုပ်ငန်းရှင်များအဖြစ် ရောက်ရှိနိုင်ရေးကို ကူညီဆောင်ရွက်ပေးသွားပြီး သိသိသာသာ ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးသွားမယ့် နည်းလမ်းတွေ အမျိုးသားတိုးတက်ရေးပါတီမှာ ရှိနေပြီးဖြစ်ပါတယ်။

**အုပ်ချုပ်ရေးကဏ္ဍ**အနေနဲ့ အစဉ်အလာအတွေးအခေါ်ကို စွန့်လွှတ်သွားကြရပါလိမ့်မယ်။ ဗျူရိုကရေစီကို ကြီးကြီးမားမား လျှော့ချဖို့၊ အမှန်တကယ် အရည်အချင်းရှိသူကိုသာ တာဝန်ထမ်းဆောင်စေဖို့၊ ကိုယ့်အမှားကို ပြတ်ပြတ်သားသား တာဝန်ယူနိုင်ဖို့၊ လျော့နည်းနေတဲ့ ဦးဆောင်နိုင်စွမ်းတွေကို ပြန်လည်မြှင့်တင်ဖို့၊ နိုင်ငံတကာ အတွေးခေါ်၊ နိုင်ငံတကာ အလေ့အကျင့်တွေ ရရှိဖို့၊ နိုင်ငံတကာအုပ်ချုပ်ရေးစံနှုန်းတွေကို လိုက်ပါနိုင်အောင် ပြုပြင်ပြောင်းလဲသင့်တဲ့နည်းတွေ အမျိုးသားတိုးတက်ရေးပါတီမှာ ရှိနေပါတယ်။

ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဘက်မှာလည်း ပြုပြင်ပြောင်းလဲမှုတွေကို အခြေခံကစပြီး အများကြီးဆောင်ရွက်ဖို့ လိုနေပါတယ်။ နိုင်ငံစီးပွားရေး တိုးတက်ဖို့၊ လူငယ်များ စွမ်းရည်ပြန်လည်ထက်မြက်လာစေဖို့ လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းမှုတွေ ဆောင်ရွက်သွားဖို့ လိုပါမယ်။ တရားစီရင်ရေးပိုင်းမှာလည်း မှန်ကန်တဲ့တရားစီရင်ရေးကို ပြည်သူတွေ ခံစားနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံတကာ** ဆက်ဆံရေးမှာ ကြားနေဝါဒကို ဆက်လက်ကျင့်သုံးသွားပြီး နိုင်ငံကြီးတစ်ခုခုရဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ဩဇာအောက်မှ လွတ်ကင်းတဲ့နိုင်ငံဖြစ်ဖို့လိုပါတယ်။ နိုင်ငံတကာ နိုင်ငံရေး၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာ အချက်အချာကျတဲ့ အခြေအနေမှာ မြန်မာနိုင်ငံရှိနေတာကြောင့် အဲဒီအခွင့်အလမ်းကို အကောင်းဆုံးအသုံးချသွားပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွေ မြှင့်တင်သွားနိုင်မယ့် မူဝါဒအပေါ်ရပ်တည်ထားပါတယ်။ ငြိမ်းချမ်းရေးမရှိရင် နိုင်ငံမတိုးတက်နိုင်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်အောင် နည်းဗျူဟာ၊ မဟာဗျူဟာ အပြောင်းအလဲတွေနဲ့ ဆောင်ရွက်သွားနိုင်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီရဲ့ ထူးခြားချက်နောက်တစ်ခုကတော့ လူငယ်တွေရဲ့ အနာဂတ်ဟာ နိုင်ငံရဲ့အနာဂတ်ဆိုတာအပေါ် ယုံကြည်ထားတဲ့အတွက် အမျိုးသားတိုးတက်ရေးပါတီကို တစ်ဆင့်ချင်းလွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်စေဖို့ အခုကထဲကပဲ အသက်အရွယ် ၁၀ နှစ်ခြား မျိုးဆက်သုံးဆက်စာအတွက် လျာထားတည်ဆောက်ထားပြီးဖြစ်ပါတယ်။

ပညာအခြေခံလူ့အဖွဲ့အစည်းကသာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မှာကို ယုံကြည်တဲ့အတွက်ကြောင့်လည်း မဟာဘွဲ့အများစုနဲ့ တည်ဆောက်ထားတဲ့ အမျိုးသားတိုးတက်ရေးပါတီကို လာမယ့်သုံးနှစ်အတွင်း လက်တွေ့နဲ့ ပညာအခြေခံထားတဲ့ ပါရဂူအများစုနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီအဖြစ် တည်ဆောက်သွားပြီး နိုင်ငံနဲ့လူမျိုးရဲ့စီးပွားရေးကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်သွားနိုင်စေဖို့ အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါတယ်။

အရွေးချယ်ခံကိုယ်စားလှယ်တွေကို ပြန်လည်စုဖွဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အထူးပြုစေကြပြီး အရေးကြီးအရေးပါတဲ့ ဥပဒေတွေကို တွန်းတွန်းတိုက်တိုက်၊ ပြတ်ပြတ်သားသား ပြင်ဆင်သွားရင်းနဲ့ လွှတ်တော်ရဲ့ ယဉ်ကျေးမှု အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

**နိဂုံးချုပ်အနေ**နဲ့ ကျွန်တော်တင်ပြသွားချင်တာက ပထမအချက်အနေနဲ့ အမျိုးသားတိုးတက်ရေးပါတီဟာ နိုင်ငံတစ်ခုမှာ အရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီးပွားရေးရာစီမံခန့်ခွဲမှု အထူးပြုလေ့ကျင့်ထားတဲ့သူတွေအများစုနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ နိုင်ငံရေးပါတီဖြစ်တာမို့ ကျွန်တော်တို့ပါတီအနေနဲ့ လုပ်ပိုင်ခွင့် တစ်စုံတစ်ရာ ရရှိခဲ့မယ်ဆိုရင်ပညာကို အခြေခံပြီး သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုဆောင်ရွက်သွားမှာ ဖြစ်တာရယ်၊ ဒုတိယအချက်အနေနဲ့ လူမျိုး ၁၃၅ မျိုးလုံးနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး အမျိုးသားရေးလက္ခဏာများကို အခြေခံတဲ့ အမျိုးသားအကျိုးစီးပွားကို ဒီမိုကရေစီဘောင်ထဲက အလေးပေးဆောင်ရွက်သွားမှာ ဖြစ်တာရယ်၊ တတိယအချက်အနေနဲ့ နိုင်ငံရဲ့အနာဂတ်ကို ပိုင်ဆိုင်ကြမယ့် လူငယ်မျိုးဆက်သစ်တွေကို ထက်ထက်မြက်မြက်၊ မြော်မြော်မြင်မြင်၊ ပညာကြီးမားတဲ့ ခေါင်းဆောင်ငယ်တွေအဖြစ် လေ့ကျင့်မွေးထုတ်ပေးသွားမယ့် နိုင်ငံရေးပါတီဖြစ်ကြောင်း ရဟန်းရှင်လူ၊ မိဘပြည်သူများကို လေးနက်စွာ ကတိပေးတင်ပြလိုက်ရပါတယ်။

အဂတိလိုက်စားမှုနဲ့ သက်ဆိုင်သူတွေ အရည်အချင်းမပြည့်ဝမှုဟာ နိုင်ငံမဖွံ့ဖြိုးရခြင်းရဲ့အခြေခံအကျဆုံးသော အချက်တွေဖြစ်လို့ အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ အဲဒီအချက်အပေါ်မှာ အလေးအနက်ဆောင်ရွက်သွားမှာဖြစ်ပြီး လောလောဆယ် ပြည်သူတွေရင်ဆိုင်နေရတဲ့ ရာဇဝတ်မှုထူပြောခြင်း၊ မူးယစ်ဆေးဝါးပျံ့နှံ့လွှမ်းနေခြင်းများကိုလည်း အခွင့်အရေးပေးရင် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့မြန်မာနိုင်ငံကို စင်စစ် အမှန်တကယ် အပြောင်းအလဲဖြစ်တာကို မြင်ချင်တယ်ဆိုရင် တကယ့်စွမ်းရည်ရှိသူ အများစုပါဝင်မှသာ အောင်မြင်မှာမို့ မိဘပြည်သူများ မဲပေးကြရာမှာ ပါတီကိုလည်းကြည့်ပါ။ ဦးဆောင်သူကိုလည်း ကြည့်ပါ။ ကိုယ်စားလှယ်လောင်းကိုလည်း ကြည့်ပြီးမှ မှန်ကန်စွာ မဲပေးနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ရဟန်းရှင်လူမိဘပြည်သူအားလုံးကျန်းမာချမ်းသာကြပါစေ။ ။

# ရခိုင်မျိုးချစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ရခိုင်မျိုးချစ်ပါတီပထမခေါင်းဆောင် ဦးမောင်မောင်စောက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ကျွန်တော့်ရဲ့နာမည်က ဦးမောင်မောင်စောဖြစ်ပါတယ်။ ရခိုင်မျိုးချစ်ပါတီရဲ့ ပထမခေါင်းဆောင်ဖြစ်ပါတယ်။ ပါတီရဲ့ဗဟိုဌာနချုပ်က စစ်တွေမြို့မှာ တည်ရှိပါတယ်။

ကျွန်တော်တို့ ရခိုင်မျိုးချစ်ပါတီဖြစ်ပေါ်လာရတဲ့ သမိုင်းဖြစ်စဉ်လေးကို နည်းနည်းပြောချင်ပါတယ်။ ရခိုင်ပြည်ရဲ့ ရဟန်းရှင်လူပြည်သူအပေါင်းက တောင်းဆိုတိုက်တွန်းမှုကြောင့် ရခိုင်ပါတီနှစ်ခု ပူးပေါင်းခဲ့ကြပါတယ်။ အဲဒီပါတီနှစ်ခုကတော့ ရခိုင်ပြည်သူတွေလေးစားကြည်ညိုအားထားရတဲ့ ရခိုင်အမျိုးသားခေါင်းဆောင်ကြီးတွေရဲ့ အမျိုးသားရည်မှန်းချက်၊ ဦးတည်ချက်၊ ရပ်တည်ချက်တွေနဲ့ ခိုင်မာစွာဖွဲ့စည်းခဲ့တဲ့ ၁၉၉၀ ပြည့် အထွေထွေရွေးကောက်ပွဲမှာ မြန်မာတစ်နိုင်ငံလုံးရဲ့ တတိယမဲအများဆုံးနဲ့ အောင်နိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းတဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၂၀၁၀ ခု အထွေထွေရွေးကောက်ပွဲမှ မြန်မာတစ်နိုင်ငံလုံးရဲ့ တတိယမဲအများဆုံးနဲ့ အောင်နိုင်ခဲ့တဲ့ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ ဖြစ်ပါတယ်။ ရဟန်းရှင်လူပြည်သူအပေါင်းက တောင်းဆိုတိုက်တွန်းမှုကြောင့် ပူးပေါင်းလိုက်ကြပြီး ရခိုင်အမျိုးသားပါတီဖြစ်လာခဲ့ပါတယ်။ ဒီရခိုင်အမျိုးသားပါတီဟာ သံတွဲမြို့နယ်မှာ ပါတီညီလာခံကျင်းပခဲ့ကြပါတယ်။ ပါတီညီလာခံရဲ့ ရလဒ်ဟာ ရဟန်းရှင်လူ ပြည်သူအပေါင်းက မျှော်လင့်ခဲ့တဲ့ရလဒ်တွေနှင့် အလွဲကြီးလွဲနေပါတယ်။ သံတွဲညီလာခံရဲ့ ရလဒ်ဟာ ရဟန်းရှင်လူပြည်သူအပေါင်းမျှော်လင့်သလိုဖြစ်မလာတဲ့နောက်မှာ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေရဲ့ အနာဂတ်နိုင်ငံရေးဟာ အဲဒီနေရာမှာတစ်ခန်းရပ်သလိုဖြစ်သွားခဲ့ရပါတယ်။ ဒီလိုအနေအထားအခင်းအကျင်းတွေကြောင့် ရခိုင်မျိုးချစ်ပါတီဟာ ပြည်ထောင်စုနိုင်ငံရေးအခင်းအကျင်းနဲ့တကွ အဘက်ဘက်က ချွတ်ခြုံကျနေတဲ့ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေရဲ့ အခြေအနေတွေကို ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် ရခိုင်မျိုးချစ်ပါတီကို တည်ထောင်လိုက်ကြတာဖြစ်ပါတယ်။

ရခိုင်ပြည်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း BC ၃၃၀၀ ကျော်ကနေ AD ၁၇၈၄ ခုနှစ်ထိတိုင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ဘုရင်နိုင်ငံထူထောင်နေထိုင်ခဲ့တဲ့ တိုးတက်သောဘုရင့်နိုင်ငံတော် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဆိုတဲ့ ခေတ်ကြီးလေးခေတ်ကို စနစ်တကျတည်ထောင်နေထိုင်ခဲ့သော လူမျိုးကြီးတစ်မျိုးဖြစ်ပါတယ်။ ဒီလိုသမိုင်းအစဉ်အလာ တိုးတက်ကြီးကျယ်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးဟာ ဒီနေ့အချိန်အခါမှာ အဘက်ဘက်က ချွတ်ခြုံကျနေတဲ့အခြေအနေကို ရောက်နေပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုတာကို လေ့လာဆန်းစစ်ရင်း အနာဂတ်မှာ အောင်မြင်သော ရခိုင်လူမျိုးတွေရဲ့ လူ့ဘောင်သစ်ကိုဖန်တီးထုဆစ်ကြဖို့ ပြည်သူတွေနဲ့အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

## ပါတီနိုင်ငံရေးမူဝါဒနှင့် သဘောတရား

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ မြန်မာ (ဗမာ)၊ ရခိုင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်မှုဖြင့်သာ ထာဝရငြိမ်းချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုတဲ့ ပင်လုံအခြေခံမူပေါ်မှာ အခြေခံတဲ့ ပြည်ထောင်စုစနစ်မူဘောင်တစ်ရပ်ကို တည်ဆောက်နိုင်မှသာ မြန်မာနိုင်ငံရဲ့တာရှည်လှပြီဖြစ်တဲ့ ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။

## ပါတီရဲ့ ရည်ရွယ်ချက်

(က) စစ်မှန်ပြီး သဘောတရားပြည့်ဝသည့် လူမျိုးကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရာတွင် အပြည့်အဝပါဝင်ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသားများအားလုံး (ဗမာတိုင်းရင်းသားအပါအဝင်) နှင့် ပြည်ထောင်စုအရေး ဆောင်ရွက်ရာတွင် တန်းတူအနေအထားဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်၊

(ဂ) ရခိုင်လူမျိုး၊ မျိုးနွယ်စုဒေသခံဌာန တိုင်းရင်းသားများအားလုံး၏ ကာယ၊ ဉာဏနှစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထိုသူအားလုံးတို့၏ လုံခြုံအေးချမ်းမှုများအား ဆောင်ရွက်ပြီး စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်တည်ဆောက်ရန်၊

(ဃ) ဒီမိုကရေစီစနစ်နှင့် တန်းတူညီမျှရေးအား ကြိုးပမ်းဆောင်ရွက်ရန်၊

ဒီလို ရည်ရွယ်ချက်(၄)ရပ်နဲ့အတူ လုပ်ငန်းစဉ် (၁၉)ရပ်တို့နဲ့ ဆောင်ရွက်တည်ဆောက်သွားမှာဖြစ်ပါတယ်။

## ခြုံငုံသုံးသပ်ခြင်းနဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းကို အကြံပြုတိုက်တွန်းခြင်း

ရခိုင်မျိုးချစ်ပါတီအနေနဲ့ ရည်ရွယ်ချက် ရည်မှန်းချက်။ လုပ်ငန်းစဉ်များဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းဖြစ်စဉ်နဲ့ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွေကိုကြည့်လိုက်တော့ တော်တော်အလှမ်းကွာဝေးနေသလိုဖြစ်နေပါလိမ့်မယ်။ ဒါဟာ ပကတိအမှန်တရားပါပဲ။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရယူခဲ့တာဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရယူခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရယူခဲ့တဲ့လွတ်လပ်ရေးဟာ ပြည်ထောင်စုလက္ခဏာတွေ တရိပ်ရိပ်ပျောက်ကွယ်မှေးမှိန်လာတာကို တွေ့နေကြရပါတယ်။ ၁၉၄၇ ခုနှစ် ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်မှာ ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်မှာရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒီအခြေခံဥပဒေတွေထဲမှာ ပြည်ထောင်စုအနှစ်သာရတွေ တဖြည်းဖြည်းပျောက်ကွယ်လာတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ပြည်ထောင်စုရဲ့ ပကတိအမှန်တရားတွေဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စုရဲ့ အနှစ်သာရတွေ ပျောက်ကွယ်လာခြင်းဟာ လက်နက်ကိုင်တော်လှန်ရေးရဲ့ အဓိကဇာစ်မြစ်တွေဖြစ်ပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားတန်းတူညီမျှမှုမရှိခြင်းရဲ့ အခြေခံအကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက်၊ မှန်မှန်ကန်ကန် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ကွက်လပ်ကြီးတစ်ခုဖြစ်နေတဲ့ တိုင်းရင်းသားတန်းတူညီမျှရေး ဖန်တီးတည်ဆောက်ရေးဟာ တစ်ခုတည်းသော နိုင်ငံရေးအဖြေဖြစ်ပါတယ်။ ဒါဟာ လက်ရှိအစိုးရရဲ့ကြွေးကြော်သံ ဒို့တာဝန်အရေးသုံးပါးရဲ့ တည်ဆောက်ရေးအတွက် အဓိက အနှစ်သာရပါပဲ။ တိုင်းရင်းသား တန်းတူညီမျှရေးကို မဖန်တီး မတည်ဆောက်နိုင်ဘဲ ခရီးဆက်နေသရွေ့ကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအရွေ့ဟာ မုန့်လုံးစက္ကူကပ်ဖြစ်နေဦးမှာပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့နဲ့၊ မှန်မှန်ကန်ကန် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ကွက်လပ်ကြီးတစ်ခုဖြစ်နေတဲ့ တိုင်းရင်းသား တန်းတူညီမျှရေး ဖန်တီးတည်ဆောက်ရေးဟာ တစ်ခုတည်းသော နိုင်ငံရေး



အဖြေဖြစ်ပါတယ်လို့ ထပ်လောင်းပြောကြားချင်ပါတယ်။ ငယ်ငယ်တုန်းက မူလတန်းဖတ်စာထဲက စာကြောင်းလေးက အခုနိုင်ငံရေးထဲမှာထိ အကျိုးပြုနေတာတွေ့ရပါတယ်။

## နွံထဲ၌ လှည်းဘီးကျွံနေသည်၊ ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။

ကျွန်တော်တို့တွေရဲ့ နွံထဲနစ်ကျွံနေတဲ့ ပြည်ထောင်စုလှည်းဘီးကြီးကို အားလုံးညီညီညာညာ ပြိုင်တူတွန်းကြမှ ရွေ့ပါလိမ့်မယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းအရ လာမယ့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲထဲမှာ မဲထည့်ကြမယ့်ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်သူလူထုကို အကြံပြုတိုက်တွန်းချင်ပါတယ်။ အားလုံးမဖြစ်မနေမဲထည့်ကြပါလို့ ပထမအနေနဲ့ တိုက်တွန်းချင်ပါတယ်။ မဲတစ်ပြားဟာနိုင်ငံတည်ဆောက်လိုက်တာ၊ လူမျိုးကို တည်ဆောက်လိုက်တာ၊ တိုင်းပြည်ကို တည်ဆောက်လိုက်တာပါပဲ။ ဒါကြောင့်မို့လို့မဲပေးခွင့်ရှိသူတိုင်း ဖြစ်နိုင်အောင်မဲထည့်ပေးကြပါ။ မဲထည့်တဲ့နေရာမှာ အကြံပြုတိုက်တွန်းချင်တာက ရခိုင်ပြည်မှာ ရခိုင်ရင်ခွင်ကြားက ပေါက်ဖွားလာတဲ့ ပါတီနှစ်ခုရှိပါတယ်။ ကျွန်တော်တို့ ရခိုင်မျိုးချစ်ပါတီနဲ့ နောက်တစ်ခုကရခိုင်အမျိုးသားပါတီ။ ရခိုင်ပြည်သူလူထုကို အကြံပြုတိုက်တွန်းချင်တာကတော့ ဒီပါတီနှစ်ခုထဲက ကြိုက်တဲ့ပါတီကို ရွေးချယ်မဲပေးကြပါ။ ရခိုင်ပါတီတွေပါပဲ။ ရခိုင်ပါတီတွေထဲမှာတစ်ခါ လူကိုရွေးပါ။ မိမိမဲထည့်လိုက်မယ့်သူဟာ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးအတွက် ဘယ်လောက်ထိ အကျိုးပြုပေးနိုင်မှာလဲ၊ ဘယ်လောက်ထိ တာဝန်ယူနိုင်မလဲ ဆိုတာကို သေသေချာချာ ဝေဖန်ဆန်းစစ်ပြီးတော့မှ မိမိတို့ရဲ့ တန်ဖိုးရှိတဲ့ နှလုံးသွေးကြားက မဲတစ်ပြားကို တန်ဖိုးရှိရှိအသုံးပြုကြပါလို့ အကြံပြုတိုက်တွန်းချင်ပါတယ်။

လက်ရှိပကတိအနေအထားမှာ ရခိုင်ပြည်နဲ့ လူမျိုးရဲ့ အခြေအနေဟာ အဘက်ဘက်က ချွတ်ခြုံကျနေပါတယ်။ ဒါတွေရဲ့ လက်ရှိတောင်းဆိုမှုက ရခိုင်ပြည်နဲ့ရခိုင်လူမျိုးပြန်လည်တည်ဆောက်ရေးပါပဲ။ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုး ပြန်လည်တည်ဆောက်ရေးအတွက် အမျိုးသားစီမံကိန်းတွေ ရေးဆွဲချမှတ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေကို ရခိုင်အမျိုးသားပညာရေးစီမံကိန်းနဲ့ပြုစုပျိုးထောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ရခိုင်ပြည်နဲ့ရခိုင်လူမျိုး ပြန်လည်တည်ဆောက်ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုခေတ်ပညာတတ်တွေနဲ့ တိုင်းပြည်နဲ့လူမျိုးပြန်လည်တည်ဆောက်မယ့် ဆီမီးခွက်အမှတ်တံဆိပ်နဲ့တိုင်းသစ်ပြည်သစ် ထူထောင်မည့် ရခိုင်မျိုးချစ်ပါတီကို မဲပေးတာဟာ လုံးဝမမှားဘူးလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးကျင်းပသည့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ၏ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ (ခရိုင်အဆင့်)သင်တန်းအား ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ရာ မြောက်ပိုင်းခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးရဲမြင့်က လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်ကြာသင်တန်းပို့ချခဲ့ပြီး ယခုတက်ရောက်သည့် သင်တန်းသားများက မြို့နယ်အသီးသီးတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ဆင့်ပွားပြန်လည်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းမင်း)**

# ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် အသိပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်

**ကလေး အောက်တိုဘာ ၆**

မကြာမီကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် တရားမျှတသော ပြည့်စုံမှန်ကန်သည့် အခြေခံမဲဆန္ဒရှင်စာရင်းရရှိရန် ရည်ရွယ်၍ ကလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က သင်တန်းအဖွင့် အမှာစကား ပြောကြားသည်။

သင်တန်း၌ ကလေးခရိုင် ကလေးဝ၊ မင်းကင်းမြို့နယ်တို့မှ သင်တန်းသားသင်တန်းသူ ၅၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**